www.burmeseclassic.com

# ပျို့ဒီရင်း

ပတ်တိုင်း
ယောက်ကျား



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၁၆၀၂၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၄၇၀၃၁၂ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | မေလ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | အာကာ |
| အဖုံးဖလင် | - | EAGLE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့်<br>မျက်နှာဖုံးပုံနှိပ် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂)<br>ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ (မြ-၀၄၂၃၂)<br>အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

## ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

**ပန္နမ်ဒီရိုင်း**

ပတ်တိုင်းယောက်ျား / ပန္နမ်ဒီရိုင်း – ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၅၀ – စာ၊ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) ပတ်တိုင်းယောက်ျား


www.burmeseclassic.com

www.burmeseclassic.com

မိဘရင်ငွေ့

နွေးထွေးမှု ခြွတ်ခြုံကျတာလောက်

ဘဝမှာ ...

ဘယ်လောက် ဆိုးလိုက်သလဲကွယ်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

တုမန္တိုင်း တော်တော်ပေါက်ကွဲနေပြီ။ သည်ကိစ္စကို အတန်တန် တားသည့်ကြားကနေ သည်လိုလုပ်လိုက်တာ ရင်ထဲမှာ အပ်အစင်းပေါင်း များစွာနှင့် ထိုးသလို တဆစ်ဆစ်နှင့် နာကျင်နေသည်။ လုပ်ပုံကလည်း ကြည့်ဦးလေ။ တုမန္တိုင်း၏ ဖခင်ဖြစ်သူ ဦးဘုန်းနိုင်က သူ၏ငယ်ချစ်ဖြစ် သော ဒေါ်လေးမြတ်နှင့် သည်နေ့ ရုံးတက်လက်မှတ်ထိုး လက်ထပ်သည်။ မိခင်ကွယ်လွန်သွားတာ ဆယ်နှစ်ကျော်ပေမယ့် ဖခင်ဝတ္တရားမပျက်ကွက် သူက ယခုဒေါ်လေးမြတ်ဆိုသော ငယ်ချစ်ဟောင်း နိုင်ငံခြားက ပြန်လာ တာတည်းက အရင်လို မဟုတ်တော့။

သည်ဒေါ်လေးမြတ်ဆိုသော မိန်းမရောက်လာမှ ဖခင်ဦးဘုန်းနိုင် ထံမှ ရင်ဖွင့်စကားတွေ အပီကြားရတော့သည်။

တုမန္တိုင်း၏မိခင်ကို ချစ်လို့ယူခဲ့တာမဟုတ်ဘဲ မိဘတွေက အတင်း အကျပ်ပေးစားလို့ ယူခဲ့ရတာ။ သည်ဒေါ်လေးမြတ်ဆိုသော အမျိုးသမီးက ရင်နာနာနှင့် သူမဖခင်ကို စွန့်ခွာပြီး အပျိုကြီးဘဝနှင့် နိုင်ငံခြားမှာ အလုပ် သွားလုပ်ရင်းက ပြန်ဆက်သွယ်မိတာဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



တုမန္တိုင်း၏ မိခင်နေရာကို အစားထိုးဝင်ရောက်လာမည့် မိန်းမသားတစ်ဦးကို တုမန္တိုင်းက ဘယ်လိုနည်းနှင့်မှ လိုက်လိုက်လှဲလှဲ ကြိုဆိုလို့မရပါ။

ဖခင်ဦးဘုန်းနိုင်၏ ကြွယ်ဝမှုတွေကို လိုချင်တပ်မက်လို့ နိုင်ငံခြားမှ ဝင်ငွေကောင်းနေသည့် အလုပ်ကိုစွန့်ခွာပြီး ဒေါ်လေးမြတ်ဆိုသူက အပိုင်ဖမ်းတာမျိုးကို တုမန္တိုင်း ဘယ်လိုမှ လက်မခံနိုင်။

တုမန္တိုင်း ဘာဆိုတာလဲဆိုတာကိုတော့ သိသွားအောင် နည်းနည်းတော့ သင်ခန်းစာ ပို့ချချက် ပေးရပါဦးမယ်။

❑

တုမန္တိုင်း နည်းနည်းတော့ ဝမ်းနည်းချင်သလို ဖြစ်သွားသည်။ အရင်တုန်းက ထမင်းစားခန်းထဲရှိ စားပွဲခုံညာဘက်က ထိုင်ခုံမှာ မိခင်ဖြစ်သူ ထိုင်နေကျနေရာမှာ သည်မနက်မှာတော့ ဒေါ်လေးမြတ်ဆိုသူက အခန့်သား ထိုင်နေလို့ပါ။ သူ့မဘေးနားက ထိုင်ခုံမှာတော့ ဖခင်ဖြစ်သူဦးဘုန်းနိုင်က ကျေနပ်ပီတိအမူအရာမျိုးနှင့် ရှိနေလို့။

"သမီး . . . ထိုင်လေ၊ ဒီနေ့ ဘယ်သွားဖို့ ရှိသလဲ၊ မရှိရင် ဒယ်ဒီတို့နဲ့ လိုက်ခဲ့၊ ဟောဒီက သမီးရဲ့ မာမီအသစ် ဒေါ်လေးမြတ်က နေ့လယ်စာ အပြင်မှာ လိုက်ကျွေးမလို့တဲ့"

ဖခင်ဖြစ်သူ ဦးဘုန်းနိုင်စကားကြောင့် တုမန္တိုင်း နည်းနည်းစိတ်တိုသွားပါသည်။ သည်ဒေါ်လေးမြတ်ဆိုသော အမျိုးသမီးကျွေးမှ စားရမည့် အနေအထားလား။ အရင်တုန်းက သူ့မဖခင် ကျွေးနေကျဟာ အခုမှ ဘယ်လိုဖြစ်ကုန်သလဲမသိ။

"ဒီမှာ ဒယ်ဒီ . . . သမီးရှင်းရှင်းပဲ ပြောမယ်၊ သမီးရဲ့မာမီမဟုတ်တဲ့ သူတစ်ယောက်နဲ့ သမီးအတူအတူ မစားနိုင်ဘူး၊ ဒယ်ဒီရှင် . . .



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့မာမီရယ် . . . သမီးနဲ့ဆို စားနိုင်ပါတယ်၊ ဒါပေမယ့် သမီးရဲ့မာမီ မရှိတော့ ဒီလိုမျိုးစားဖို့ မလိုတော့ဖူးပေါ့"

တုမန္တိုင်းစကားကြောင့် ဦးဘုန်းနိုင် မျက်နှာပျက်သွားပြီး အသစ်စက်စက် ဇနီးမယားဒေါ်လေးမြတ်အပေါ် အားနာသလို ဖြစ်သွားပါသည်။

"သမီး ဒီလို မပြောရဘူးလေ၊ သမီး ဇရဲကြီးမှာ မကြောက်ဘူးလား၊ သမီးရဲ့မာမီမှ မရှိတော့တာ၊ သမီးကို အစစအရာရာ စောင့်ရှောက်နိုင်ဖို့ ဒယ်ဒီက ဟောဒီက မလေးနဲ့ လက်ထပ်ခဲ့ရတာ၊ သမီးရဲ့ရှေ့ရေးတွေလည်း ပါတယ်"

"ဒယ်ဒီရာ သမီးက ကလေးမှ မဟုတ်တာ၊ ဘွဲ့လည်း ရပြီးပြီ၊ ကိုယ့်ကိုကိုယ် စဉ်းစားဆင်ခြင်ဆုံးဖြတ်တတ်ပါတယ်၊ မလိုပါဘူး . . . သမီးရဲ့ဘဝမှာ သမီးရဲ့မာမီနေရာကို ဘယ်သူမှ အစားထိုးမခံနိုင်ဘူး"

တုမန္တိုင်းက စိတ်ထဲခံစားရသမျှ ပြောချပြီး ထွက်သွားတာကို ဦးဘုန်းနိုင်က စိတ်ညစ်နေသည့် ပုံစံမျိုးဖြစ်နေပေမယ့် ဒေါ်လေးမြတ်ကတော့ ဘာမှမဖြစ်သလို ပုံစံမျိုးနှင့် ပြုံးလို့သာနေပါသည်။

❑

သည်ရက်တွေအတွင်းမှာ တုမန္တိုင်း စိတ်လေနေပါသည်။ ဟိုသွားလိုက်၊ ဒီသွားလိုက်နှင့် အိမ်မှာနေတာ သိပ်မရှိ။ သူငယ်ချင်းတွေအိမ်သွားလိုက်၊ Shopping ထွက်လိုက်၊ ဈေးထဲသို့ သွားလိုက်၊ တောင်သမန်အင်းသွားလိုက်၊ ပြင်ဦးလွင်သွားလိုက်နှင့် လည်စရာပတ်စရာ မန္တလေးတစ်မြို့လုံး ကုန်သလောက်ရှိနေပြီ။

သည်အထဲ အခင်ဆုံး သူငယ်ချင်းနှစ်ယောက်က ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ အလုပ်ရသဖြင့် မန္တလေးမှာမရှိတော့ အပီအပြင် ပျော်ဖွင့်ရမည်သူက မရှိ။

www.burmeseclassic.com



အခုလည်း ကြည့်ဦး။ အိမ်ပြန်လာတော့ တုမန္တိုင်း မနှစ်သက်သည့် ဒေါ်လေးမြတ်က ဖခင်ဖြစ်သူနှင့် ခြံဝင်းထဲမှာရှိသော မြက်ခင်းပြင်စားပွဲမှာ ခုံတစ်လုံးစီနှင့် အတူတူထိုင်ပြီး ရယ်ကာမောကာနှင့် အကြည်ဆိုက်နေကြတာ။ သည်မြင်ကွင်းက ဘယ်လိုမှ ကြည့်လို့မကောင်း။

"သမီး . . . ဒီကို ခဏ"

အရေးထဲ ဖခင်ဖြစ်သူက ဘာကိစ္စရှိလို့ ခေါ်သလဲမသိ။ ကားကို ဂိုဒေါင်ထဲထည့်ပြီး အိမ်ထဲဝင်မလိုလုပ်ရင်း လှမ်းခေါ်သဖြင့် သူမတွေ့ချင်မမြင်ချင်သော ဒေါ်လေးမြတ်ဆိုသော မိန်းမကြီးနှင့် မျက်နှာချင်းဆိုင်တွေ့ရဦးမည် ဖြစ်သည်။

"ကဲ . . . ဒီခုံမှာထိုင်ဦး၊ သမီးကို ဒယ်ဒီ ဆုံးမစရာရှိတယ်"

တုမန္တိုင်းက ခုံအလွတ်မှာ ဝင်ထိုင်လိုက်ရင်း . . .

"ဘာဆုံးမစရာရှိလို့လဲ . . . ဒယ်ဒီ"

"အခုရက်တွေမှာ သမီးက အိမ်မှာမရှိဘဲ အပြင်မှာချည်း ဖြစ်နေတယ်၊ ဒါဟာ မိန်းကလေးတစ်ဦးအနေနဲ့ မဖြစ်သင့်ဘူး၊ အဲဒါမျိုးရေရှည်ဖြစ်သွားရင် သမီးဒုက္ခရောက်လိမ့်မယ်၊ သမီး . . . ဒီနေ့ကစပြီးဆင်ခြင်ပါ"

ဖခင်ဖြစ်သူ ဦးဘုန်းနိုင်က သတိပေးစကားကို ဒေါ်လေးမြတ်ရှေ့မှာ ပြောသဖြင့် တုမန္တိုင်း ဝမ်းနည်းချင်သလို ဖြစ်သွားပါသည်။

"ဒယ်ဒီ သမီးခံစားနေရတာတွေ ဘယ်လောက်ကိုယ်ချင်းစာနိုင်ပေးသလဲ၊ မိဘရင်ငွေ့ ခြွတ်ခြုံကျတာလောက် သမီးရဲ့ဘဝဟာ ဘယ်လောက်ဆိုးသလဲ၊ ဒယ်ဒီ စာနာပေးပါ"

"သမီးကို ဒယ်ဒီ အစစအရာရာ ဖြည့်ဆည်းပေးခဲ့တာပဲလေ၊ ဒယ်ဒီဘက်က ဘာလိုအပ်ချက်ရှိခဲ့လို့လဲ"

"ရှိတာပေါ့ ဒယ်ဒီရဲ့၊ အခုရက်တွေမှာ ဒယ်ဒီက သမီးကို အရင်ကလောက် ဂရုစိုက်သလားပြော၊ သူစိမ်းရောက်လာတော့ သူစိမ်းဆီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက ရှိနေတာ"

"သမီး . . . မလေးကို ဒီလိုမပြောနဲ့၊ သမီးမှားမယ်"

ဦးဘုန်းနိုင်က ဒေါ်လေးမြတ်ကို ကြည့်ရင်းက ဝင်ဟန့်ပါသည်။

"ပြောပါစေ ကိုဘုန်းနိုင်ရယ်၊ သူ့ခံစားချက် သူရင်ဖွင့်တာ သူ့အမှန်တရားပါ၊ သူ့အဖို့ ဒီလောက်တော့ ခံစားပြောဆိုခွင့်ရှိတာပေါ့၊ မလေးနားလည်ပေးပါတယ်၊ ဒီလိုနားလည်ပေးလို့လည်း မလေးက ကိုဘုန်းနိုင်ကို ဒီအရွယ်ရောက်မှ လက်ထပ်ခဲ့တာပါ"

တုမနိုင်း နည်းနည်း 'တင်း'သွားပါသည်။ ဒေါ်လေးမြတ်ဆိုသော မိန်းမကြီးက သူမကို ပျားရည်နှင့် ဝမ်းချနေပြီလို့။

"ဒီမှာ ဒေါ်လေးမြတ်၊ ကျွန်မကို ဒီလိုစကားမျိုးတွေပြောလို့ ကျွန်မကျေနပ်မယ်လို့ ထင်နေသလား . . . ဝေးသေး"

"သမီး . . . အဲ့ဒီလို သူများက စေတနာမေတ္တာနဲ့ ပြောတာကို မစော်ကားရဘူး၊ မဖြစ်သေးပါဘူး သမီးကိုတော့ ခြေငြိမ်အောင် အလုပ်တစ်ခုခု ခိုင်းရမယ်"

မထင်မှတ်ဘဲ ဖခင်ဦးဘုန်းနိုင်ထံမှ အလုပ်လုပ်ခိုင်းမည်ဆိုသော စကားကို ဘယ်တုန်းအခါဘူးမှ မပြောဖူးဘဲ ယခုမှပြောသဖြင့် တုမနိုင်း ဝမ်းနည်းပြီး မျက်ရည်ကျလာသည်။

"ဩော် . . . ဒယ်ဒီက တစ်ခါဖူးမှ အလုပ်မခိုင်းဖူးတဲ့ သမီးကို အခုအလုပ်တွေဘာတွေ လုပ်ခိုင်းပြီပေါ့လေ၊ ဒီအိမ်မှာတောင် နောက်ဆို နေခိုင်းပါ့မလား မသိဘူး၊ သမီး အလုပ်လုပ်မယ်၊ ဒီမှာတော့ မဟုတ်ဘူး"

တုမနိုင်းက ငိုယိုပြောဆိုရင်း အိမ်ထဲသို့ ပြေးဝင်သွားတာကို ကြည့်ပြီး ဦးဘုန်းနိုင်တစ်ယောက် ကျောက်ရုပ်တစ်ရုပ်လို ဘာစကားမှ ဘာလှုပ်ရှားမှုမှမရှိဘဲ ဖြစ်သွားတာကို ဒေါ်လေးမြတ်က နှစ်သိမ့်စကား ဆိုနေရပါတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ချက်ချထားတဲ့

ကတိစကားတော်တော်တော်များများကို

ဘယ်သူတွေ တိမ်မြုပ်အောင်

လုပ်ခဲ့ကြလေပြီလဲ မသိ။

ကိုယ့်ဖြစ်တည်မှုနဲ့

ကိုယ့်ရဲ့စံယူချက်ကိုတော့

ဘယ်တော့မှ

တိမ်မြုပ်အောင် မလုပ်ပါဖူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် ခင်မေလတ်နှင့် မြသက်မူတို့က တုမ္နှိုင်းတစ်ယောက် မန္တလေးကနေ ရန်ကုန်ရှိ သူမတို့နှစ်ဦးသား ငှားနေသည့် မိန်းကလေးအဆောင်အိမ်သို့ ရောက်လာသဖြင့် အံ့အားတသင့် ဖြစ်နေကြသည်။

"တုမ္နှိုင်းရယ် . . . ဘယ်လိုဖြစ်လို့ အထုပ်တွေ၊ အပိုးတွေနဲ့ ဒီကို ရောက်လာရတာလဲ"

ခင်မေလတ်က တုမ္နှိုင်း ရောက်လာတာကို သိချင်သဖြင့် မေး လိုက်သည်။

"ငါ့အဖြစ်က မပြောချင်ပါဘူးဟာ"

တုမ္နှိုင်းက မန္တလေးအိမ်ကနေ ထွက်လာတာကို အကြောင်းစုံ ရှင်းပြပြီးသောအခါ မြသက်မူက . . .

"နင် . . . ဒီကိုထွက်လာတာ နင့်ရဲ့အဖေ သိလား"

"ငါ အကျိုးအကြောင်းစုံကို စာရေးထားခဲ့တယ်၊ ငါ့မှာမိဖဟုတ် တဲ့ မိန်းမတစ်ယောက် အိမ်မှာရှိနေတာကို ငါဘယ်လိုနည်းနဲ့မှ လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ ပြီးတော့ ငါ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်တယ်၊ အဲဒီလို ရပ်တည်နိုင်အောင် ငါ့ဒယ်ဒီက ငါ့ကို တွန်းအားပေးလိုက်တာပဲ"

"မဟုတ်သေးပါဘူးဟယ်၊ နင့်အဖေက နင့်ကို စေတနာနဲ့ပြောတာ ဖြစ်မယ်နော်"

မြသက်မူက သူမထင်မြင်ချက်ကို ပြောလိုက်သည်။

"နင်မသိပါဘူး မြသက်မူရယ်၊ ဒယ်ဒီက သူ့မိန်းမရှေ့မှာ ငါ့ကို နှိမ်တာ၊ ငါ့ကို အိမ်မှာ မနေစေချင်လို့ ဖြစ်ရမယ်"

"ဟဲ့ . . . နင့်အဖေက နင့်ကို ချစ်လွန်းလို့ ဒီလောက်အလိုလိုက်ထားတာပဲဟာ"

"ခင်မေလတ်ရယ် အဲ့ဒီလို အလိုလိုက်ရင် ဒယ်ဒီက နောက်မိန်းမ ယူစရာလိုမလား၊ ငါ ဒီရန်ကုန်မှာ အလုပ်တစ်ခုရအောင်လုပ်မယ်၊ အလုပ်မရခင်စပ်ကြားတော့ ဒီဘဏ်စာအုပ်ထဲက ပိုက်ဆံပဲ သုံးရမှာပေါ့၊ ဒီကြားထဲ အလုပ်ရှာမယ်၊ နင့်တို့ကလည်း ဝိုင်းကူညီပေးဦး၊ ပြီးတော့ နင်တို့နဲ့ ဒီအဆောင်မှာပဲ အတူတူနေမယ်"

တုမန္တိုင်းက သူ့ရည်ရွယ်ချက်တွေကို ပြောပြရလို့လားမသိ ရင်ထဲ ပေါ့သွားသလိုပင်။

"နင့်အဖေတော့ နင့်အတွက် စိတ်ပူနေတော့မှာပဲ"

"ဘာမှပူစရာ မလိုပါဘူးဟာ၊ ငါ့ရဲ့ ဟမ်းဖုန်းတောင် ငါက အိမ်မှာပဲ ထားခဲ့တာ၊ ဖုန်းရှိနေရင် အဆက်အသွယ်လုပ်မှာစိုးလို့၊ မိဘ အရိပ်ကို မခိုဘဲ ငါအလုပ်လုပ်ပြမယ်လို့ စာထဲမှာ ကြွေးကြော်ခဲ့တယ်၊ ရန်ကုန်ကို လိုက်လည်းမလာပါနဲ့လို့ ရေးထားခဲ့တယ်"

"အေးပါ . . . တုမန္တိုင်း၊ နင့်ရည်ရွယ်ချက်အတိုင်း နင်ဖြစ်အောင် လုပ်ပေါ့၊ ငါတို့ သူငယ်ချင်းသုံးယောက် ဒီအဆောင်မှာ စုစုစည်းစည်းနေတာ ပိုကောင်းတာပေါ့လေ"

မြသက်မူက တုမန္တိုင်း၏ ခရီးဆောင်အိတ်တွေကို ခင်မေလတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ သူမတို့အခန်းထဲသို့ သယ်ဆောင်သွားသည်။

ပြီးတော့ အဆောင်ပိုင်ရှင်ကို အကျိုးအကြောင်းပြောဖို့ တုမန္တိုင်းကို ခေါ်သွားသည်။ အဆောင်ပိုင်ရှင်ကလည်း လက်ခံသဖြင့် တုမန္တိုင်း ကျေနပ်သွားမိသည်။

တုမန္တိုင်း၏ ဘဝသစ်ကို စရမယ့်အချိန် ရောက်ပြီလို့။

❑

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မည်ဟု ခံယူထားသော တုမန္တိုင်းတစ်ယောက် အဆောင်ကို စရောက်သည့် နှစ်ရက်သုံးရက်အတွင်း မှာပဲ ဇနက္ကမင်းသား သင်္ဘောပျက်သည့်ကိန်းနှင့် ကြုံသလိုမျိုး ဖြစ်တော့ သည်။

အိမ်မှာတုန်းက ဘာမှမလုပ်ခဲ့ရလေသမျှ အဆောင်ရောက်တော့ မှ ကိုယ်ထူကိုယ်ထစနစ်ကြောင့် အလွဲလွဲအချော်ချော်တွေ ဖြစ်တော့သည်။ အဆောင်မှာက ထမင်းနှင့်ဟင်းကို ချက်စားခွင့်ပြုသဖြင့် အဆောင်နေ မိန်းကလေးတွေ တော်တော်များများက ကိုယ်တိုင်ချက်ကြသည်။ ထမင်း နှင့်ဟင်း မချက်တတ်သော တုမန္တိုင်းအဖို့ အပြင်ဆိုင်ကချည်း ဝယ်စားနေ ရသည်။

သည်လိုပဲ အဝတ်လျှော်တော့လည်း ကောင်းကောင်းမလျှော် တတ်၊ မီးပူမတိုက်တတ်သဖြင့် လူငှားနှင့် ခေါ်တိုက်ခိုင်းရသည်။

အဆောင်မှာ ကျန်သည့် မိန်းကလေးတွေက အလုပ်သွားနေချိန် မှာ တုမန္တိုင်းတစ်ယောက်တည်း ကျန်ခဲ့သဖြင့် ပျင်းစရာအတော်ကောင်း လှသည်။

သို့သော် တော်သေးတာက အဆောင်မှာ အငှားအဝတ်လျှော် မီးပူတိုက်ပေးသော မတုတ်ကရှိသဖြင့် သူနှင့်စကားပြောဖော်ရလို့သာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်းသည်ဟု ကျေနပ်နေရသည်။

သည်နေ့လည်း မတုတ်က အဝတ်တွေ မီးပူလာတိုက်ပေးသဖြင့် အပျင်းတော့ပြေပြီလို့။

မတုတ်က သည်ရပ်ကွက်မှာ ဝယ်မွေးခြံပေါက်ဖြစ်ပြီး သားသမီး လေးယောက်ရှိကာ၊ ယောကျ်ားဖြစ်သူက ဆိုက်ကားနင်းသဖြင့် တစ်ဖက် တစ်လမ်းမှ ကလေးများ ကျောင်းစရိတ်၊ အိမ်စရိတ်အတွက် ငွေရှာနေရ သူဖြစ်သည်။

တစ်ခုပဲဆိုးတာက မတုတ်က စကားအလွန်များပြီး စပ်စုသည့် ဝါသနာရှိသူဖြစ်သည်။ မတုတ်နှင့် စကားပြောလျှင် ရပ်ကွက်သတင်းတွေ အကုန်သိရသည်။

သူများအကြောင်းတွေ နားမထောင်ချင်ဘဲ နားထောင်ရသော အခါမျိုးမှာတော့ တုမနိုင်း တော်တော်သည်းညည်းခံရသည်။

သည်နေ့လည်း မတုတ်က မီးပူတိုက်နေရင်းမှ တစ်ခုခုကို ပြော ချင်နေပုံရသည်။

"မတုတ် . . . ဒီနေ့ ဘာသတင်းထူးရသေးလဲ"

တုမနိုင်းက မတုတ်ဘယ်အကြောင်းအရာကို စပြောလေမလဲ လို့ စကားလမ်းကြောင်း ပေးလိုက်သည်။

"တုမနိုင်းက ဘယ်သတင်းထူးကို သိချင်တာလဲ၊ မနေ့ညက သတင်းလား၊ ဒီနေ့မနက်က သတင်းလား၊ ဒါမှမဟုတ် အခုလတ်တလော ချက်ချင်းဖြစ်ပေါ်နေတဲ့ သတင်းလား၊ ဒါမျိုးကို ဘရိုးကင်းနယူးဆိုလား ဘာလားပြောကြတာပဲ"

"မဟုတ်ပါဘူး မတုတ်ရဲ့၊ အဲဒါမျိုးက BREAKING NEWS ပါ၊ နိုင်ငံခြားမှာတော့ လတ်တလောအရေးကြီးတာ၊ လျှော့လှုပ်တာ၊ ကား မှောက်တာ၊ ဗုံးကြဲတိုက်ခိုက်တာမျိုးကို ပြောတာလေ"

တုမနိုင်းက မတုတ်စကားကို သဘောကျသဖြင့် ရယ်မောရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ဪ ဒီလိုလား၊ ဒီလိုဆိုရင် ဒီအဆောင်နဲ့ မျက်စောင်းထိုး ယောကျ်ားလေးအဆောင်က လွှန်ခဲ့တဲ့ နာရီဝက်ကမှ ဖြစ်တဲ့သတင်းကို ပြောပြမယ်"

တစ်နေ့တစ်နေ့ အခန်းအောင်းနေသဖြင့် မတုတ်ပြောမှပဲ ကိုယ်နေထိုင်သော အဆောင်နှင့် မျက်နှာချင်းဆိုင်အဆောင်က ယောကျ်ားလေးဆောင်မှန်း အခုမှ သိတော့သည်။

"ဘယ်လိုထူးတာလဲ . . . မတုတ်ရဲ့"

"ဒီလို တုမနိုင်းရဲ့ ဒီအဆောင်ရဲ့ လမ်းထိပ်အဝင်ဝမှာ အလှူခံမဏ္ဍပ်ရှိတယ်၊ တစ်နေ့လုံး အသံချဲ့စက်ဖွင့်ပြီး အလှူခံတယ်လေ၊ အဲဒါကို ယောကျ်ားလေးအဆောင်က တစ်ယောက်က သူအလုပ်ခွင်စာမေးပွဲဖြေဖို့ စာကျက်တာ လော်စပီကာသံဆူလို့ အလှူခံမဏ္ဍပ်သွားပြီး တစ်နေ့ကို အလှူခံတာ ဘယ်လောက်ရလဲမေးတော့ အလှူခံတဲ့ လူတွေက ဘယ်ရွေ့ ဘယ်မျှရတယ်ပြောတော့ သူက တစ်နေ့တော့ အလှူခံရတဲ့ ငွေအရေ အတွက်နဲ့ တစ်ပတ်စာပေးမယ်၊ အလှူခံမဏ္ဍပ်ကို ဆက်အလှူမခံနဲ့ တစ် ပတ်နားပေးဖို့ပြောလို့ ရပ်ကွက်ရုံးရောက်သွားတယ်လေ၊ တော်သေးတာ ပေါ့၊ အဆောင်ပိုင်ရှင်က အရှင်းကောင်းလို့ ဒါမျိုးက ဝတ္တရားနှောင့်ယှက် မှုနဲ့ ထောင်ကျနိုင်တယ်"

"ဪ . . . ကြုံကြုံဖန်ဖန်ပဲ မတုတ်ရယ်"

မတုတ်၏သတင်းထူးကို နားထောင်ရင်း တုမနိုင်း ရယ်မောပြီး ပြောလိုက်သည်။

"အဲ့ဒီအဆောင်က ယောကျ်ားလေးတွေနဲ့ သွားမပတ်သက်နဲ့ နော်၊ တကယ် အစအနောက်သန်တဲ့ ကောင်တွေ၊ ပါးစပ်ကလည်း အငြိမ် မနေ လက်ကလည်း အငြိမ်မနေနဲ့ ဘယ်လိုဟာတွေမှန်း မသိဘူး၊ ဟို တလောက ရပ်ကွက်ဥက္ကဋ္ဌရဲ့သမီးကိုပါ ရည်းစားစကားလိုက်ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရပါရောလား။ ရပ်ကွက်လူကြီးက စိတ်တော်တော်ဆိုးသွားတာ၊ လူပေါင်းစုံဆိုသော စရိုက်ပေါင်းစုံပေါ့လေ၊ နောက် . . ဘာသိချင်သေးလဲ"

"ဘာမှမသိချင်တော့ပါဘူး မတုတ်ရယ်"

ရှောင်ရန် ဆောင်ရန် သိလိုက်ရလို့ ဒီသတင်းကို ပြောပြတဲ့ မတုတ်က သူ့ကို ချီးကျူးစကားဆိုလို့လားမသိ၊ မျက်နှာကြီးပြုံးစိစိနဲ့ မီးပူကို တစ်အားကြီး ကျုံးကျုံးတိုက်နေပါတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်တော့

ကိုယ့်အထင်နဲ့ကို

ဟုတ်နေမှာပေါ့လေ …

အဲ့ဒီအတိုင်းသာဆိုလို့ကတော့

တစ်ကမ္ဘာလုံးရှိသူတွေ

အားလုံးဟုတ်ကုန်တော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သည်နေ့ ရဝေတို့ ယောကျ်ားလေးအဆောင်မှာ နားက တော်တော်အေးသည်ဟု ပြောရမည်။ ခါတိုင်းလို ဆူဆူညံညံသံ သိပ်မကြားရ။ အိပ်ယာက တော်တော်များများ မထကြသေးဘဲ ရှိလို့နေသည်။

ကျော်ကြားနှင့် ဟန်တိုးရှိနေသော အခန်းဆီသို့ ကြည့်လိုက်တော့ အခန်းတံခါးက ပိတ်ထားတုန်းပင် ရှိသေးသည်။

သေချာပြီ။ သည်နှစ်ယောက် အိပ်ယာကနေ လုံးဝမထသေးတာ။ မထူးပါဘူးဆိုပြီး လက်ဖက်ရည်ဆိုင် ကိုယ့်ဖာသာကိုယ် သွားတော့မည်လို့ဆိုပြီး ထွက်လာတော့ အဆောင်ပိုင်ရှင်၏ ဧည့်ခန်းမှာ ကျော်ကြား ဖုန်းဆက်မလို့ လုပ်နေတာ မြင်လိုက်ရသည်။

သည်ကောင် ဘယ်အချိန်ကတည်းကများ အိပ်ယာကနေထသွားလဲ မသိ။ ကျော်ကြား၏ မျက်နှာအနေအထားကိုကြည့်တော့ ညက တော်တော်များထားပုံရသည်။ မျက်လုံးက ရီဝေနေပြီး ခေါင်းကိုလည်း လက်နဲ့ ဖိလိုက်နှင့် ခေါင်းကိုက်နေပုံမျိုး ဖြစ်သည်။

ညတုန်းက ရဝေက စောစောဝင်အိပ်သဖြင့် ကျော်ကြားမူးလာ



www.burmeseclassic.com

www.burmeseclassic.com



တာကို မသိလိုက်။ သည်အတိုင်းဆို ဟန်တိုးလည်း အိပ်ယာက မထနိုင်တာ ကျိန်းသေပြီ။

သည်နှစ်ယောက် ဘယ်လိုအချိန်းအချက်လုပ်ပြီး ဘယ်ဆိုင်မှာ သွားသောက်ကြသလဲမသိ။

ရဝေ ဆုံးဖြတ်လိုက်ပါသည်။ မထူးပါဘူး။ ကျော်ကြား ဖုန်းဆက်တာကိုစောင့်ပြီး လက်ဖက်ရည်ဆိုင် ခေါ်သွားမည်လို့။

ကျော်ကြားကတော့ ဖုန်းနံပါတ်တွေကိုနှိပ်ပြီး ဖုန်းဆက်နေတာ ရဝေ နားထောင်နေမိသည်။

"ဟဲလို . . . မန်နေဂျာကြီးလား ကျွန်တော်ကျော်ကြားပါ။ ဒီနေ့ ကုမ္ပဏီကို ကျွန်တော်မလာနိုင်လို့ပါ။ ကျွန်တော် ဗိုက်တွေ အောင့်နေလို့ ခွင့်တစ်ရက်ပေးပါ"

ကျော်ကြားဖုန်းဆက်၍ ခွင့်တိုင်နေတာကြည့်ပြီး ရဝေရယ်ချင်သွားပါသည်။ ဒီကောင် ညက အမူး အခုထိ မပြေသေးဖူးထင်သည်။ ဟိုက ဖုန်းထဲကနေ ဘယ်လိုပြန်ပြောလိုက်သည်မသိ။ ကျော်ကြားမျက်နှာ ပြုံးစိစိဖြစ်သွားတာကို ရဝေ အကဲခတ်မိသည်။

"ကျော်ကြား . . . မင်းအမူးမပြေသေးဘူးထင်တယ်၊ ကုမ္ပဏီကို ဘာဖြစ်လို့ ခွင့်တိုင်တာလဲ၊ တိုင်စရာမှ မလိုတာ၊ ဒီနေ့ တနင်္ဂနွေပဲဟာ၊ အလုပ်တွေ အားလုံးပိတ်တာပဲဟာ"

ရဝေ့စကားအဆုံး ကျော်ကြားက သွားတွေပေါ်အောင် ပြုံးပြ ရယ်ပြရင်းမှ . . .

"ဟုတ်တယ်ကွ၊ ငါလည်း ညက အရှိန်နဲ့ ဒီနေ့တနင်္ဂနွေနေ့မှန်း မသိဘူးဖြစ်သွားတယ်၊ မန်နေဂျာကြီးကလည်း ပြောတယ်၊ ဒီနေ့ တနင်္ဂနွေနေ့ မို့ ခွင့်တိုင်စရာ မလိုပါဘူးတဲ့၊ ဗိုက်အောင့်ပျောက်ဖို့သာ ဆေးသောက်ပါတဲ့"

"ဒါနဲ့ နေပါဦး၊ မင်းနဲ့ဟန်တိုး မနေ့ညက ဘယ်မှာသွားသောက်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မူးရတဲ့ အကြောင်းရင်းက ဟန်တိုးကြောင့်ပဲ၊ ဒီကောင်က သူ့အရက်တိုက်ပြီး ဘာကြောင့်မူးရသလဲဆိုတာကို မပြောဘူး၊ လျှို့ဝှက်ထိန်ချန်ထားတယ်၊ ငါလည်း အဲ့ဒီအချက်ကို သိချင်နေတာ၊ ဒီကောင်အိပ်ယာက နိုးလာမှ မေးမယ်လို့ ဆုံးဖြတ်ထားတာ အခုတော့ မထူးတော့ဘူး၊ ဒီကောင့်ကို မင်းနဲ့ငါနှိုးပြီး မေးရမယ်"

မူးကြောင်ရူးကြောင်နှင့် အမူးရှိန်မပြေသေးသော ကျော်ကြီးက ရဝေလက်ကိုဆွဲပြီး သူနှင့်ဟန်တိုးနေသော အခန်းရှိရာသို့ ခေါ်လာသည်။ အခန်းရှေ့ရောက်တော့ အိပ်ယာမှ နိုးလာသော ဟန်တိုးက အခန်းရှေ့တည့်တည့်မှာ ထိုင်လို့နေသည်။ မျက်နှာက ဘာကိုအလိုမကျဖြစ်နေလဲ မသိ။

"ဟန်တိုး . . . မနေ့ညက မင်းငါ့ကို သဒ္ဓါတရားထက်သန်စွာနဲ့ အရက်တိုက်တာ ဘာကြောင့်လဲဆိုတာ ဒီမနက်ပြောမယ်ဆို၊ မင်းသဒ္ဓါကောင်းလွန်းလို့ ငါလည်း တနင်္ဂနွေနေ့တောင် မသိတော့ဘဲ ဖြစ်ကုန်ပြီ"

ဟန်တိုးက ကျော်ကြီးမျက်နှာကို သူ့ရည်းစားမျက်နှာလေလား တစိမ့်စိမ့်ကြည့်နေရင်းက . . .

"ငါ့ဘဝမှာ ငါမျှော်လင့်ခဲ့တာတွေ ဘာမှဖြစ်မလာတော့လို့ ငါ့မျှော်လင့်ချက်တွေ ဆုံးရှုံးခဲ့ရတဲ့ နေ့အတွက် မင်းကို အရက်တိုက်တာ၊ ငါကုမ္ပဏီက အလုပ်ထွက်လိုက်ပြီ"

"ဟေ . . . ဟန်တိုး ဘယ်လိုဖြစ်တာလဲ"

"ဟန်တိုး . . . မင်းအလုပ်က ကောင်းနေတာပဲ၊ ဘာဖြစ်လို့ အလုပ်ထွက်ရတာလဲ"

ဟန်တိုးစကားကြောင့် ရဝေနှင့် ကျော်ကြီးတို့နှစ်ယောက် နားမလည်နိုင်သလို ဖြစ်သွားရင်းက တစ်ယောက်ပြီးတစ်ယောက် မေးခွန်းတွေ မေးလိုက်တော့ . . .

"ငါ . . . ရန်ကုန်ကို အလုပ်လာလုပ်တော့ နယ်က ငါ့ဦးလေးလူပျိုကြီးက အရေးကြီးတဲ့စကားတစ်ခွန်းကို မှာလိုက်တယ်၊ အဲ့ဒါက



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာပဲဖြစ်ဖြစ် ဘယ်အလုပ်မှာပဲဖြစ်ဖြစ် အလုပ်ကို ရိုးရိုးသားသား ကြိုးစားလုပ်ရင်း အလုပ်ရှင်ရဲ့သမီးကို ရအောင်ပိုးပန်းပြီး ယူတဲ့ ငါလည်း ငါ့ဦးလေးစကားအတိုင်း ကုမ္ပဏီမှာ အလုပ်ကိုကြိုးစားတာ မင်းတို့အသိပဲ၊ ဒါပေမယ့် ငါ့ရည်ရွယ်ချက် တက်လမ်းတွေက ပျက်စီးသွားတယ်၊ အဲ့ဒါက ငါတို့ကုမ္ပဏီရဲ့ တစ်ဦးတည်းသော သမီးက လာမယ့်တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်တော့မှာ ငါ့ကို အရေးပေးသလိုနဲ့ သူ့မိဘတွေ သဘောတူတဲ့ သူဌေးသားတစ်ဦးနဲ့ ယူတော့မှာလေ၊ ငါ့ဦးလေးစကားအတိုင်း ငါ ကြိုးစားခဲ့တာ သဲထဲရေသွန်ဖြစ်မှတော့ ငါက ဒီအလုပ် ဘာလုပ်ရတော့မှာလဲ၊ ထွက်လိုက်တာပေါ့၊ နောက်ထပ် နယ်မြေအသစ် ရှာရဦးမှာပေါ့ကွာ”

သည်နေ့မနက်တော့ ရဝေ တော်တော်ခေါင်းစားသွားပါသည်။ ကျော်ကြားကလည်း သူ့ဟာနဲ့သူအလွဲ၊ ဟန်တိုးကလည်း သူ့ဟာနဲ့သူအလွဲ။

“ဒီမှာ ဟန်တိုး . . . မင်းကော ကျော်ကြားကော နှစ်ယောက်စလုံး ကြောင်တွေချည်းပဲ၊ မင်းတို့နှစ်ယောက်စလုံးကို ဒီနေ့မနက် ငါ သိလိုက်ရခြင်းဖြင့် မင်းတို့ဟာ ကိုယ့်ကိုကိုယ် ကိုယ့်အထင်နဲ့ကို ဟုတ်နေတယ်လို့ ထင်နေကြတာ၊ မင်းတို့လိုအတိုင်းဆို တစ်ကမ္ဘာလုံးမှာ ရှိနေတဲ့ သူတွေလည်း ကိုယ့်အထင်နဲ့ကိုယ် ဟုတ်နေကြမှာပေါ့၊ ဟန်တိုးရာ ကိုယ်နဲ့ ဖြစ်နိုင်သလား၊ မဖြစ်နိုင်သလား မင်းစဉ်းစားကြည့်ဖို့ ကောင်းတယ်၊ ရုပ်ရှင်တွေ ကိုရီးယားကားတွေလိုမျိုး စိတ်ကူးယဉ်လို့က မင်းအရူးဖြစ်သွားမှာပေါ့၊ လောကကြီးမှာ ဘုရားသခင်က ကိုယ်နဲ့တန်ရာကို စီမံပေးထားပါတယ်ကွာ၊ သိပ်ပြီး ရလိုမှုတွေနဲ့ ကိုယ်နဲ့မတန်ရာကို မမှန်းပါနဲ့”

ရဝေ့စကားကို ဟန်တိုးက ဘာမှဝေဖန်ပြောဆိုခြင်းမပြုဘဲ ငူငူကြီးဆက်ထိုင်လျက်ရှိသလို ကျော်ကြားကလည်း ဘာမှမပြောဘဲ မျက်နှာချင်းဆိုင်တွင်ရှိသော မိန်းကလေးအဆောင်ရှိရာသို့ ကြည့်နေပြီး ဘာတွေတွေးနေသလဲ မသိပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းနေရင် အကောင်းသား
ပြဿနာဆိုတဲ့ ခနဲကို့မှ
ကံစမ်းမဲက သွားပေါက်သေးရဲ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ညနေ ငါးနာရီထိုးသွားပေမယ့် အင်းလျားကန်ပေါင်ရိုးသည် ဘယ်လိုဖြစ်လို့ဖြစ်မှန်းမသိ။ သည်နေ့မှ လူက ရှင်းလို့နေသည်။ ရဝေတို့ ယောကျ်ားလေးအဆောင်မှာ သည်နေ့မှပဲ အဆောင်ပိုင်ရှင်က ဘာစိတ်ကူးတွေ ပေါက်သလဲမသိ၊ မနက်ဖြန် အဆောင်မှာ ဘုန်းကြီးဆွမ်းကပ်မည်ဆိုပြီး ချက်ကြပြုတ်ကြနှင့် အလုပ်ရှုပ်နေသဖြင့် ရဝေအဖို့ မျက်စိနောက်သောကြောင့် အင်းလျားကန်ပေါင်ရိုးမှာ အေးအေးဆေးဆေး လာထိုင်နေမိသည်။

အင်းလျားကန်ရေပြင်သည် ငြိမ်သက်လို့နေသည်။ ကန်ရေပြင်ထဲမှာ ဘာမှမရှိ။

ရဝေ စဉ်းစားမိပါသည်။ ကန်ရေပြင်ဆိုသည်မှာ ဒိုက်ဖတ်လေးတွေ၊ လှေကလေးတွေရှိမှ အသက်ဝင်လိမ့်မည်လို့။

"အစ်ကိုကြီး . . . ကွမ်းယာ၊ စီးကရက် သုံးဆောင်ဦးမလား"

အတွေးကောင်းကောင်းနှင့် စဉ်းစားခန်းဝင်တော်မူနေတုန်းမှာ ကွမ်းယာ၊ စီးကရက်ရောင်းသူက အနီးအနားရောက်လာပြီး ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရဝေနည်းနည်းတော့ စိတ်ညစ်သွားသည်။ အတွေးတွေတော့ ပျက်သွင်းပြီလို့။

"မစားသေး မသောက်သေးဘူးကွာ၊ ကိုယ့်ဖာသာကိုယ် တွေးနေတာ၊ ဈေးလာရောင်းတော့ ပျက်ပြီပေါ့ကွာ"

ရဝေက ကွမ်းယာ၊ စီးကရက်ရောင်းသူကို စကားပြန်ပြောအပြီး ကွမ်းယာ၊ စီးကရက်ရောင်းသူက . . .

"သေချာပြီ၊ ဒီလို ခုံတန်းလျားမှာ တစ်ယောက်တည်း လာစဉ်းစားပုံထောက်ရင် အချစ်ရေးပဲ ဖြစ်ရမယ်၊ ရည်းစားနဲ့ ပြဿနာဖြစ်လို့ပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

အရေးထဲ ကွမ်းယာ၊ စီးကရက်ရောင်းသူက သူထင်ရာမြင်ရာကို ကောက်ချက်ဆွဲပြောဆိုသဖြင့် ရဝေ စိတ်တော်တော်ညစ်သွားသည်။

"ဘယ်ကသာ အချစ်ရေးရမှာလဲ၊ အဆောင်မှာ အလှူရှိလို့ ချက်ကြပြုတ်ကြ လုပ်နေကြတာ လူရှုပ်လို့ ဒီမှာလာထိုင်နေတာ သိရဲ့လား"

"ဩော် . . . ဒီလိုလား၊ ဒါဆို ဆက်သာတွေးပေတော့"

ကွမ်းယာ၊ စီးကရက်ရောင်းသူက ရယ်မောရင်းမှ ရဝေအနားကနေ ထွက်သွားသည်။ ရဝေကတော့ ကန်ရေပြင်ကိုသာ ဆက်လက်ပြီး ငေးကြည့်နေမိသည်။

❑

တုမနိုင်း အဆောင်မှာနေရတာ သည်နေ့ညနေမှ ဘယ်လိုဖြစ်မှန်းမသိ။ တော်တော့်ကို ပျင်းဖို့က ကောင်းနေသည်။ သူငယ်ချင်းနှစ်ယောက်ကလည်း သည်နေ့ ကုမ္ပဏီက အလုပ်များသဖြင့် နောက်ကျမှ ပြန်ရောက်မည်ဟု ပြောသည်။ အဝတ်လျှော်၊ မီးပူတိုက် လာလုပ်ပေးသော မတုတ်ကလည်း သည်နေ့ကျမှ အဆောင်ကိုမလာဘဲ ပျောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မလှ ပျောက်နေသည်။

တုမန္တိုင်းက မထူးပါဘူးဆိုပြီး အပြင်လေးဘာလေး ထွက်ဦးမည် ဆိုပြီး အင်းလျားကန်ပေါင်ရိုးသို့ ထွက်လာခဲ့သည်။ ခုံတန်းလျားမှာထိုင်ရင်း မန္တလေးက အိမ်ကို သတိရသလိုဖြစ်သွားသဖြင့် အတွေးထဲက မနည်း ဖျောက်ပစ်လိုက်ရသည်။

တုမန္တိုင်းစိတ်ထဲမှာ ဘာရယ်ကြောင့်မှန်းမသိ အင်းလျားရေပြင် ကို ကြည့်နေရင်း ကန်ရေစပ်ဆီသို့သွားပြီး ရေတွေကို လက်နှင့်ဆော့ ကစားချင်စိတ် ဖြစ်လာမိသည်။ ကိုယ်ဒီလိုလုပ်လို့ ကိုယ့်အပြုအမူကို ကလေးဆန်သည်ဟု ထင်ချင်သည့်လူ ထင်ပလေ့စေ။ မတတ်နိုင်ပါဘူး ဆိုပြီး ထိုင်ရာမှ ထလိုက်သည်။

ဖိနပ်ကို ချွတ်လိုက်ပြီး အနီးအနားမှာ ချထားကာ ကန်ရေစပ် ဆီသို့ ဆင်းလာခဲ့သည်။

❑

ခုံတန်းလျားမှာ ရဝေထိုင်နေရာကနေ လှမ်းမြင်လိုက်ရသည့် မြင်ကွင်းကြောင့် တစ်ခုခုတော့ ဖြစ်တော့မှာပဲလို့။

ဖိနပ်နှစ်ဖက်ကို ချွတ်ပုံပြီး ရေကန်စပ်ဆီသို့ ဆင်းနေသော ရုပ်ရည်ချောမောသည့် အမျိုးသမီးတစ်ဦးက ဘယ်အကြောင်းကြောင့် လူမြင်ကွင်းကြီးမှာ ကိုယ့်ကိုကိုယ် သေကြောင်းကြံချင်ရသလဲ မသိ။ စောစောတုန်းက ခုံတန်းလျားမှာ တစ်ယောက်တည်းထိုင်နေရင်း ဘာစိတ် ကူးပေါက်လို့ သည်လိုလုပ်ရသလဲမသိပါ။ သည်အမျိုးသမီးတော့ ဒုက္ခ ရောက်တော့မှာပဲလို့ဆိုပြီး ထိုင်နေရာမှ အမြန်ထ၍ သွားလိုက်သည်။

"ဒီမှာ . . . ဒီမှာ . . . ဘာဖြစ်လို့ လူမြင်ကွင်းကြီးမှာ ရေထဲ ဆင်းသတ်သေချင်ရတာလဲ၊ အဖန်ငါးရာငါးကမ္ဘာခံရမှာ ခင်ဗျားမကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးလား၊ ဒါမျိုးကို ဥပဒေကလည်း ခွင့်မလွှတ်ဘူးနော်၊ ပြဿနာကို ဒီလိုမျိုး ရှင်းတာ မပြီးဘူး၊ ကျန်တဲ့ မိသားစုတွေအတွက် သောကတွေပဲ ခံစားရမှာ”

ရဝေက စိုးရိမ်တကြီး လှမ်းအော်ပြောသံကြောင့် ရေကန်စပ်ဆီသို့ သွားနေသော တုမန္တိုင်းသည် ဒီလူဘာလာကြောင်နေတာလဲဆိုပြီး ဒေါသထွက်သွားရင်းက ရေကန်စပ်ဆီသို့ မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်ကာ ချထားသော ဖိနပ်ရှိရာသို့လာပြီး ဖိနပ်ကို စီးလိုက်သည်။

“တော်သေးတာပေါ့ဗျာ . . . ကျွန်တော်သတိပေးမြန်လို့ နို့မို့ဆိုခင်ဗျားရဲ့ အမှားက သံသရာမှာ ဒုက္ခရောက်တော့မလို့”

ရဝေက သူ့အနီးအနားသို့ ရောက်လာသော တုမန္တိုင်းကို စကားပြောအပြီး . . .

“ရှင် ရူးနေသလား၊ ဘာအရူးထတာလဲ၊ ကျွန်မကိုယ်ကျွန်မ ဘာဖြစ်လို့ သတ်သေရမှာလဲ၊ သတ်သေစရာ ဘာအကြောင်းမှ မရှိဘူး၊ ကျွန်မဖာသာကျွန်မ ကန်စပ်ဆင်းပြီး ရေကို လက်နဲ့တောက်ပြီး ကစားချင်လို့ ဆင်းတာ၊ အလကား ဘာမှန်းညာမှန်းမသိဘဲနဲ့ ပါးစပ်ဖြကြီးနဲ့ စွတ်အော်က ပတ်ဝန်းကျင်က ရှင်ပြောသလိုထင်ရင် ရှက်ရချည်ရဲ့၊ ပျင်းလို့လာထိုင်မိပါတယ်၊ ဘယ်လိုဟာနဲ့ လာတွေ့နေရမှန်း မသိဘူး”

ဒေါသသံပါပါဖြင့် ပြောဆိုနေသော တုမန္တိုင်း စကားကြောင့် ရဝေတော့ ငယ်ထိပ်မြွေပေါက်ပြီလို့။

“ဟာဗျာ . . . ဒါကတော့ ကျွန်တော်မှ မသိတာကိုး၊ ကျွန်တော်က လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ဆိုပြီး သတိဝင်ပေးတာ ခင်ဗျားက တကယ်မဟုတ်ရိုးမှန်ရင်တောင် ကျွန်တော့်ကို ဩော် . . . ဒီလိုမျိုး လူလူချင်း လူ့အသက်တစ်ချောင်းကို တန်ဖိုးထားတတ်ပါလားဆိုပြီး ကျေးဇူးတင်စကားတောင် ဆိုရဦးမှာ”

“ဘာ . . . ကျေးဇူးတင်စကားမှ မပြောနိုင်ဘူး၊ ကိုယ်ထင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောပြီး ရှင်လုပ်တဲ့ အပြုအမူကသာ ရိုင်းတာ"

တုမန္တိုင်းက လေသံခပ်မာမာနှင့် ပြောဆိုရင်းက မျက်စောင်းထိုးပြီး ခြေသံခပ်ပြင်းပြင်းဖြင့် အနီးအနားကနေ ထွက်သွားပါသည်။

ရဝေတစ်ယောက်ကတော့ တုမန္တိုင်းကို ကြည့်ပြီး ခေါင်းကိုကုပ်နေရင်းက ပြဿနာဆိုတဲ့ ပုဂ္ဂိုလ်နှင့် သည်နေ့မှ ကံစမ်းမဲပေါက်ပြီလို့တွေးရင်း ကျန်ရစ်ခဲ့ပါသည်။

❑

"ကောင်းတယ် . . . မင်းလိုကောင်မျိုး ခံရတာတောင် နည်းသေးတယ်၊ နည်းနည်းပါးပါး စူးစမ်းဦးပေါ့ကွာ"

အဆောင်ကိုရောက်လို့ ညနေက ဖြစ်ပျက်သမျှကို ရှင်းပြတော့ ကျော်ကြားက ရဝေ့ကို အပြစ်တင်စကားဆိုပါသည်။

"ဒါနဲ့ ရဝေ . . . အဲဒီအမျိုးသမီးက ဘယ်ကလဲ"

"ဒါတော့ ငါလည်း မသိဘူး ဟန်တိုးရ၊ လူပုံက ယဉ်သလောက် တော်တော်စွာမယ့်ပုံပဲ"

"နောက်တစ်ခါတော့ ကိုယ်ထင်သလို မပြောဖို့ ဆင်ခြင်ပေါ့ကွာ၊ လူဆိုတာ မှားတတ်ကြတာပဲလေ၊ နောက် . . . မမှားစေနဲ့ပေါ့ကွာ"

ဟန်တိုးက ဆရာကြီးလေသံဖြင့် ပြောသဖြင့် ရဝေနည်းနည်းတော့ 'ဘု'သွားပါသည်။

"ဟေ့ကောင် ဆရာကြီးလေသံနဲ့ လာမလုပ်နဲ့၊ ငါ ဒါမှားတာက ဘာမှမဖြစ်ဘူး၊ မင်းတို့တွေ တလွဲမှားတာမျိုးတွေသာ ပြဿနာဖြစ်သွားနိုင်တယ်"

ဟိုတစ်နေ့က ကိစ္စကို ရဝေပြန်ပြောနေတော့ ကျော်ကြားနှင့် ဟန်တိုးတို့နှစ်ယောက် ရဝေပြောသည့်အတိုင်း မှန်နေသဖြင့် ဘာမှပြန်



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ဘဲ မျက်နှာတွေက ပြုံးစိစိနှင့် ဖြစ်နေပါတော့သည်။

❑

"ဟဲ့ . . . တုမနှိုင်း အဲ့ဒီကြောင်တောင်တောင်လူက ဘယ်ကလဲ ဆိုတာကော နင်သိလား"

ညနေတုန်းက အင်းလျားကန်ပေါင်ရိုးပေါ်မှာ ဖြစ်ပျက်ခဲ့သော ကိစ္စနှင့်ပတ်သက်ပြီး ခင်မေလတ်နှင့် မြသက်မှူကို အကျိုးအကြောင်းစုံ ရှင်းပြတော့ ခင်မေလတ်က သိချင်ဇောနှင့် မေးလိုက်ပါသည်။

"ဘယ်သိမလဲဟာ . . . သူ့ကို ဘယ်မှာနေလဲမေးဖို့ထက် ဒေါသ ထွက်တာ ငယ်ထိပ်ရောက်နေလို့ ပြီးတော့ အဲ့ဒီလူအော်ပြောတာ ရှက်တာ လည်းပါတာဆိုတော့ လူကို ထူပူပြီး သူ့နားကနေ အတင်းထွက်သွားတာပဲ သိတယ်"

"ဟဲ့ . . . ဒါပေမယ့် အဲ့ဒီလူထင်တာ မမှားဘူးဟ၊ ငါဆိုလည်း သူလိုပဲ တွေးမှာပဲ၊ နင့်ပုံစံက ဖိနပ်ချွတ်ရေထဲဆင်းတော့ ကိုယ့်ကိုကိုယ် သတ်သေတယ်လို့ ထင်မှာပေါ့"

"တော်ပြီ . . . မြသက်မှူ ဇာတ်လမ်းက ဒီမှာပြီးသွားပြီပဲဟာ အချိန်ကုန်ခံပြီး ကောက်ချက်ချမနေနဲ့တော့"

တုမနှိုင်း၏ စိတ်မရှည်သည့် စကားသံအဆုံး သူငယ်ချင်းမ နှစ်ယောက်က ဘာမှမပြောတော့ဘဲ အိပ်ယာဝင်ဖို့ ခြင်ထောင်ကိုထောင် ထိုနေပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မုန်းတီးခြင်းမရှိတဲ့
မင်းနဲ့ငါရဲ့ အနေအထားမှာ
ပြဿနာစပ်ပါးပါးလေးက
ထပ်ပြီး ကျိစယ်ပြန်ပြီကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"ဒီအခန်းက ကောင်မလေးတွေရေ အိပ်ယာထကြပါဦး"

မနက်ရှစ်နာရီလောက်မှာ အဆောင်ပိုင်ရှင်အဒေါ်ကြီးက အခန်းတံခါးကိုခေါက်ပြီး လာနှိုးသဖြင့် တနင်္ဂနွေအားလပ်ရက်မှာ ကောင်းကောင်းအိပ်မည်ဟု ကြံရွယ်ထားသော ခင်မေလတ်နှင့် မြသက်မူတို့က အိပ်ယာတနေ မထချင်၊ ထချင်နှင့် ထလာပြီး အခန်းတံခါးကို ဖွင့်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ အန်တီ"

မြသက်မူက မေးလိုက်သည့်အခါ အဆောင်ပိုင်ရှင်အဒေါ်ကြီးက-

"ဒီလိုကွဲ့ . . . ရှေ့က ယောကျ်ားလေးအဆောင်မှာ အလှူလုပ်တယ်တဲ့၊ အဆောင်ပိုင်ရှင်က အန်တီတို့အဆောင်မှာ ရှိတဲ့သူတွေကို အားလုံးလာစားကြပါလို့ ဖိတ်တယ်၊ မျက်နှာချင်းဆိုင် အဆောင်ချင်းကြတော့ မသွားလို့မကောင်းဘူး၊ အဲ့ဒါ ကောင်မလေးတို့ ဖီးလိမ်းချယ်သပြင်ထားကြဦး"

အဆောင်ပိုင်ရှင် အဒေါ်ကြီးစကားကြောင့် အိပ်ယာသိမ်းနေသေးသောတုမနိုင်းက အမြန်ထလာပြီး မြသက်မူနှင့် ခင်မေလတ်တို့ နားသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီးတို့ လိုက်လို့ မဖြစ်ဘူးထင်တယ်၊ မတုတ်က ပြောတယ်၊ အဲ့ဒီအဆောင်က ယောကျ်ားလေးတွေက အစအဲနောက် သိပ်သန်တာပဲတဲ့၊ မျက်နှာကလည်း အရမ်းပြောင်တယ်တဲ့၊ ဖြစ်မှာမဟုတ်ပါဘူး အန်တီရယ်"

"အမယ်လေး တုမနိုင်းရယ်၊ မတုတ်စကားများ အဟုတ်ထင်နေလို့ မတုတ်က အခုအဲ့ဒီအလှူရောက်နေပြီ၊ ပန်းကန်တွေဘာတွေ ဆေးဖို့ ကျောဖို့ ငါးထောင်ပေးမယ်ဆိုလို့ ဘုန်းကြီးကို ဆွမ်းမကပ်ခင် မနက်မိုး မလင်းခင်ကတည်းက ရောက်နေပြီ၊ ကဲပါ . . . မျက်နှာတွေသစ် အဝတ်အစားတွေ ဘာတွေလဲထား၊ ကျန်တဲ့သူတွေတောင် ပြင်ပြီးဆင်ပြီးနေပြီ"

အဆောင်ပိုင်ရှင်အဒေါ်ကြီးက တုမနိုင်းတို့ အခန်းကနေ ထွက်သွားသည်။

"ဒုက္ခပါပဲဟယ် . . . ငါတို့ကိုတော့ ငတ်ကြီးကျတယ်ဆိုပြီး အဲဒီအဆောင်ကဟာတွေ ထင်ကုန်တော့မှာပဲ"

"ဟဲ့ . . . တုမနိုင်း ညည်းမနေနဲ့၊ ကိုယ်တစ်ယောက်တည်းသွားမှာမှ မဟုတ်တာ၊ အဆောင်က မိန်းကလေးတွေ အကုန်ပါတာပဲ၊ ပြီးတော့ အလှူထမင်းဟင်း မစားရတာကြာတော့လည်း ကောင်းတာပေါ့ဟာ"

"တိုးတိုးပြောပါ မြသက်မူရယ်၊ ငတ်ကြီးကျတဲ့သူတွေလို့ ထင်နေပါဦးရယ်"

တုမနိုင်းစကားအဆုံး မြသက်မူနှင့် ခင်မေလတ်တို့နှစ်ယောက် သားပြုံးလိုက်ကြသည်။ ပြီးတော့ မျက်နှာသစ်၊ ရေမိုးချိုးနှင့် အလုပ်တွေ ရှုပ်ကုန်ကြသည်။

တုမနိုင်း စဉ်းစားမိပါသည်။ မိန်းမသားများ အလှူအတန်းတို့ မင်္ဂလာဆောင်တို့ သွားဖို့ပြင်ရဆင်ရ လုပ်ရတာ တော်တော်အချိန်ကုန်တာပဲလို့။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာ ဘုရားဆုပန် ယောက်ျားသားများကတော့ ရှိတာလေး ကောက်ခါငင်ကာ ဝတ်ရုံပဲလို့၊ ဘာမှအချိန်ပေးစရာ မလိုဘူးလို့။

❑

ရဝေတစ်ယောက် တော်တော့ကို အလုပ်ရှုပ်နေသည်။ သူတင်မက ကျော်ကြားနှင့် ဟန်တိုးလည်း မနားရ။ ထို့အပြင် အဆောင်နေယောက်ျားသားများလည်း မအားရပါ။ ထမင်းလိုက်ပွဲထည့်သောသူ၊ ဟင်းခွက်ချမေးသူ၊ အချိုပွဲ ရေနွေးချပေးသူနှင့် သည့်ထက်ပိုလို့ တက်ကြွနေတာကတော့ မျက်နှာချင်းဆိုင် မိန်းကလေးဆောင်မှ အမျိုးသမီးများကို အဆောင်ပိုင်ရှင်က အလှူလာဖို့ ဖိတ်ကြားထားသဖြင့် တစ်ဝကြီး အပိုအပြင် ငမ်းရမည့်ကိစ္စလည်း ပါနေလို့ပါ။

"လာကြပါ . . . ကြွကြပါ"

"ဟော့ . . . စားပွဲတွေ ပြင်ပါဦး"

အလှူရှင်က အလှူကိုလာသော မျက်နှာချင်းဆိုင် အဆောင်မှ အမျိုးသမီးများနှင့် အဆောင်ပိုင်ရှင်တို့ကို ကြိုဆိုနှုတ်ဆက်ပြီး ရဝေတို့တစ်တွေကို ထမင်းပွဲ၊ ဟင်းပွဲတွေ ချခိုင်းဖို့ ပြောလိုက်ပါသည်။

"စားကြနော် . . . ဘာမှ အားမနာနဲ့၊ အဝသာစား ကိုယ့်အိမ်လိုသဘောထား"

အလှူရှင်က အမျိုးသမီးတွေ စားရသောက်ရမှာ ရှက်နေမှာစိုးသဖြင့် ရင်းနှီးဖော်ရွေစွာ ပြောလိုက်ပါသည်။

ကျန်သည့်သူတွေတော့ မသိ။ တုမန္တိုင်းကတော့ သည်လိုယောက်ျားလေးတွေ အများကြီးရှေ့မှာ ဒါမျိုးတစ်ခါဖူးမှ အလှူမှာ မစားဖူးသဖြင့် စားနေရင်းက ကသိကအောက် ဖြစ်နေပေမယ့် ခင်မေတင်၊ မြသက်မူနှင့် အဆောင်သူမိန်းကလေးတွေကတော့ စကားတောင် မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ အပီအားပေးနေကြတာ ခေါင်းတောင် မဖော်အားပါ။

"ဟော့ . . . ဒီဝိုင်းကို ချဉ်ရည်ဟင်းလိုက်ပွဲ လာထည့်ပါဦး"

အလျှူရှင်က လှမ်းပြောလိုက်သဖြင့် ချဉ်ရည်ဟင်းထည့်ထားသော လက်ဆွဲဒန်ချိုင့်ကိုဆွဲရင်း ရဝေက ထမင်းစားပွဲခုံအလယ်မှာ ထည့်ထားသော ချဉ်ရည်ဟင်း ပန်းကန်လုံးကြီးထဲသို့ ဇွန်းနှင့်ခပ်ထည့်လိုက်သည်။

"အား . . . ဒီမှာ လက်ကို ဟင်းရည်တွေ စင်သွားပြီ"

"မတော်လို့ပါဗျာ၊ မတော်လို့ပါ"

ရဝေက မတော်တဆဖြစ်သွားလို့ ချဉ်ရည်ဟင်းတွေစင်လို့ ပေသွားသော အမျိုးသမီးကို အနီးအနားရှိ လက်သုတ်ပုဝါကိုယူပြီး . . .

"ရော့ . . . ဒါနဲ့ သုတ်လိုက်ပါ"

"ဩော် . . . ရှင်ကိုး၊ ဒါက ရှင် ကျွန်မမုန်းသိလို့ သက်သက်လုပ်တာ မဟုတ်လား"

"ဩော် . . . ခင်ဗျားကိုး"

တုမန္တိုင်းက ရဝေကို မှတ်မိသွားပြီး ဒေါသသံပါသလိုလိုနှင့် ပြောလိုက်သလို ရဝေကလည်း အံ့အားတသင့် နှုတ်က ထွက်သွားသည်။ စားပွဲဝိုင်းမှာ စားနေသူတွေကလည်း ထိုအဖြစ်အပျက်ကို စိတ်ဝင်တစား ကြည့်နေလို့။

"ခင်ဗျားနဲ့က ရေစက်က မကုန်နိုင်ဘဲကိုး၊ ဆောရီးပါဗျာ . . . တကယ်မတော်တဆပါ၊ ချဉ်ပေါင်ရည်ထည့်တာ လက်ချော်သွားလို့ပါ"

"ဟုတ်ပါတယ် တုမန္တိုင်းရယ်၊ ဘယ်သူက ဒီလိုနေရာမျိုးမှာ ဒါမျိုး လုပ်ပါ့မလဲ"

ရဝေ၏ တောင်းပန်စကားကို မြသက်မူက ဘေးကနေ ဝင်ပြောလိုက်သည်။ တုမန္တိုင်းက ဘာမှမပြောဘဲ ရဝေ့ကို မျက်စောင်းထိုးရင်းက လက်မှာ ပေနေသော ချဉ်ရည်ဟင်းတွေကို လက်သုတ်ပုဝါနှင့် သုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရဝေလည်း ပြဿနာထပ်တက်မှာစိုးသဖြင့် တခြားစားပွဲဝိုင်းများရှိရာသို့ သွားလိုက်ပြီး တုမန္တိုင်းတို့ဝိုင်းဖက်ဆို လှည့်တောင်မကြည့်တော့ပါ။

လှည့်ကြည့်လျှင် ပြဿနာက ရှေ့ခ်တွေ ထပ်ဖြစ်မှာစိုးလို့ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝကြီးထဲ

လူရယ်လို့ ဖြစ်လာမှတော့

ရည်ရွယ်ချက်ရှိရှိနေထိုင်ရင်း

လူပီသအောင်

အသက်မွေးဝမ်းကျောင်းမှုတစ်ခုတော့ လိုအပ်တာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

မီးပူတိုက်နေသော မတုတ်က သည်နေ့တော့ အရင်လို စကားပင် မပြောနိုင်။ အဝတ်အစားတွေကို တစ်ထည်ပြီးတစ်ထည် မီးပူတိုက်လို့နေသည်။

တုမနှိုင်း စဉ်းစားမိပါသည်။ မတုတ်ဘဝမှာ သူမလို ပျင်းချိန် တောင် ရှိပုံမလားလို့။ တစ်နေ့လုံး အလုပ်တွေကို မနားတမ်းတစ်ခုပြီး တစ်ခု ဇယ်ဆက်သလို လုပ်နေရလို့ ဖြစ်သည်။

တုမနှိုင်းကျတော့ သည်မိန်းကလေးအဆောင်မှာ ကျန်သည့်လူတွေက လုပ်ငန်းခွင်အသီးသီးသို့ သွားနေချိန်မှာ သူမကတော့ အဆောင်မှာ တစ်ဦးတည်းကျန်ပြီး စာအုပ်ဖတ်လိုက်၊ သီချင်းလေးနားထောင်လိုက်နှင့် အချိန်တွေကုန်အောင် စောင့်ဆိုင်းနေရသည်။

"မတုတ် . . . တစ်နေ့တစ်နေ့ အဝတ်လျှော်လိုက်၊ မီးပူတိုက်လိုက်နဲ့ မနားတမ်း အလုပ်တွေ လုပ်နေတာ မညည်းငွေ့ဘူးလား"

တုမနှိုင်းက မီးပူတိုက်နေသော မတုတ်ကို မေးလိုက်တော့ မတုတ်က မီးပူကို ခဏထောင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိသားစုအတွက်ပဲလေ ဘယ်လိုလုပ် မောချိန်ရှိမှာလဲ၊ ကိုယ်ရှာကျွေးမှ သူတို့လေးတွေ ထမင်းနပ်မှန်မှာပေါ့၊ ကိုယ့်ကြောင့် ရလာတဲ့ ကလေးတွေပဲဟာ၊ မိဘဆိုတာ တာဝန်ကျေရမှာပေါ့ တုမနိုင်းရယ်၊ လူရယ်လို့ ဖြစ်လာမှတော့ ဘာကြောင့်နေရတယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့ သူဟာ ဘဝမှာ ဘယ်လိုပဲနေရနေရ လုပ်ကိုင်ရ၊ လောကဓံကို သည်းခံနိုင်ပါတယ်"

မတုတ်စကားကို နားထောင်နေသော တုမနိုင်းတစ်ယောက် တစ်ခါဖူးမှ မတုတ်က သည်လိုစကားမျိုးတွေ မပြောဖူးသဖြင့် ဖဲ့အားသင့်ရင်းက မတုတ်ကို ချီးကျူးချင်သလိုလိုတောင် ဖြစ်သွားပါသည်။

"မတုတ်ရဲ့စကားကို နားထောင်ရတာ ဒဿနတွေပြောနေသလိုပဲ . . . သိလား"

မတုတ်က ရယ်လိုက်သည်။ ပြီးတော့ . . .

"ဒါက ဘဝကပေးတဲ့ အသိတွေပါ၊ လူရယ်လို့ ဖြစ်လာရင်တော့ လူပီသအောင် အသက်မွေးဝမ်းကျောင်းမှုတစ်ခုတော့ လုပ်ရမှာပေါ့၊ နို့မို့ဆို တိရစ္ဆာန်သာသာပဲ ဖြစ်သွားမှာပေါ့"

မတုတ်စကားကြောင့် တုမနိုင်းတစ်ယောက် သူနေထိုင်နေရသော အခြေအနေကို ရှက်မိသွားပြီး အသိတစ်ခုရသလို ဖြစ်သွားပါသည်။

"ကျေးဇူးပါပဲ မတုတ်ရယ်၊ ဒီနေ့ မတုတ်ပြောတဲ့ စကားတွေက အနာဂတ်မှာ ကျွန်မ ဘာကိုလုပ်ရမလဲဆိုတာကို လမ်းညွှန်ပေးလိုက်တာပဲ၊ ဒီအတွက် မတုတ်ကို လက်ဆောင်ကောင်းကောင်း ဝယ်ပေးရဦးမယ်"

— တုမနိုင်းစကားကို နားထောင်နေသော မတုတ်က ဘာမှပြန်မပြောတော့ဘဲ မီးပူကို ဆက်တိုက်လို့နေပါသည်။

မတုတ်က ဘာမှသာ ပြန်မပြောပေမယ့် တုမနိုင်း ချီးကျူးလိုက်သော စကားကြောင့် ပီတိဖြစ်နေတာ အမှန်ပင်။

မတုတ်မှ မဟုတ်ပါဘူး၊ မည်သူမဆို ပီတိကြောင့် ကျေနပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်သန်နေကြတာပဲ မဟုတ်ပါလား။

□

"တုမန္တိုင်း . . . ဘာပြောတယ်၊ နင် အလုပ်လုပ်တော့မယ် . . . ဟုတ်လား"

တုမန္တိုင်းက သူမရည်ရွယ်ချက်ကို ပြောပြသည့်အခါ ခင်မေလတ်က အံ့အားတသင့် ဖြစ်သွားပါသည်။

"ကြည့်လုပ်ပါဦး တုမန္တိုင်းရယ်၊ နင့်အဖေ သိသွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်"

"ဘာမှစိတ်မကောင်းဖြစ်စရာ မလိုပါဘူး မြသက်မူရယ်၊ ဒီအတိုင်း ထိုင်နေရမယ့်အစား အလုပ်တစ်ခုလုပ်နေတော့ ပိုကောင်းတာပေါ့ဟာ"

"ဒါနဲ့ နင်က ဘယ်မှာအလုပ်ဝင်ချင်တာလဲ"

"အဲ့ဒါတော့ ငါလည်း မသိဘူး၊ သတင်းစာကြော်ငြာတို့ ဘာတို့မှာ ရှာကြည့်မှသိမှာပဲ"

တုမန္တိုင်းစကားကြောင့် ခင်မေလတ်က . . .

"ဟဲ့ . . . သတင်းစာကြော်ငြာချည်းပဲ အားကိုးလို့ မရဘူး၊ ကိုယ်တိုင်လည်း စုံစမ်းရတာ၊ အမယ်လေး အလုပ်ရှာရတာ လွယ်တာမှတ်လို့၊ နင်က ငယ်ငယ်ကလေးကတည်းက ဘာအလုပ်မှ လုပ်လာတာ မဟုတ်တော့ နင်အပင်ပန်းခံနိုင်ပါ့မလား"

"ကိုယ့်အသက်ရှင်သန်ဖို့ တန်ဖိုးရှိဖို့ပဲဟာ၊ အဲဒီ ပင်ပန်းတာတွေက ကြာလာတော့ ပျော်ရည်စက်တွေ ဖြစ်လာမှာပေါ့ ခင်မေလတ်ရာ"

တုမန္တိုင်းစကားအဆုံး မြသက်မူက ဘာကိုသတိရသွားသည် မသိ။

"ဟဲ့ . . . ခင်မေလတ် ငါတို့ကုမ္ပဏီမှာ ဝန်ထမ်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



လိုတယ်လေ၊ အဲ့ဒါ တုမန္တိုင်းကို အလုပ်လျှောက်ခိုင်းပါလား၊ ငါတို့နဲ့ နီးနီး ကပ်ကပ် နေရတာပေါ့"

"မြသက်မူရယ် မဖြစ်ဘူးထင်တယ်၊ ငါတို့ ကုမ္ပဏီပိုင်ရှင် ဦးဇော်သန်းဦးဆိုတဲ့လူက တုမန္တိုင်းတို့လို အမျိုးသမီးချောချောလေးတွေဆိုရင် အလွတ်ပေးတာ မဟုတ်ဘူး၊ လူပျိုကြီးပီပီ ခေါ်တောတစ်သိန်းအားနဲ့ကြည့်တာ ကြောင်ကလည်း ကြောင်နဲ့၊ ငါတို့တောင် အမေက ရုပ်မလှအောင် မွေးပေးတာကို အခုမှ ကျေးဇူးတင်နေမိတယ်"

ခင်မေလတ်က မြသက်မူစကားကို အတင်းကန့်ကွက်ပါသည်။

"သူဖာသာသူ ဘယ်လောက်ကြောင်ကြောင် ကိုယ်အနေမှန်ဖို့ပဲ လိုပါတယ်ဟာ၊ ဘာပဲဖြစ်ဖြစ် ငါတော့ အဲဒီအလုပ်ကို စိတ်ဝင်စားသွားပြီ၊ ဒီတော့ ငါ့ကို လျှောက်လွှာသာ ယူလာပေး၊ ဒါမှမဟုတ် ကိုယ့်ဘာသာ ကိုယ် ကိုယ်ရေးအချက်အလက် ရေးတင်ရမှာလား"

"တုမန္တိုင်း နင့်ကို ပြောလို့မရတော့လည်း မတတ်နိုင်ဘူးပေါ့ဟာ၊ ငါ လျှောက်လွှာယူလာပေးမယ်၊ သေချာတာကတော့ ဦးဇော်သန်းဦးက နင့်ရုပ်ရည်ကိုမြင်ရင် အလုပ်တန်းခန့်မှာ အမှန်ပဲ"

"ဟုတ်တယ် ခင်မေလတ်ရေ၊ ဦးဇော်သန်းဦးနဲ့ တုမန္တိုင်း ရှေ့ လျှောက်ဘာတွေဖြစ်လာမလဲ ကြည့်ရဦးမှာပေါ့"

တုမန္တိုင်းကတော့ မကြာခင်မှာ ဘဝအတွက် တိုက်ပွဲဝင်ရတော့မှာကိုတွေးရင်း ရှေ့လျှောက် ဘာတွေဆက်ဖြစ်လာမလဲဆိုတာကို တွေး နေမိပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့ကိုယ်နဲ့
တစ်ဦးနဲ့တစ်ဦး
ဒေါသအရိပ်အယောင်တွေနဲ့
ကြည့်မယ့်အစား
ရှေ့မှာမြင်နေရတဲ့
လမ်းအသီးသီးကို
ကိုယ့်လမ်းအတိုင်းကိုယ်
လျှောက်ကြတာ
အကောင်းဆုံးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ပလာဇာကနေ ဝယ်စရာရှိတာတွေကို တုမနိုင်းဝယ်ယူပြီး ကားမှတ်တိုင်ရှိရာသို့ လာခဲ့သည်။

ညနေချိန်မို့ ကားမှတ်တိုင်မှာ လူက တော်တော်များသည်။ အထူးကားတွေကလည်း ယာဉ်ပေါ်မှာ ခရီးသည်က ထိုင်ခုံအပြည့်ဖြစ်သဖြင့် လုံးဝမရပ်။

မထူးတော့ပါဘူး၊ Taxi ပဲ ငှားစီးတော့မည်ဆိုပြီး ဆုံးဖြတ်ရင်း ကားမှတ်တိုင်နှင့် ခပ်ဝေးဝေးမှာ သွားရပ်လိုက်သည်။

Taxi ကားတွေကို လက်ပြတားဖို့ လုပ်တော့လည်း ကားတွေက ငှားစီးသည့် ခရီးသည်က အပြည့်ဖြစ်နေသည်။

"ညီမ ဘယ်သွားမလို့လဲ"

ကက,အငှားယာဉ်တစ်စီးက တုမနိုင်း မတ်တပ်ရပ်နေသည့်နားမှာ ရပ်တန့်လိုက်ရင်း ကားမောင်းသူက မေးလိုက်သည်။

"စံရိပ်မြိမ်ကိုပါ . . ."

"ဟာ . . . ဟန်ကျပြီ၊ ဒီက ခရီးသည်ကလည်း စံရိပ်မြိမ်ကိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ငါးရာပဲပေး"

တုမန္တိုင်းလည်း စျေးက တန်နေသဖြင့် မဆစ်တော့ဘဲ နောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

ကားစီးနေရင်းမှ တုမန္တိုင်းက လက်ထဲမှ ကိုင်ထားသော ဝယ်လာသည့် ပစ္စည်းများကို ဘေးနားချရင်းမှ ဘေးနားမှ သူမဆက်အရင်စီးလာသည့် ကားငှားလာသူကို ကြည့်လိုက်သောအခါ ထိုသူကလည်း လက်ထဲမှ ဂျာနယ်တစ်စောင်ကို ကိုင်ဖတ်နေရင်းမှ မဖတ်တော့ဘဲ လက်နှင့်လိပ်လိုက်တာကို မြင်လိုက်ရသည်။ ထိုအခါမှပဲ . . .

"ဩော် . . . ရှင်ပါလား"

"ဩော် . . . ခင်ဗျားကိုး"

တုမန္တိုင်းက ကားမောင်းသည့် ယာဉ်မောင်းထိုင်နေသည့် ထိုင်ခုံကို လက်နှင့်လှုပ်ရမ်းရင်းမှ . . .

"ဒီမှာ ကားကို ခဏရပ်ပေးပါ"

ကားမောင်းသူက ဘာများဖြစ်လို့လဲဆိုပြီး ကားကို လမ်းဘေးသို့ကပ်ပြီး ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကားက ဘာမှ မဖြစ်ဘူး၊ ဖြစ်တာက သူ့ကြောင့်"

ကားမောင်းသူခမျာ တုမန္တိုင်းစကားကြောင့် နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဒီမှာ . . . ရှင် ကားရှေ့ခေါင်းခန်းမှာ သွားစီးပေးပါ၊ ကျွန်မရဲ့ သူငယ်ချင်းတွေက ရှင်နဲ့ ဘေးချင်းယှဉ်စီးတာမြင်ရင် တစ်မျိုးမြင်သွားလိမ့်မယ်"

"ခင်ဗျားက ဘာဆိုင်လို့လဲ၊ ရဝေဆိုတဲ့ ကျုပ်ကို ဒါမျိုးတွေလာမလုပ်နဲ့ ကျုပ်က အရင်ငှားစီးလာတာ၊ ခင်ဗျားက လမ်းကနေ ဖြတ်ငှားတာလေ"

www.burmeseclassic.com



တုမန္တိုင်းစကားကြောင့် ရဝေက ဘုတောတောပြီး ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း ပြီးရော . . . ကျွန်မ ဒီမှာပဲ ဆင်းမယ်"

တုမန္တိုင်းက ပစ္စည်းတွေယူပြီး ကားပေါ်က ဆင်းမလို့ ဟန်ပြင်နေတုန်း ယာဉ်မောင်းသူက ငွေတစ်ထောင့်ငါးရာ ဆုံးရှုံးမှာ စိုးရိမ်လို့လား မသိ။

"မလုပ်ပါနဲ့ ညီမရယ်၊ အစ်ကို ဖြေရှင်းပေးပါ့မယ်"

ယာဉ်မောင်းက ရဝေ့ကိုကြည့်လိုက်ပြီး . . .

"ညီလေးရယ်၊ ကိုယ်က ယောကျ်ားသားပဲ အလျှော့ပေးလိုက်ပါ။ လာပါကွာ . . . ရှေ့ကို လာလိုက်ပါ"

'ခင်ဗျားကိုက လမ်းမှာ လူခေါ်တင်တာကိုက မှားတယ်၊ နောက်ဆိုလူကြည့်တင်ဗျာ၊ ခင်ဗျားတောင်းပန်လို့ အလျှော့ပေးလိုက်တာ"

ရဝေက နောက်ခန်းတံခါးကို ဖွင့်ပြီးဆင်းကာ ရှေ့ခန်းကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

"ကျေးဇူးပါပဲ ညီလေးရာ"

"ကျေးဇူးတွေ သိပ်မတင်နေနဲ့၊ ခင်ဗျား ငွေတစ်ထောင့်ငါးရာ မရမှာစိုးလို့ မဟုတ်လား"

"ဟဲ . . . ဟဲ . . . ညီလေးကလည်း . . ."

ကားမောင်းသူက သွားတွေပေါ်အောင် ရယ်လိုက်ရင်းမှ ကားကို စက်နှိုးလိုက်သည်။

ကားမောင်းနေရင်း ရဝေ စဉ်းစားပါသည်။ သည်အမျိုးသမီးနှင့် ဆုံတိုင်း ဘယ်လိုဖြစ်လို့ ပြဿနာက တစ်ခုမဟုတ်တစ်ခု ဖြစ်ရသလဲလို့။

□

တုမန္တိုင်း နှုတ်ခမ်းကိုစူထားရင်းမှ ရဝေဆိုသည့်လူနှင့် ဆုံမှဆုံ



www.burmeseclassic.com

www.burmeseclassic.com



တတ်လေတယ်လို့။

နောက်ထပ် ဘယ်နှစ်ခါများ သည်လိုမျိုး ပြဿနာတွေနှင့် ကြုံလေဦးမလဲ၊ သူမအဖို့ မသိရေးချ မသိပါ။

❑

လက်ဖက်ရည်ဆိုင်ထဲကနေ လမ်းမဆီသို့ ဟန်တိုးလည်တဆန့်ဆန့်နှင့် မျှော်လို့နေသည်။ သည်အချိန်ထိ ဘာလို့မရောက်သေးသလဲဆိုပြီး စိတ်ထဲကနေ မကျေမနပ်ဖြစ်နေမိသည်။ မှာထားသော လက်ဖက်ရည်ကိုတောင် မသောက်နိုင်။ ဟန်တိုးဖြစ်နေသည့် ပုံစံကိုကြည့်ပြီး ကျော်ကြားကရယ်ချင်နေမိသည်။

"ဟန်တိုးရာ မင်းရဲ့စာလေးခွေရောင်းတဲ့ ဟာရှင်ဘိုင် လာမှာပါ။ မပူပါနဲ့ကွာ . . . မင်းဖြစ်ပုံက လူမြင်လို့ မကောင်းပါဘူးကွာ"

"မြင်ကောင်းတာတွေ မကောင်းတာတွေ အသာထား၊ အဆောင်မှာ ငါမွေးထားတဲ့ ကြောင်လေးတွေ ဆာနေလောက်ပြီ၊ သူတို့ခမျာ မင်းကိုယ်ချင်းစာကြည့်စမ်း၊ ငါတို့က လက်ဖက်ရည်သောက်နေချိန်မှာ သူတို့လေးတွေက ညနေစာ ဘာမှမစားရသေးဘူး၊ မင်းက တိရစ္ဆာန်လေးတွေကို မချစ်တတ်တော့ ဘယ်စာနာနိုင်ပါ့မလဲ"

ကျော်ကြားတစ်ယောက် ဟန်တိုးစကားကို ပြန်လည်မချေပတော့ပါ။ သည်ကောင် ကြောင်တွေကိုချစ်တာ အဆောင်နေသူတွေ အားလုံးအသိ။ သူမွေးထားသော ကြောင်တွေကို တစ်ယောက်ယောက်ကများ ရိုက်လို့ကတော့ ယောကျာ်းကြီးတန်မယ့် ရန်တွေ့တာတွေက ရှိသေးသည်။ အချိန်ရရင် ရသလို ကြောင်တွေကို တစ်ခုပြီးတစ်ခု ကျွေးသေးသည်။ ကိုယ်ဝမ်းသာ ကိုယ်မဖြည့်ချင်နေမည်။ ကြောင်တွေအတွက်ဆိုလျှင် ဘယ်လောက်ကုန်ကုန်။ တစ်လတစ်ခါ သူ့ကြောင်တွေကို တိရစ္ဆာန်ဆေးရာဝန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကလည်း သူ့အဖို့ အလုပ်တစ်ခုဖြစ်နေသည်။

"စာလေးခွေတွေရမယ်၊ စာလေးခွေတွေ"

လမ်းမဆီကနေ အမျိုးသမီးက စာလေးခွေတွေ ထည့်ထားသော ပလပ်စတစ်အိတ်ကြီးကိုရွက်ပြီး အော်ရောင်းနေတာကို မြင်လိုက်သဖြင့် ဟန်တိုး ထိပေါက်သလို ဝမ်းသာသွားသည်။

"လာပါဦး . . . ဒီကို"

စာလေးခွေရောင်းသူကို လက်ဖက်ရည်ဆိုင်ထဲကနေ ဟန်တိုးက လှမ်းခေါ်သဖြင့် လက်ဖက်ရည်ဆိုင်ထဲ ဝင်ချလာသည်။

"ဟာရှင်ဘိုင် မလာတော့လည်း လာတဲ့သူဆီက ဝယ်ရမှာပဲ"

ကျော်ကြွားကို ဟန်တိုးက ပြောလိုက်ရင်းမှ အင်္ကျီအိတ်ထဲမှ ငွေနှစ်ရာတန်ကို ထုတ်လိုက်ပြီး . . .

"စာလေးခွေ နှစ်ရာဖိုးပေးပါ"

စာလေးခွေရောင်းသူ အမျိုးသမီးက ဟန်တိုးလက်ထဲသို့ စာလေးခွေနှစ်ရာဖိုး ရှစ်ခုပေးလိုက်ပြီး ပိုက်ဆံယူကာ ဆိုင်ထဲမှ ထွက်သွားသည်။

"တော်သေးတာပေါ့ ကျော်ကြွားရာ၊ ဟာရှင်ဘိုင် မလာပေမယ့် နောက်စာလေးခွေသည် ရောက်လာလို့ ကြောင်လေးတွေ စာလေးခွေ မငတ်တော့မှာ"

ဟန်တိုးက အခုမှ သူ့ရင်ထဲက အလုံးကြီးကျသွားလေသည့် ပုံစံမျိုးနှင့် ဝမ်းသာအားရပြောလိုက်သည်။

"ဟေ့ . . . ဟန်တိုး၊ နာ . . . ဒီနေ့ နည်းနည်းနောက်ကျသွားတယ်၊ နာ့ကို ခွင့်လွှတ်ဟာ . . . အိမ်က မိန်းမက ဈေးဝယ်ခိုင်းလို့ သွားရတာ၊ အရောင်းနောက်ကျသွားတယ်၊ ဒီနေ့လည်း နှစ်ရာဖိုးပဲလား"

စာလေးခွေထည့်ထားသော ပလတ်စတစ်အိတ်ကြီးကို ခေါင်းပေါ်ရွက်ထားသော ဟာရှင်ဘိုင်က လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီး စာလေးခွေထည့်ထားသော အိတ်ကိုချလိုက်ရင်းမှ ဟန်တိုးကို မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာရှင်ဘိုင်ရာ . . . ခင်ဗျားကို မျှော်နေတာ ကြာလှပြီ၊ ခင်ဗျား မလာနိုင်လို့ စောစောကလေးတင် တစ်ခြားစာလေးခွေသည်ဆီက စာလေးခွေနှစ်ရာဖိုးဝယ်လိုက်ရတယ်၊ ခင်ဗျားသာစောင့်ရရင် ကျွန်တော့်ကြောင်လေးတွေ စာလေးခွေငတ်ပြီ"

ဟန်တိုးစကားကြောင့် ဟာရှင်ဘိုင် မျက်နှာပျက်သွားရင်း စားပွဲခုံပေါ်မှာရှိနေသော ဟန်တိုးဝယ်ထားသည့် စာလေးခွေတွေကို ကြည့်လိုက်ပြီး . . .

"ဒါ . . . နင် . . . နာ့ကို စိတ်ဆိုးအောင်လုပ်တာ၊ ဖောက်သည်ပျက်အောင်လုပ်တာ၊ နင် စောင့်ပေ့ါ၊ နာလာမှာပေ့ါ၊ ဟာရှင်ဘိုင်ဆိုတဲ့ငါက ဘယ်တော့မှ ကိုယ့်ဖောက်သည်အပေါ် သစ္စာမဖောက်ဘူး၊ အချိန်တိကျတယ်၊ ဒီနေ့မှ မိန်းမက ဈေးကိုခိုင်းလို့ နောက်ကျသွားတာ၊ ကိုယ့်ပစ္စည်းကို ဝယ်နေကျ စားသုံးသူတစ်ဦးက နောက်လူအသစ်ဆီက တုန်ပစ္စည်းကို ဝယ်တယ်ဆိုတာ ဘယ်လောက်အခံရခက်တယ်မှတ်လဲ၊ စားသုံးသူဆိုတာ ဘုရားသခင်လို့ ပြောကြတယ်၊ ဟုတ်တယ် . . . ကုန်ပစ္စည်း ရောင်းတဲ့သူကလည်း ဘုရားသခင်နဲ့ ကြွေအံကစားသူပဲ"

ဝယ်နေကျ စာလေးခွေနှစ်ရာဖိုး တစ်နေ့ပျက်ကွက်တာကို ဘဏ်ကြီးတစ်လုံး ဒေဝါလီခံလိုက်ရသလိုမျိုး စာလေးခွေရောင်းသော ဟာရှင်ဘိုင်က စကားလုံးအကြီးကြီးတွေပြောရင်း ပေါက်ကွဲနေပါတော့သည်။

"ကဲ . . . ဟာရှင်ဘိုင် . . . ပေါက်ကွဲစရာရှိရင် နောက်မှပေါက်ကွဲတော့ ငါ့ကြောင်လေးတွေ ဆာနေလောက်ပြီ"

"အေးရတယ်၊ နင့်ကို နောက်နေ့ကစပြီး စာလေးခွေ မရောင်းတော့ဘူး၊ အမြဲတမ်း ဝယ်နေကျလူကို အချိန်လေးခဏတောင် မစောင့်နိုင်ဘဲ အခြားလူဆီက ဝယ်တာမျိုးကို နာ,လုံးဝလက်မခံနိုင်ဘူး . . . ဒါပဲ"

ဟာရှင်ဘိုင်က ဟန်တိုးကို ဒေါသတကြီးပြောဆိုရင်း စာလေးခွေ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးကို ခေါင်းပေါ်ရွက်ပြီး ဆိုင်ထဲကနေ ထွက်သွားသည်။

"ဟာရှင်ဘိုင်တို့များ စာလေးခွေရောင်းလို့ ရွှေသာရောင်းရင် ဘုရင်ခံလေသံမျိုးများ ဖြစ်မလားမသိဘူး၊ သူ့စာလေးခွေလေး တစ်ရက် မဝယ်မိပါတယ်၊ ပြောလိုက်တာများကွာ"

ဟန်တိုးက ဟာရှင်ဘိုင် ဆိုင်ထဲက ထွက်သွားတာကိုကြည့်ရင်းမှ စကားပြောလို့အဆုံး ဆိုင်ထဲသို့ ရဝေဝင်လာသဖြင့် . . .

"ကျော်ကြား . . . ဟိုကောင် သင်တန်းက ပြန်လာတာ ဘာတွေ ပေါက်ကွဲလာသလားမသိဘူး၊ မျက်နှာစူပုပ်နေတာပဲ"

"ဒီကောင်တော့ တစ်ခုခုဖြစ်လာပြီ ထင်တယ်"

ရဝေက ဟန်တိုးနှင့် ကျော်ကြားတို့နားက လွတ်နေသော ခုံတွင် ဝင်ထိုင်လိုက်သည်။

"ပြဿနာကတော့ အလုံးလိုက်စောင့်တာပဲ၊ ဟိုတစ်နေ့က အလျှ မှာ ပြဿနာဖြစ်တဲ့ ငါတို့ရှေ့က မိန်းကလေးဆောင်က အမျိုးသမီးလေ ဒီနေ့လည်း ပြဿနာထပ်ဖြစ်ပြန်တယ်ကွာ"

ရဝေက ဖြစ်သမျှအကြောင်းစုံကို လက်ဖက်ရည်တောင် မမှာ အားဘဲ ရင်ဖွင့်ပြောဆိုတာကို ကျော်ကြားနှင့် ဟန်တိုးနှစ်ယောက်သား စိတ်ဝင်တစားနှင့် နားထောင်လို့နေတာ ဘာထင်မြင်ချက်မှ ဝင်မပေး ကျော်ကြားကလည်း ဟန်တိုးကို စာလေးခွေရောင်းသူ ဟာရှင်ဘိုင်က ဒေါသတကြီး ပေါက်ကွဲတာကို ပြောပြတော့ ရဝေလည်း နားထောင်ရင်းမှ ရယ်မိသွားသည်။

ဟိုပြောဒီပြောနှင့် သုံးယောက်သား ပြောနေကြတာ ဟန်တို တစ်ယောက် သူ့ကြောင်လေးတွေ စာလေးခွေ ကျွေးဖို့တောင် မေ့သွာ ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲဟာ . . . အဲ့ဒီရဝေဆိုတဲ့ လူနဲ့ ငါနဲ့က ဘယ်လိုရေစက်ပါသလဲတော့ မသိဘူး၊ တွေ့လိုက်တာနဲ့ ပြဿနာအဖုအထစ်ကလေးတွေနဲ့"

ခင်မေလတ်နှင့် မြသက်မူတို့ အလုပ်ကနေ ပြန်ရောက်လာပြီး ရေမိုးချိုးလို့ ထမင်းစားရင်းမှ ညနေက ဖြစ်သည့်ကိစ္စနှင့် ပတ်သက်ပြီး တုမနှိုင်းက ပြောပြတော့ သူငယ်ချင်းမနှစ်ယောက်က ဘာမှမပြောဘဲ ထမင်းကိုစားလိုက် ရယ်လိုက်နှင့် ရှိနေပါသည်။

သည်နေ့မှ မတုတ်ကလည်း အိမ်မပြန်သေးဘဲ တစ်ဆောင်လုံးမှာရှိသည့် မိန်းကလေးတွေ၏ အင်္ကျီအဝတ်အစားတွေကို တုမနှိုင်းတို့အခန်းထဲမှာလာပြီး မီးပူတိုက်လို့နေသည်။

"တုမနှိုင်းပြောတဲ့ ရဝေဆိုတာ မတုတ်သိတယ်၊ အဲ့ဒီကောင်လေးက သင်္ဘောအင်ဂျင်နီယာသင်တန်းတက်နေတာ၊ နိုင်ငံခြားသင်္ဘောလိုက်ဖို့ ပြောတယ်၊ သူ့မိဘတွေက နယ်မှာ ချမ်းသာတယ်ပြောတာပဲ၊ အဲ . . . သူ့သူငယ်ချင်းနှစ်ယောက်ရှိတယ် ကျော်ကြားနဲ့ ဟန်တိုးဆိုတာ၊ အဲ့ဒီဟန်တိုးက ကြောင်တွေ သိပ်ချစ်တာ၊ အဆောင်မှာ ကြောင်တွေမွေးထားတာ အများကြီးပဲ၊ အဲ . . . ရှိသေးတယ်၊ ဟန်တိုးက သူ့ကုမ္ပဏီပိုင်ရှင်သူဌေးသမီးယောက်ျားယူသွားလို့ အလုပ်က ထွက်လိုက်တာတဲ့"

"မတုတ် . . . မတုတ်ပြောမှပဲ သတင်းစုံ အကုန်သိရတော့တာပဲ၊ နောက်ထပ်သတင်းထူးရင်လည်း ပြောဦးနော်"

"စိတ်ချ မြသက်မူရေ . . . မတုတ်တို့က ရရှိတဲ့သတင်းတွေကို ဘယ်တော့မှ ထိန်ချန်မထားဘူး"

မတုတ်က သူ့စကားကို သူကျေနပ်ပြီး အင်္ကျီတွေကို မီးပူဆက်တိုက်နေသည်။

"ဒါနဲ့ တုမနှိုင်း . . . မနက်ဖြန်ကြရင် ငါ အလုပ်က လျှော်ကော်ယွာယူလာပေးမယ်၊ ကုမ္ပဏီပိုင်ရှင် ဦးဇော်သန်းဦးက စာရင်းစစ်လိုနေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ပြောတယ်”

“အင်း . . . အလုပ်လျှောက်တဲ့အခါ ဦးဇော်သန်းဦးနဲ့ တုမန္တိုင်းတို့နှစ်ယောက် တွေ့ကြပြီပေါ့ဟာ၊ ဘာတွေ ဖြစ်လာမလဲ ကြည့်ရဦးမှာပဲ”

ခင်မေလတ်နှင့် မြသက်မူတို့နှစ်ယောက် အပြန်အလှန်ပြောနေတာကို မီးပူတိုက်နေသော မတုတ်က စိတ်ဝင်တစား နားထောင်ရင်း ဘာစကားမှမပြောဘဲ တစ်ခြားလူတွေကို သတင်းထုတ်ပြန်ဖို့ အလွတ်များ ကျက်နေသလား မသိပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အရိပ်စိုးစရာ မလိုပါဘူး။

ကိုယ့်အရိပ်

ကိုယ်ဖန်တီးပြီး သွားဖို့ပဲ လိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူငယ်ချင်းမနှစ်ယောက်ပြောတာ မှန်နေပါသည်။

တုမနှိုင်း အလုပ်ခန့်ဖို့ လျှောက်လွှာစာရွက်ကိုကိုင်ပြီး 'ရွှေဖြိုး' ကုမ္ပဏီပိုင်ရှင် ဦးဇော်သန်းဦးရှိနေသော အခန်းထဲသို့ ဝင်လာသောအခါ ဦးဇော်သန်းဦးက တုမနှိုင်းခန္ဓာကိုယ်တစ်ခုလုံးကို မော်ဒယ်ရွေးလျှောက်ပွဲမှာ ဒိုင်က အသေးစိတ်ကြည့်သလိုမျိုး အကဲခတ်လို့နေသည်။

တုမနှိုင်းအဖို့ တစ်ခါဖူးမှ ဒါမျိုးတွေ မဖြစ်ဖူးသဖြင့် ကြက်သီးတွေထတာ ပြောမနေနှင့်တော့။

"ညီမလေးတုမနှိုင်းကို အစ်ကိုကြီးက စာရင်းစစ်ဆိုတာထက် အစ်ကိုကြီးရဲ့ အတွင်းရေးမှူးအဖြစ် ခန့်ချင်တယ်၊ အစ်ကိုကြီးရဲ့ လိုအပ်ချက်တွေကို အသေးစိတ်ညွှန်ကြားပေးပေ့ါ၊ ဒီလိုကွာ . . ဝတ်တာစားတာ နေတာထိုင်တာက အစပေါ့၊ အစ်ကိုကြီးက လူမျိုးကြီးဆိုတော့ ဖြစ်သလိုနေတဲ့အခါမျိုးမှာ ကိုယ့်ရဲ့အတွင်းရေးမှူးက ဒီလိုသတိပေးတော့ အစ်ကိုကြီးဆင်ခြင်လို့ ရတာပေ့ါ၊ ပြီးတော့ တုမနှိုင်းလို့ အစ်ကိုကြီးမခေါ်ချင်ဘူး။ နှိုင်းလို့ပဲ ခေါ်မယ် . . . ခေါ်ခွင့်ပြုနော်၊ ကျန်တဲ့ လျှောက်တဲ့သူတွေကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အစ်ကိုကြီးရဲ့မန်နေဂျာကို သင့်သလို ခန့်ခိုင်းလိုက်မယ်၊ နှိုင်းကတော့ ဒီကုမ္ပဏီရဲ့ မသိသေးတဲ့ဟာတွေ အစ်ကိုကြီး ရှင်းပြမယ်၊ ဒီမှာမှ နား မလည်ရင် အစ်ကိုကြီးအိမ်ကို နှိုင်းလိုက်ခဲ့၊ ရေမီးအစုံနဲ့ကို ရှင်းပြပေးမယ်၊ ပြီးတော့ နှိုင်း ဒီကိုလာမယ်ဆို အစ်ကိုကြီး နေ့တိုင်းလာကြိုပေးမယ်လေ"

"ရပါတယ် မလိုပါဘူး၊ နိုင်ငံတော်က စီမံပေးထားတဲ့ အထူး ကားတွေ ရှိပါတယ်"

"အို . . . ဘယ်ဟုတ်ပါ့မလဲ နှိုင်းရယ်၊ နှိုင်း အဲ့ဒီကားတွေစီးရင် အစ်ကိုကြီးရဲ့ အတွင်းရေးမှူးမလေး နှိုင်းအနေနဲ့ လူတွေဘာတွေ တိုးစီး ရမှာဆိုတော့ အလှတွေ ပျက်ကုန်မှာပေါ့ကွာ"

"အထူးကားက လူတိုးစီးစရာမှ မလိုတာ၊ ကျွန်မအတွက် ခေါင်းထဲထည့်ပြီး စဉ်းစားမနေပါနဲ့၊ အဓိက အရေးကြီးတာက ဒီကုမ္ပဏီ စီးပွားတိုးတက်ဖို့ပဲ လိုတာ"

"မှန်လိုက်တာ နှိုင်းရယ်၊ ဒီလိုစကားမျိုး ဘယ်သူမှ မပြောဖူးဘူး"

တုမနှိုင်း တော်တော် စိတ်ညစ်သွားပါသည်။ ကုမ္ပဏီပိုင်ရှင် ဦးဇော်သန်းဦး၏ အတွင်းရေးမှူးအဖြစ် အနီးကပ် နေ့စဉ်တာဝန်ထမ်း ဆောင်ဖို့ကတော့ ရှေ့လျှောက်ဖြစ်ပေါ်လာမည့် အဖြစ်အပျက်တွေ အတွက် တွေးရင်းက ကြက်သီးတွေဘာတွေတောင် ထသွားပါသည်။

"နှိုင်း . . . ရုတ်တရက်ကြီး ငြိမ်ကျသွားတာ၊ ဘာတွေ တွေးနေ တာလဲ၊ အခုလို အစ်ကိုကြီးရဲ့ အတွင်းရေးမှူးအဖြစ် အလုပ်ရတာ ဝမ်း သာရဦးမှာ၊ ဘာလဲ . . . အိမ်မှာ အဆင်မပြေတာတွေ ရှိလို့လား၊ အစ်ကိုကြီး ဘာအကူအညီပေးရမလဲ၊ ပြော . . . ပြောကွာ အားနာမနေနဲ့"

"အို . . . မဟုတ်ပါဘူး၊ ဖယ်ပါ"

ပြောပြောဆိုဆိုနှင့် ဦးဇော်သန်းဦးက ထိုင်ရာကနေ ထလိုက်ပြီး တုမနှိုင်းနားရောက်လာရင်းမှ မသိမသာ တုမနှိုင်းလက်မောင်းကို လှမ်း ကိုင်သဖြင့် တုမနှိုင်း ဒေါသဖြစ်သွားရင်းမှ ဦးဇော်သန်းဦး၏လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ချလိုက်သည်။

"မနက်ဖြန် . . . ဒီကုမ္ပဏီမှာ အလုပ်စဆင်းရမှာဆိုတော့ ဘယ်လို လှလှပပ ဝတ်စားဆင်ယဉ်ရမလဲလို့ စဉ်းစားနေလို့ပါ"

မုသာဝါဒ စကားသုံးပြီး တုမန္တိုင်းပြောလိုက်တာ ဦးဇော်သန်းဦး မျက်နှာက ပျားရည်လောင်းထားသလိုမျိုး ဖြစ်သွားပါသည်။

"အို! . . . ဟုတ်တာပေါ့၊ လှအောင်သာ ဝတ်ခဲ့ . . . ဝတ် . . . ဝတ် . . . တုမန္တိုင်းရဲ့အလှကို အစ်ကိုကြီး ခံစားမယ်၊ အဲ . . . မဟုတ်ပါဘူး အစ်ကိုကြီးရဲ့ အတွင်းရေးမှူးမလေးဟာ ဘယ်လောက်ချောကြောင်း ကျန်တဲ့လူတွေကို ကြွားရမယ်၊ ပြီးတော့ အစ်ကိုကြီးက နှိုင်းလှသထက် လှအောင်ကို အဝတ်အစား ဒီဇိုင်းမျိုးစုံ ဖန်တီးပေးမယ် . . . စိတ်ချ"

ဦးဇော်သန်းဦးကို မုသာဝါဒစကားတွေ သုံးမှပဲ ပြဿနာက တုမန္တိုင်းအတွက် အတုံးလိုက်အတစ်လိုက် ဝင်ဆောင့်ပြီလို့။

"ရပါတယ် အစ်ကိုကြီးရယ် . . . တုမန္တိုင်းကို ဒီလိုအလုပ်ခန့်တဲ့ အတွက် Thank you နော်၊ မနက်ဖြန်မှ ကုမ္ပဏီမှာ အလုပ်စဝင်တော့ မယ်၊ ဒါပဲနော် . . . ခွင့်ပြုပါဦး"

တုမန္တိုင်းက ထိုင်ရာမှထပြီး နှုတ်ဆက်စကားဆိုတာကို ဦးဇော် သန်းဦးက အကျေနပ်ကြီး ကျေနပ်နေတာ မျက်နှာကြီးက ပျားရည်တိုင်ကီ မှောက်ကျသလိုမျိုး ဖြစ်နေပါတော့သည်။

□

"အမလေးလေး!! ဦးဇော်သန်းဦးတို့များ တုမန္တိုင်းကို အလုပ် ခန့်မယ် ခန့်တော့လည်း သူ့ရဲ့အတွင်းရေးမှူးတဲ့၊ သေချာတာက နှင်းဆီ ဘာမှလုပ်ခိုင်းမှာ မဟုတ်ဘူး၊ သူ့အခန်းက ဘေးစားပွဲမှာ ထိုင်ခိုင်းပြီး နှင့်ကို ထိုင်ငမ်းနေမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်တုန်းက အလုပ်မှလျှောက်သည့်ကိစ္စကို အဆောင်ရောက်တော့မှ တုမနိုင်းတို့ သူငယ်ချင်းမသုံးဦး ဖောက်သည်ချသောအခါ ခင်မေလတ်က တုမနိုင်းကိုကြည့်ရင်း ပြောလိုက်သည်။

"ဦးဇော်သန်းဦးက တစ်ခါဖူးမှ သူရဲ့အတွင်းရေးမှူးအဖြစ် ခန့်ဖူးတာမဟုတ်ဘူး၊ တုမနိုင်းကိုတွေ့မှ အားပါသွားတာပဲ ဖြစ်မယ်၊ အရင်ခပ်ချောချော ဝန်ထမ်းအမျိုးသမီးတွေတုန်းကတောင် တုမနိုင်းလောက်နေရာပေးတာ မဟုတ်ဘူး၊ သူတို့လည်း မခံနိုင်ပါဘူး၊ ဦးဇော်သန်းဦးငမ်းကြောထလွန်းလို့ ပြေးကြတာချည်းပဲ၊ ငါတို့သာ ကျန်တာ လခကောင်းလို့ နေနေတာ"

မြသက်မှူစကားအဆုံး ခင်မေလတ်က . . .

"ဟဲ့ . . . တုမနိုင်း၊ နင့်ကို လစာဘယ်လောက်ပေးမယ်လို့ . . . ပြောလဲ"

"ဝင်ဝင်ချင်းလကနေ ခြောက်လအထိ လစာငွေနှစ်သိန်းပေးမယ် ပြောတယ်၊ နောက်ထပ် တိုးပေးမယ်တဲ့"

တုမနိုင်းစကားကြောင့် ခင်မေလတ်နှင့် မြသက်မှူတို့ အံ့အားတသင့် ဖြစ်သွားရင်းမှ မြသက်မှူက . . .

"ဟယ် . . . နှစ်သိန်းတောင် ဘုရား! ဘုရား!၊ ဦးဇော်သန်းဦး ဘယ်လိုစိတ်ကူးတွေ ပေါက်သွားသလဲ မသိဘူး"

"မြသက်မှူ နင့်လက်ကို ရင်ဘတ်နဲ့ မဖိနဲ့၊ ဦးဇော်သန်းဦးက ငမ်းကြောဆွဲပြီး ကြောင်တောင်တောင်သာလုပ်တာ သဘောကတော့ ကောင်းတာ သိသားပဲဟာ"

ခင်မေလတ်က အံ့အားတသင့်နှင့် ရင်ဘတ်ကို လက်နှင့်ဖိလိုက်သည့် မြသက်မှူကို စကားပြောလို့အပြီးမှာ မြသက်မှူက . . .

"ငါတော့ မြင်ယောင်နေမိတယ်၊ တစ်လငွေနှစ်သိန်း လစာရတဲ့ အတွင်းရေးမှူးမလေး တုမနိုင်းတစ်ယောက် ဘယ်လောက်တောင် ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



သန်းဦးရဲ့ တစ်နေကုန်ထိုင်ပြီး တစ်စိမ့်စိမ့်ငမ်းကြောဆွဲပြီး ဇိမ်ခံကြည့်တဲ့ အရသာကို ဘယ်လောက်တောင် ခံစားရမလဲလို့"

"ဟုတ်တယ် မြသက်မှုရေ . . . တုမန္တိုင်းရောက်လာရင်တော့ ဦးဇော်သန်းဦးတစ်ယောက် အကျေနပ်ကြီးကျေနပ်ရင်း ကုမ္ပဏီဝန်ထမ်းတွေကို သဘောမနော အရင့်အရင်ထက် ပိုကောင်းလာပြီး ဟိုဟာဝယ်ကျွေး၊ ဒီဟာဝယ်ကျွေးတွေ လုပ်လာဦးမှာပဲ"

ခင်မေလတ်က ရယ်ကာမောကာ ပြောလို့အပြီးမှာ တုမန္တိုင်းက ပြတင်းပေါက်ကနေ အပြင်ဖက်သို့ ကြည့်လိုက်တော့ ယောက်ျားလေးအဆောင်ရှေ့မှာ ဂစ်တာတီးနေသူအချို့ကို မြင်ရသည်။

"ခင်မေလတ်နဲ့ မြသက်မှု . . . ငါဟာ ယောက်ျားလေးတစ်ယောက် တဏှာစိတ်နဲ့ တစိမ့်စိမ့်ကြည့်ပြီး သူ့ဖက်ပါလာမလားလို့ ငွေနှစ်သိန်းကို ငါးစာတပ်ပြီး အဲ့ဒီငါးမျှားချိပ်မှာ သွားအချိပ်ခံမယ်သူ ထင်နေလား၊ ငါ့မှာ အကြံရှိပြီးသား၊ အဲ့ဒီအကြံကို ငါမနက်ဖြန်မှာ စမယ်၊ အခုအချိန်ရှိသေးတယ် လှည်းတန်းထိပ်ကို သွားမယ်၊ ငါ ဘာလုပ်မလဲဆိုတာ လမ်းကျမှ ပြောပြမယ်"

တုမန္တိုင်းစကားကို ကျန်သည့် သူငယ်ချင်းမနှစ်ယောက်က နားမလည်သလို ဖြစ်သွားပါသည်။

အမျိုးသမီးဆောင်ကနေ လှည်းတန်းသို့ သွားသည့်လမ်းတစ်လျှောက်လုံး တုမန္တိုင်းက သူမ စီစဉ်ထားတာတွေ ပြောပြတော့ သူငယ်ချင်းမနှစ်ဦးက စိုးရိမ်တကြီးဖြစ်နေပေမယ့် တုမန္တိုင်းကတော့ သူမအစီအစဉ်ကို အကျေနပ်ကြီး ကျေနပ်နေပါသည်။

မနက်ဖြန်ဆို တွေ့ပြီပေါ့လေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဆုံးဖြတ်ချက်ထားတဲ့
ကိစ္စအတွက်
ဓရော‌သောပါး ကြောက်စိတ်တွေ
ရှိဖို့ မလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

တုမန္နိုင်း ကုမ္ပဏီရုံးခန်းထဲကို သူငယ်ချင်းမနှစ်ဦးနှင့်အတူ ဝင်လာသောအခါ ကုမ္ပဏီရုံးခန်းထဲမှာ ရှိနေသော ဝန်ထမ်းတွေက စူးစမ်းစပ်စုသည့် မျက်လုံးတွေနှင့် ကြည့်နေသည်ဆိုတာ တုမန္နိုင်း သိလိုက်သည်။

သည်နေ့ ကုမ္ပဏီမှာ အတွင်းရေးမှူးမအဖြစ် အလုပ်စဝင်တာဆိုတော့ တုမန္နိုင်း အပီအပြင် အစွမ်းကုန်ချယ်သဖြီးလိမ်း ဝတ်စားဆင်ယင်လာခဲ့သည်။ ကုမ္ပဏီလာခါနီးမှန်ထဲမှာ ကိုယ့်ကိုကိုယ် ပြန်ကြည့်ရင်း သည်နေ့ နာမည်ကြီးနေသော ရုပ်ရှင်၊ ဗွီဒီယိုမင်းသမီးတွေလောက်တော့ သနားလောက်တယ်ဆိုပြီး စိတ်ထဲကနေ ပြောနေမိသေးသည်။

မနေ့က သူမနှင့်အတူ အလုပ်လာလျှောက်သည့်သူတွေထဲက ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသော အမျိုးသမီးတချို့ စားပွဲအသီးသီးမှာ ထိုင်လို့နေသည်။ သူတို့တစ်တွေလည်း ဘာထူးလဲ၊ စပ်စုသည့် အကြည့်တွေ ကိုယ်စီနှင့်။

ဦးဇော်သန်းဦးရှိနေသော ကုမ္ပဏီရုံးခန်းတံခါးကိုဖွင့်ပြီး တုမန္နိုင်း ပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တော့ ကြည့်ကောင်းပြီလို့။

"နှိုင်း . . . လာ . . လာ . . . ဟိုဘက်စကားပွဲခုံမှာ ထိုင်၊ အဲ့ဒီမှာ နှိုင်းထိုင်ရမှာ"

အခန်းထဲသို့ ဝင်လာသည့် တုမနှိုင်းကို ဦးဇော်သန်းဦးက စား တော့၊ ဝါးတော့မတတ် အကြည့်နှင့်ကြည့်လိုက်ရင်း နှုတ်ဆက်စကားဆို ကာ ထိုင်နေရာကနေ ထလိုက်သည်။

တုမနှိုင်းက အလိုက်သင့်ပြုံးပြရင်း သူမ့စားပွဲခုံရှိရာသို့ သွား လိုက်ပြီး ပုခုံးထက်မှာ လွယ်လာသည့် စလင်းဘတ်အိတ်ကို ချထားလိုက် သည်။ ပြီးတော့ ညာဘက်လက်မှာ ဆွဲလာသည့် ဆွဲခြင်းကိုပါ စားပွဲခုံပေါ် တင်လိုက်သည်။

"ဒီနေ့လို အလုပ်စဝင်တဲ့ နေ့မျိုးမှာတောင် နှိုင်းက ဒီလောက် လှနေရင်တော့ နောက်ရက်တွေဆိုရင် ပိုလှသထက်ပိုလှပြီ၊ အစ်ကိုကြီး တော့ကြွားလို့ရပြီ၊ ကျန်တဲ့ ကုမ္ပဏီပိုင်ရှင်တွေကို ဒီမှာတွေ့လား၊ ငါ့ရဲ့ အတွင်းရေးမှူးမလေး မင်းသမီးတွေလောက်တော့ သနားတယ်လို့"

"အဲ့ဒီလောက်လည်း မမြှောက်ပါနဲ့ ဘော့စ်ရယ်"

ဦးဇော်သန်းဦးက ထိုင်ရာမှ ထလာပြီး တုမနှိုင်းစားပွဲနားသို့ ရောက်လာရင်းက ချီးကျူးစကားပြောသဖြင့် တုမနှိုင်းက အလိုက်သင့်ပြန် ပြောလိုက်သည်။

ဦးဇော်သန်းဦးအကြည့်က ခုံပေါ်မှာ တင်ထားသည့် ဆွဲခြင်းဆီ သို့ ရောက်သွားသည်။

"နှိုင်း . . . ဆွဲခြင်းထဲမှာလည်း ပစ္စည်းတွေက အပြည့်ပါလား ဘာတွေလဲ"

ဦးဇော်သန်းဦး စကားအဆုံး တုမနှိုင်းက . . .

"ဪ . . . ပစ္စည်းတွေလား၊ ဒါက ကလေးနို့မှုန့်ဗူး၊ ဒါက နို့သီး ခေါင်းနဲ့ နို့ပုလင်း၊ ဒါက ကလေးသရေခံ၊ ဒါက ကလေးအကျီနဲ့ ဘောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘိတွေ၊ ဒါ ကလေးငိုရင် ချော့ဖို့ ဂျောက်ဂျက်၊ ဒါက ကလေးရှူးရှူးတို့ အီးအီးတို့ ပေါက်ရင်ပါရင် လုံတဲ့ဘောင်းဘီတွေလေ"

တုမန္တိုင်း၏ဆွဲခြင်းထဲက ထုတ်ပြသော ပစ္စည်းတွေကိုကြည့်ပြီး ဦးဇော်သန်းဦးက နားမလည်သလို ဖြစ်လို့နေသည်။

"ဒါတွေက နှိုင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ အစ်ကိုကြီးတော့ နားမလည်တော့ဘူး နှိုင်းက ဒီနေ့အလုပ်စဝင်ဝင်ချင်းမှာပဲ အစ်ကိုကြီး တော့ ခေါင်းစားပြီကွာ၊ သွေးတွေတောင် တိုးလာပြီ ထင်တယ်"

ဦးဇော်သန်းဦးက ဗီဒီယိုဇာတ်ဝင်ခန်းတွေထဲမှာ သရုပ်ဆောင် ဇော်ဦးအမူအရာလုပ်သလိုမျိုး ခေါင်းကို လက်နှင့်ဖိကိုင်လိုက်ရင်းမှ ညည်း သည့်လေသံမျိုးနှင့် စကားဆိုပါသည်။

"ဒါတွေလား ဒါတွေက ကျွန်မရဲ့ တစ်နှစ်သားကလေးအတွက် လေ"

"ဘာ!! . . . ဘာ!! . . . ဘယ်လို!! နှိုင်းရဲ့ ကလေးဟုတ်လား"

"ဟုတ်တယ် . . . ကျွန်မက ဒီမှာအလုပ်ဝင်တော့ ကလေးကို လူငှားနဲ့ ထားခဲ့ရတာဆိုတော့ ကလေးအတွက် လိုအပ်တာတွေ ဝယ်နေ တာပေါ့။ ဒီနေ့က အိမ်အနီးနားက ကလေးအမေတစ်ယောက်နဲ့ ဖြစ်သလို ထားခဲ့ရတာ၊ မနက်ဖြန်မှ ကလေးထိန်းရမှာ၊ ဒါကြောင့် ဒီနေ့အလုပ်ကို လာတော့ လမ်းကြုံတာနဲ့ ကြိုဝယ်ထားရတာ"

တုမန္တိုင်းစကားကို နားထောင်နေသော ဦးဇော်သန်းဦးတစ်ယောက် သူ့ရင်ဝကို လက်ပစ်ဗုံးအလုံးတစ်ရာမှန်လို့ ခံစားရသလိုမျိုး မျက်နှာက ပုံတော်တော်ပျက်သွားသည်။

"နားရှိလို့သာ ကြားရတာ၊ အစ်ကိုကြီးကတော့ လုံးဝမယုံချင်ဘူး။ နှိုင်းရဲ့ပုံက ကလေးအမေသာဆိုတယ် အပျိုလိုပဲဟာ အစ်ကိုကြီးတော့ မယုံဘူးကွာ၊ နှိုင်းညာနေတာပဲဖြစ်မယ်"

တုမန္တိုင်း ခန္ဓာကိုယ်တစ်ခုလုံး တော်တော်ချွေးပြန်နေပါပြီ။ သည်



www.burmeseclassic.com

www.burmeseclassic.com



လောက်လိမ်ညာပြီး ယုတ္တိရှိရှိပြောတာကို ဦးဇော်သန်းဦးက မယုံဘူးဖြစ်နေလို့ပါ။

"တကယ်ပါ ဘော့စ်ရယ်၊ ကျွန်မလေ ဒီအလုပ်ကိုလျှောက်တော့ အိမ်ထောင်ရှိလား၊ မရှိလားဆိုတဲ့နေရာမှာ ဘာမှမဖြည့်ခဲ့တာ ကြည့်ပါလား၊ အဲ့ဒါ တကယ်လို့ အိမ်ထောင်ရှိတယ်ဆိုရင် အလုပ်မရမှာစိုးလို့ပါ"

တော်ပါသေးသည်။ အလုပ်လျှောက်တုန်းက လျှောက်လွှာမှာ အိမ်ထောင်ရှိမရှိ ဖြည့်မည့်နေရာမှာ မေ့ကျန်ခဲ့တာ ဦးဇော်သန်းဦးကလည်း သူ့ကိုငမ်းနေသဖြင့် လျှောက်လွှာကို သေချာမဖတ်ခဲ့။ ယခုမှ တုမန္တိုင်းက သတိရသဖြင့် စကားကို လှီးလွှဲပြောလိုက်ရသည်။

"နှိုင်း . . . မညာနဲ့နော်၊ အစ်ကိုကြီးထပ်ပြောမယ် မယုံဘူး၊ လုံးဝမယုံဘူး"

ဦးဇော်သန်းဦး တုမန္တိုင်းစကားကို လုံးဝမယုံကြည်သလိုမျိုး ထပ်မံပြောဆိုပြန်သည်။

"ဘော့စ်ရယ် ကျွန်မ ညာပါ့မလား၊ တကယ်ယုံလိုက်ပါ၊ ကျွန်မရဲ့ အမျိုးသားနဲ့ ကျွန်မကို နှစ်ဖက်မိဘတွေက သဘောမတူလို့ ကျွန်မကော အမျိုးသားပါ အိမ်ငှားနေကြတာ၊ အမျိုးသားလည်း သူ့အလုပ်က မရသေးလို့ စောင့်နေရတာပါ"

"ဒါနဲ့ ကလေးက ဘာလေးလဲ"

ရုတ်တရက်ဆိုသလို ဦးဇော်သန်းဦးက ကောက်ခါငင်ကာ မေးချလိုက်သဖြင့် တုမန္တိုင်း အဖြေရခက်နေရင်း ဟိုကြည့်ဒီကြည့် ကြည့်လိုက်ပြီး . . .

"ဟို . . . ဟို . . . ယောကျ်ားလေးပါ၊ သားလေးက တစ်နှစ်ပြည့်တော့မယ်"

"ဒီလိုဆို မနက်ဖြန် ကလေးကို ဒီကုမ္ပဏီခေါ်လာခဲ့၊ အစ်ကိုကြီးက ကလေးချစ်တတ်ပါတယ် . . . ဟဲ . . . ဟဲ၊ တော်ကြာမှ အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောပြမယ်၊ အခုတော့ အမောဖြေလိုက်ဦး”

ဦးဇော်သန်းဦးက ဘာမှမဖြစ်သလို ပုံစံမျိုးနှင့်ပြောပြီး အခန်းထဲက ထွက်သွားသည်။

တုမနိုင်းကတော့ ဆုံလည်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း သူမက သူမတွေးထားသည့်ကိစ္စ သည်မျှလောက်နှင့် ပွဲသိမ်းမည်ဆိုတာ ပွဲမသိမ်းဘဲ တောက်လျှောက်ဆက်လာတော့မှာဆိုတာကိုတွေးရင်း ကြက်သီးထသွားပါသည်။

သည့်ထက်ဆိုးတာက မနက်ဖြန်ကိစ္စ၊ ဘာကို ဘယ်လိုဆက်လုပ်ရမလဲဆိုတာ မတွေးတက်အောင်ပင်။

စားပွဲခုံပေါ်မှာရှိနေသော ကလေးအသုံးအဆောင်ပစ္စည်းတွေကို ကြည့်လိုက်မိသည့်အခါ ထိုအရာဝတ္ထုတွေက သူမကို လှောင်သလို၊ ပြောင်သလို လုပ်နေသလိုမျိုး ခံစားနေမိပါသည်။

❑

“တုမနိုင်း . . . ဒါဖြင့်ရင် နင်ဘယ်လိုလုပ်မလဲ”

အဆောင်ကို ရောက်ရောက်ချင်းမှာပဲ ခင်မေလတ်က စိုးရိမ်တကြီးလေသံဖြင့် မေးလိုက်ပါသည်။

“ငါလည်း ဘာလုပ်ရမှန်းမသိပါဘူးဟာ . . .၊ ဒီလောက်လိမ်တာလောက်နဲ့ ပွဲသိမ်းပြီးပြီမှတ်တာ၊ အဲ့ဒီ ဦးဇော်သန်းဦးက မယုံတော့ခက်ကော”

တုမနိုင်းက စိတ်ပျက်လက်ပျက်နှင့် ကုလားထိုင်ပေါ် ထိုင်ချလိုက်ပါသည်။

“တုမနိုင်းရယ် ဦးဇော်သန်းဦးက ငါနဲ့ခင်မေလတ်ကို လာမေးတာ၊ နင့်မှာ ယောကျ်ားရှိတာ ဟုတ်လား၊ ကလေးရှိလား ဘာညာပေါ့၊

www.burmeseclassic.com



ငါတော့ ထင်လိုက်ပြီ ပြဿနာတော့ တက်ပြီပေါ့။ တော်သေးတာပေါ့ မနေ့က ဇာတ်တိုက်ထားလို့ နည်းနည်းပါးပါး သူ့စကားနင်းပြီး ပြောလိုက်ရတာ၊ ဒါတောင် သူက ယုံချင်ပုံမပေါ်ဘူး၊ အဖြစ်မှန်သိလို့က ငါကော ခင်မေလတ်ပါ ကုမ္ပဏီက အလုပ်ဖြုတ်ခံရမလား မသိဘူး၊ တွေးရင်း ကြက်သီးထလိုက်တာ"

မြသက်မူက နှဖူးပြင်က ချွေးတွေကို လက်ဖြင့်သပ်ချလိုက်ပြီး အနီးအနားမှာရှိနေသည့် ယပ်တောင်ကိုယူ၍ ယပ်ခတ်နေသည်။

"ရှေ့ဆက်ပြီး နင်ဘယ်လို ခရီးဆက်မလဲ တုမန္တိုင်း၊ ပြဿနာက ဒီမှာတင်ပြီးမှာ မဟုတ်ဘူး၊ ကိုရီးယားဇာတ်လမ်းတွဲတွေလို တသီတတန်းကြီးလာဦးမှာ၊ နင် ဦးဇော်သန်းဦးရဲ့ အတွင်းရေးမှူးရာထူးက ထွက်လိုက်တာ အကောင်းဆုံးပဲ၊ တစ်လငွေနှစ်သိန်းဆိုတာ နင့်အတွက် အိမ်မှာဆို တစ်နေ့မုန့်ဖိုးနဲ့ နင်ဝယ်တာလောက်ရှိတာ၊ ဒါ . . . ငါ . . အကောင်းဆုံးအကြံပေးတာ"

ခင်မေလတ်စကားအဆုံးမှာ တုမန္တိုင်းက ကုတင်ပေါ် ထိုင်နေရာကနေ ထလိုက်ပြီး . . .

"ဘာလို့ထွက်ရမှာလဲ၊ ငါ့ဘဝမှာ ငါ့ရည်ရွယ်ချက်အတွက် အိမ်က ထွက်လာခဲ့ကတည်းက ရွေးချယ်ခဲ့ပြီးပြီ၊ အလုပ်မရှိ အကိုင်မရှိ သူဌေးသမီးအိမ်ပြေးဘဝ ဘယ်တော့မှ အဖြစ်မခံဘူး၊ ရတဲ့အလုပ်ကို မြဲအောင်လုပ်မယ်၊ နေပါဦးဟယ် . . . ငါ ကြံပါဦးမယ်"

"တုမန္တိုင်းတို့ မနက်ဖြန်အတွက် အဝတ်တွေလျှော်ဖို့ ရှိသေးလား၊ မနက်ဖြန်မနက် မတုတ်မအားလို့ လျှော်မယ့်အဝတ်တွေ ဒီခြင်းထဲ ထည့်ထားပေး၊ အခုမှ အားလို့ လာရတာ"

တုမန္တိုင်းတို့ အခန်းထဲသို့ မတုတ်က အဝတ်ခြင်းတောင်းကို လက်ကကိုင်ပြီး ဝင်လာပါသည်။

"ဟုတ်ပြီ . . . အကြံရပြီ"



www.burmeseclassic.com

www.burmeseclassic.com



တုမန္တိုင်းက မတုတ်ကို မြင်မြင်ချင်းမှာပဲ ဝမ်းသာအားရ ပြေးလိုက်ရင်း မတုတ်အနားသို့ သွားလိုက်သည်။

"မတုတ် . . . ကျွန်မကို တစ်ခုကူညီစမ်းပါ၊ သိပ်အရေးကြီးနေပြီ၊ ဒီကုတင်မှာ ထိုင်၊ ကျွန်မ ရှင်းပြမယ်၊ ဒီကိစ္စ မတုတ်သာ မကူညီရင် ပွဲကပြီးပြီ . . . လာ . . . လာ"

"ဘာမို့လို့လဲ တုမန္တိုင်းရယ်"

မတုတ်ကို အတင်းလက်ဆွဲပြီး ကုတင်ပေါ် ထိုင်ခိုင်းလိုက်သဖြင့် လက်ထဲမှ အဝတ်ခြင်းတောင်းကိုင်ထားသော မတုတ်နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဒီလို မတုတ်ရေ . . . ကျွန်မရဲ့အဖြစ်က မပြောချင်ပါဘူး၊ × × × × × × × × × × × × × × ×"

တုမန္တိုင်းက ဖြစ်သမျှအကြောင်းစုံ ရှင်းပြတာကို မတုတ်က မျက်တောင်ပင် မခပ်အားဘဲ စိတ်ဝင်တစားနားထောင်လို့ နေပါသည်။

"ယောကျ်ားတွေများ တော်တော်ဘူးထတာပဲ၊ ကလေးအမေဆိုတာတောင် မယုံနိုင်အောင် ဖြစ်ပြီဆိုတော့ တုမန္တိုင်းရဲ့ ကုမ္ပဏီပိုင်ရှင်က တော်တော်'ဘူး'အားကြီးမယ့်ပုံပဲ၊ ယောကျ်ားဆိုတာ ဒါပဲ၊ ပျိုပျို အိုအို ရှောင်တာ မဟုတ်ဘူး၊ ပိုက်ဆံမပေးရတိုင်း မြည်းရုံတင် အားမရဘူး၊ အဲ့ဒီမြည်းထားတဲ့ ပန်းကန်ကိုပါ အလစ်သုတ်မယ့် ဟာတွေ၊ အဲ့ဒီအထဲမှာ မတုတ်ယောကျ်ားလည်း အတူတူပဲ ယောကျ်ားဆို ဘယ်သူမှ ကောင်းတာ မဟုတ်ဘူး"

"မတုတ် . . . ကျွန်မက မတုတ်ကို ယောကျ်ားဇိကာ ဖွင့်ခိုင်းနေတာ မဟုတ်ဘူး၊ ဘယ်လိုအကူအညီပေးမလဲ မေးနေတာ"

တကယ့်ကို အရေးကြီးပါသည်ဆိုမှ ကိုယ်ထင်ရာ ကိုယ်ပြောနေသော မတုတ်ကို တုမန္တိုင်းက စိတ်မရှည်နိုင်တော့ဘဲ လှမ်းသတိ ပေးလိုက်တော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ . . . ဘာခက်တာမို့လို့လဲ၊ တစ်နှစ်သားအရွယ် ကလေး တစ်ယောက်ငှားပြီး ပြလိုက်ရုံပေါ့"

"မတုတ်စကားကို လွယ်လွယ်မပြောနဲ့လေ၊ ဒီအချိန်မှာ ဘယ်က ကလေးကို ဘယ်လိုသွားငှားရမှာလဲ"

ခင်မေလတ်က စိုးရိမ်တကြီးလေသံဖြင့် မေးလိုက်သည့်အခါ . .

"မတုတ်ပါ . . . မပိုင်ရင် ဘာမှအကြံမပေးဘူး၊ ဒါများ ဘာခက်တာ မှတ်လို့"

"မတုတ်ကသာ မခက်ဘူး ပြောနေတယ်၊ ဟိုမှာ တုမန္တိုင်းက ခေါင်းမီးတောက်နေပြီ"

မြသက်မူက တုမန္တိုင်းဖြစ်နေပုံကို လက်ညှိုးထိုးပြလိုက်တော့ မတုတ်က . . .

"ဒီရပ်ကွက်ထဲမှာ ပဲပြုတ်ရောင်းတဲ့ မိတင်အေးဆိုတာ ရှိတယ်၊ သူ့လင်ကျော်သောင်းက ဆိုက်ကားနင်းတယ်၊ သားသမီးက ဘာများသလဲ မမေးနဲ့၊ အလီဘာဘာနဲ့ ခိုးသားလေးဆယ် ဗွီဒီယိုအခွေကြည့်ပြီး မွေးထား သလား မှတ်ရတယ်၊ ကလေးက ဆယ့်တစ်ယောက်တောင် နောက်ဆုံး မွေးထားတာက ယောကျ်ားလေး၊ တစ်နှစ်သားလောက်ရှိပြီ၊ ဖြူဖြူချော ချော ဝဝလေး၊ မအေနဲ့လည်း မတူဘူး၊ ဖအေနဲ့လည်း မတူလို့ ရပ်ကွက် ထဲကတောင် ဆေးရုံမှာ ကလေးမှားလာသလား ပြောသူက ပြောလို့"

"ဟုတ်ပါပြီ၊ အဲဒီတော့ ဘာဆက်လုပ်ရမှာလဲ"

တုမန္တိုင်းက မတုတ်လက်ကိုကိုင်ပြီး မေးလိုက်တော့ . . .

"ဘာလုပ်ရမှာလဲ မိတင်အေးဆီ အခု သွားမယ်၊ အဲ့ဒီ ကလေးကို ငှားရမှာပေါ့၊ ကလေးငှားခ သူ့ကို ဈေးဖိုးပေးပေါ့၊ သူတို့ခမျာ စားဖို့ တောင် အနိုင်နိုင်ဟာ၊ သူ့သား ကောင်းကောင်းစားရဖို့ ငှားရမှာပေါ့၊ တုမန္တိုင်းကိစ္စက တစ်ရက်နဲ့ ပြီးမှာမဟုတ်ဘူး၊ ဒီတော့ ကလေးကို ခဏ ခဏ ငှားရမှာဖြစ်နေပြီ၊ သူတို့အတွက်လည်း အဆင်ပြေ၊ တုမန္တိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပြီပေါ့၊ ကဲပါ . . . လာ . . . အချိန်မရဘူး၊ မိတင်အေးတို့အိမ် *ဘက် သွားရအောင် လုပ်စရာရှိတာ နောက်မှလုပ်၊ ခက်ပါတယ် ငါကိုက"*

မတုတ်က အဝတ်ထည့်သည့်ခြင်းတောင်းကို ဘေးသို့ရွှေ့လိုက်ပြီး တုမနိုင်းကို အခန်းပြင်သို့ လက်ဆွဲခေါ်သွားသည်။ မြသက်မူနှင့်ခင်မေလတ်ကလည်း နောက်နေလိုက်သွားသည်။

❑

မတုတ်ပြောတာ ဟုတ်ပါသည်။

ဟိုရောက်သောအခါ မတုတ်၏ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုမှုကြောင့် မိတင်အေးဆိုသော အမျိုးသမီးမှာ တစ်နေ့တာဈေးဖိုး ပြေလည်သဖြင့် သိန်းတစ်ထောင်ထီပေါက်သလိုမျိုး ဝမ်းသာလို့ နေပါသည်။

မိတင်အေး၏ တစ်နှစ်သားအရွယ် ကလေးကလေးကို ကြည့်မိတော့ မတုတ်ပြောသလိုပါပဲ ဝဝကစ်ကစ် အသားဖြူဖြူလေးနှင့် တကယ့်ကို ချစ်စရာလေးပါ။

မနက်ဖြန်ဆိုရင် ဟောသည့် ကလေးငယ်လေးသည် တုမနိုင်း၏ ရင်နှစ်သည်းချာ သားလှရတနာ ဖြစ်ပြီပေါ့လေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုတာ လွယ်တယ်လို့
ဘယ်သူပြောသလဲကွယ်။
သားသည်အဖေအတု
ခေတ္တခဏလေး ဟန့်ဆောင်တာတောင်
မဟာဒုက္ခတွင်းဆုံးကျသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တစ်နှစ်သားအရွယ် ကလေးငယ်ကိုချီ လက်တစ်ဖက်က ဆွဲခြင်းဆွဲပြီး ကုမ္ပဏီရုံးခန်းထဲဝင်လာသော တုမန္တိုင်းအား ဝန်ထမ်းတွေက အံ့အားတသင့် ဖြစ်နေကြသည်။

တုမန္တိုင်းအဖို့လည်း မနက်ကတည်းက အခုချိန်ထိ မနားရသေး။ ကလေးကို ကလေးအမေ မတင်အေးက မနက်ခုနှစ်နာရီလောက် အဆောင်သို့ရောက်လာပြီး လာပေးသည်။ သူငယ်ချင်းမနှစ်ယောက်နှင့်အတူ ကလေးကို အဝတ်အစားလဲပေးရ၊ နို့ဗူးဖျော်ပြီး တိုက်ရနှင့် သည်ကြားထဲ ကလေးက ရှူးရှူးတွေ ပေါက်လို့လဲရတာက နှစ်ကြိမ်။ ကလေးကို မချီတတ်သဖြင့် အဆောင်ကို ကြိုရောက်နေသော မတုတ်က အမြန်အားချင်း ကလေးချီနည်း၊ နို့ဗူးတိုက်နည်းတွေ၊ အဝတ်လဲနည်းတွေဘာတွေ သင်ပေးခဲ့ရသည်။

သည်ကလေးကိုချီပြီး ဘယ်လိုနည်းနှင့်မှ လိုင်းကားစီးလို့က မဖြစ်၊ သူငယ်ချင်းမနှစ်ယောက်ကို ကားဂိတ်မှာ ထားခဲ့ပြီး အငှားကားငှားကာ ကုမ္ပဏီသို့ လာခဲ့ရသည်။ သူငယ်ချင်းမနှစ်ဦးကို တင်ခေါ်ချင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အတူတူသွားလျှင် ဦးဇော်သန်းဦး ရိပ်မိမှာစိုးသဖြင့် နောက်ချန်ထားခဲ့ရသည်။ သည့်ပုံအတိုင်းဆို ရှေ့လျှောက်ဘာဆက်ဖြစ်ဦးမည် မသိပါ။

"ဟယ် . . . ညီမကလေးလေးက ဖြူဖြူတုတ်တုတ် ချစ်စရာလေး၊ ဒါ ညီမရဲ့ကလေးလား"

အရေးထဲ ကလေးကို မချီတတ်၊ ချီတတ်နှင့် ချီရတာကော ဆွဲခြင်းပါ ဆွဲရလို့ စိတ်ညစ်နေသည့်အထဲ မျက်မှန်တပ်ထားသော အသက်လေးဆယ်နီးပါးခန့်ရှိမည့် ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးက စပ်စုမေးမြန်းသဖြင့် တုမန္တိုင်းက တော်တော်စိတ်ပျက်ချင်သလို ဖြစ်သွားသည်။

"မဟုတ်ပါဘူး၊ ဒါ . . . ကျွန်မရဲ့ကလေးပါ၊ တစ်နှစ်ပြည့်တော့မယ်"

"အို! . . . ညီမလေးက ကလေးအမေကိုး၊ မမဖြင့် ထင်တောင်မထင်ဘူး၊ အပျိုလို့ပဲ ထင်နေတာ၊ ညီမလေးရဲ့ ရုပ်ရည်ကိုကြည့်ပြီး ကလေးအမေဘဝရောက်နေတာ မမဖြင့် နမျှောလိုက်တာကွယ်၊ သား . . . သား . . . တီတီ့ဆီလာမလား"

ကုမ္ပဏီဝန်ထမ်းအမျိုးသမီးက ကလေးကို တုမန္တိုင်းလက်ထဲက ယူပြီး ချီမလို့ဟန်ပြင်လိုက်စဉ်မှာပဲ တုမန္တိုင်းက . . .

"မမ နောက်မှချီနော်၊ ပြန်ထွက်လာခဲ့မယ်၊ ဘော့စ်ရောက်နေပြီထင်တယ်၊ သွားခွင့်ပြုပါဦး"

"ရောက်နေပြီ . . . ရောက်နေပြီ၊ ညီမက အလုပ်တွေ လုပ်ရမှာ ဒီကလေးကို ဘယ်လိုထားမလဲ၊ ဒုက္ခပါပဲကွယ်၊ ဒီလို အိမ်ထောင်တာဝန် သားသမီးသံယောဇဉ်တွယ်မှာစိုးလို့ မမတင့်တို့က အပျိုကြီးလုပ်နေတာ၊ ဒုက္ခအပူတွေပေါ့"

တုမန္တိုင်းတစ်ယောက် မမတင့်ဆိုသော အမျိုးသမီးနားကနေ အမြန်ထွက်လာခဲ့ပါသည်။ ကလေးချီထားရ၊ ဆွဲခြင်းလက်က ကိုင်ထားရနှင့် ဒုက္ခဝေဒနာ အကြီးအကျယ် ခံစားရသလိုမျိုးဖြစ်နေသော တုမန္တိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



စာနာစိတ်မထားဘဲ သူပြောချင်တာတွေ ပြောနေလို့ ဖြစ်ပါသည်။

"ကျွန်မရောက်ပါပြီ . . . ဘော့စ်"

အခန်းတံခါးကို ဆွဲဖွင့်ပြီး တုမန္တိုင်းထက်အရင် အခန်းထဲမှာ ကြိုရောက်ပြီး Laptop တစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဦးဇော်သန်းဦးကို နှုတ်ဆက်လိုက်ရင်းက တုမန္တိုင်းက ဆွဲခြင်းကို စားပွဲခုံပေါ် တင်လိုက်သည်။

"ဩော် . . . နှိုင်း . . . ရောက်လာပြီကိုး၊ နှိုင်းရဲ့ ကလေးလည်း ပါလာတာပဲ"

ဦးဇော်သန်းဦးက ထိုင်ရာမှနေ ထလိုက်ရင်းက တုမန္တိုင်းချီထားသော ကလေးငယ်ကို စူးစမ်းသလို အကဲခတ်နေရင်းမှ အနီးအနားသို့ ရောက်လာပါသည်။

"ဝါး . . . ဝါး . . . ဝါး . . ."

ကလေးက ငိုသဖြင့် တုမန္တိုင်းဘာလုပ်ရမှန်း ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

"သားလေးရယ် တိတ်ပါ၊ တိတ် . . . တိတ်"

မလုပ်တတ်လုပ်တတ်နှင့် ကလေးကျောလေးကို ပုတ်ပေးနေရင်းမှ တစ်စုံတစ်ခုကို သတိရသွားသည်။

"ဩော် . . . သားသားက နို့နို့ဆာနေတာကိုး၊ မေမေတိုက်ရမှာပေါ့"

ကလေးကို မချီတတ်ချီတတ်နှင့် ချီရင်းမှ ဆွဲခြင်းထဲက အသင့်ဖျော်လာသော နို့ဗူးကို ယူဖို့လုပ်ပေမယ့် ကလေးကငိုသဖြင့် အဆင်မပြေဖြစ်နေသည်။ နောက်ဆုံးတော့ မထူးပါဘူးဆိုပြီး . . .

"ဘော့စ် . . . သားသားကို ခဏလောက် ချီထားပေးပါ၊ ကျွန်မ နို့ဗူးလေး ယူချင်လို့"

"ရတယ် . . . နှိုင်း . . . ပေး"



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဦးဇော်သန်းဦးလက်ထဲသို့ ပေးလိုက်သည်။ စတိုင်ဘောင်းဘီနှင့် စပို့ရှပ်ကို စတိုင်ကျကျ ဝတ်ဆင်ထားသော ဦးဇော်သန်းဦးက ကလေးကိုယူပြီး လက်နှင့် ပွေ့ချီလိုက်သည်။

"အေး . . . အေး . . အို! . . . ဟာ! . . . ရှူးရှူးတွေ ပေါက်ချပြီး သွားပါပြီ၊ စိုကုန်ပါပြီ"

ဆွဲခြင်းထဲကနေ နို့ဗူးကိုယူနေသော တုမန္တိုင်း အသံမထွက်အောင် မနည်းချုပ်တည်းပြီး ရယ်လိုက်ရပါသည်။ ကလေးကို ပွေ့ချီထားသော ဦးဇော်သန်းဦးတစ်ယောက် 'ပဲ'ပေးပြီး စတိုင်ထုတ်ထားသမျှ ကလေးရှူးရှူးပေါက်ချသဖြင့် အတော်စိတ်ပျက်သွားသလား မသိ၊ ပေါင်နှစ်ဖက်ကိုရမ်းပြီး ဘောင်းဘီကို ခါနေပါသည်။

"အားနာလိုက်တာ ဘော့စ်ရယ်၊ သားသားကတော့လေ လုပ်ချလိုက်ပြန်ပြီ၊ လာ . . . မေမေ့ဆီကို . . ."

ဦးဇော်သန်းဦးလက်ထဲကနေ ကလေးကို အမြန်ယူလိုက်ပြီး ထလေးပါးစပ်ထဲ နို့ဗူးကို ထည့်ပေးလိုက်မှ ကလေးက အငိုတိတ်သွားပါသည်။ ကလေးငယ်ဘောင်းဘီတွေလည်း ရှူးရှူးတွေ အတော်ရွှဲနေသဖြင့် ကလေးကို နို့ဗူးတိုက်ရင်းမှ ဆွဲခြင်းထဲမှ ဘောင်းဘီတိုတစ်ထည်ကို ထုတ်လိုက်ပါသည်။ ကလေးငယ် နို့ဗူးစို့တာ ကုန်တော့မှ ဘောင်းဘီလဲပေးရပါသည်။

ဦးဇော်သန်းဦးကတော့ တုမန္တိုင်းလုပ်သမျှကို အသေးစိတ် အကဲခတ်နေပါသည်။

"ဝါး . . . ဝါး . . . ဝါး"

"ဝါး . . . ဝါး . . . ဝါး"

ကလေးငိုသံက ဦးဇော်သန်းဦးအခန်းထဲမှာ တစ်နေ့လုံး လွင့်ပျံ့နေပါသည်။ တုမန္တိုင်းခမျာလည်း ဘာအလုပ်မှ မလုပ်ရဘဲ ကလေးငိုလိုက်၊ နို့ဖျော်တိုက်လိုက်၊ ရှူးရှူးစိုလို့ ဘောင်းဘီလဲလိုက်နှင့် တစ်နေ့လုံးအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်နေပါသည်။

"ဘော့စ်ရယ် . . . ဘော့စ်ကို အားနာလိုက်တာ၊ တစ်နေ့လုံး ဘော့စ်အလုပ်တွေ ဒီနေ့အလုပ်စဝင်တာ ဘာမှမလုပ်ရဘူး၊ ကလေးကိစ္စပဲ လုပ်နေရတာ၊ ကလေးကို ဘော့စ်က ခေါ်လာခိုင်းတာကို၊ အိမ်မှာ လူငှားနဲ့ထားရင် သားလေးက ဒီလောက်ဘယ်ပင်ပန်းမလဲ၊ အခုတော့ သားကို နှိပ်စက်သလို ဖြစ်နေပြီ၊ သားလေးခမျာ ကောင်းကောင်းမအိပ်ရဘူး၊ သားလေးခမျာ သနားပါတယ်"

တုမနှိုင်းပြောသမျှကို ဦးဇော်သန်းဦးက နားထောင်ရင်း ရယ်လိုက်ပါသည်။

"နှိုင်း . . . မနက်ဖြန်တော့ ကလေးခေါ်မလာနဲ့တော့"

"ဒါဖြင့်ရင် ဘော့စ်က ကျွန်မကလေးအမေဖြစ်ကြောင်း ယုံသွားပြီပေါ့ . . . ဟုတ်လား"

တုမနှိုင်းက ဝမ်းသာအားရနှင့် မေးလိုက်သည်။

"နှိုင်း . . . အစ်ကိုကြီး လုံးဝမယုံသေးဘူး၊ နှိုင်း . . , အစ်ကိုကြီးကို လိမ်နေတုန်းပဲလို့ ထင်နေတယ်၊ ဘာဖြစ်လို့ ကလေးအမေလို့ ကိုယ့်ကိုကိုယ် လိမ်ရတာလဲကွယ်"

တုမနှိုင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။ သို့သော် ယုတ္တိရှိအောင်တော့ လိမ်ရဦးမယ်လို့။

"ဘော့စ်ရယ် မလိမ်ပါဘူး၊ ဒါ . . . ကျွန်မရဲ့သားပါ၊ ယုံပါ ဘော့စ်ရယ်၊ ကျွန်မက ကလေးအမေပါ"

"ဟုတ်ပါပြီ . . . ထားပါတော့၊ ကဲ . . . ပြန်ဖို့လုပ်တော့၊ အစ်ကိုကြီး အိမ်လိုက်ပို့ရဦးမလား"

"နေ . . . နေ . . . ဘော့စ်၊ ကလေးရဲ့အဖေက နည်းနည်းသဝန်ကြောင်တတ်တယ်"

တုမနှိုင်းက ပျာပျာသလဲငြင်းဆိုရင်းမှ ကလေးကိုချီ၊ ဆွဲခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ယူပြီး အခန်းထဲကနေ ထွက်လာခဲ့သည်။

ဦးဇော်သန်းဦးကတော့ မေးစေ့ကို လက်နှင့်ပွေ့ရင်း တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားနေပါသည်။

❑

တုမန္နိုင်းခမျာတော့ အငှားကားစီးရင်း စဉ်းစားမိသည်။

ကလေးကို တစ်ရက်ကလေးလောက် သားသည်အမေ အငှားလုပ်ရတာတောင် ငရဲကျသလို ခံစားရတာ၊ သားသည်မိခင်အစစ်တွေ ဘာကြောင့်များ သည်ဒုက္ခတွေကို သုခအဖြစ် ခံစားရင်း ရှင်သန်နေပါသလဲလို့။

သေချာတာကတော့ ချစ်ခြင်းမေတ္တာတရားတွေနှင့် လွှမ်းခြုံလို့ပဲ ဖြစ်မှာပါ။

❑

"မတုတ်ရယ် ကျွန်မဖြင့် တစ်နေ့လုံး ဝဋ်ဒုက္ခခံစားရတာ သေချင်လိုက်တာ ပြောမနေပါနဲ့၊ ကလေးကလည်း နို့ဗူးစို့သလောက် ပေါက်ထိုက်တဲ့ ရှူးရှူးဆိုတာ ပြောမနေပါနဲ့တော့၊ ဒီကြားထဲ ဦးဇော်သန်းဦးသိအောင် ကလေးအမေအဖြစ် ပီပြင်အောင် သရုပ်ဆောင်ရတာလည်း အလိမ်များပေါ် ရင်တော့ သွားပြီလို့"

ကုမ္ပဏီမှာ တစ်နေ့တာ ခံစားရသမျှတွေကို တုမန္နိုင်းက ရင်ဖွင့်သည့်အခါ မီးပူတိုက်နေသော မတုတ်က ရယ်ပါသည်။ မတုတ်တင်မက ခင်မေလတ်နှင့် မြသက်မူတို့နှစ်ယောက်ကလည်း မတုတ်အတိုင်းပါပဲ။

"တုမန္နိုင်းကသာ ကုမ္ပဏီမှာ စိုးရိမ်နေ၊ ဒီညတော့ မိတင်အေးတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုကတော့ ကလေးတစ်နေ့ငှားလို့ရတဲ့ ငွေငါးထောင်နဲ့ အူစိုနေပြီ၊ မတုတ်ကို ကြက်သားချက်မယ်လို့ ကြွားသွားသေးတယ်၊ ပြီးတော့ ကလေး အတွက် အဝတ်အစားသစ်တွေရလို့ ပျော်နေလိုက်တာဆိုတာ အမြင်ကပ် ဖို့တောင် ကောင်းတယ်"

မတုတ်က မဲ့ကာရွဲ့ကာနှင့် ပြောရင်းမှ ထမိတွေကို လက်နှင့် ခေါက်နေပါသည်။

"မတုတ် . . . အဲ့ဒီမတင်အေးကို ပြောထားဦး၊ ကလေးအင်္ကျီ တွေ အိမ်နေရင်း ဝတ်မပစ်နဲ့ဦးလို့၊ တော်ကြာ . . . ကုမ္ပဏီပိုင်ရှင် ဦးဇော်သန်းဦးက ကလေးထပ်ခေါ်လာပါဦးဆို အင်္ကျီအဝတ်အစားတွေ ဟောင်းနေရင် အသစ်ဝယ်ပေးနေရဦးမယ်"

မြသက်မူက တုမန္တိုင်းပိုက်ဆံတွေ ကုန်မှာစိုးသဖြင့် မတုတ် ကို လှမ်းသတိပေးပါသည်။

"ဒါတော့ မပူနဲ့ . . . မိတင်အေးက သူ့ကလေးကို နေ့တိုင်း လာခေါ်ပါစေလို့ ဆုတောင်းနေတာ၊ ဒါမှ သူတို့မိသားစု အူစိုမှာလေ"

"မတုတ်ပြောရဦးမယ်၊ ဒီရက်တွေမှာ မတုတ် ဒီအဆောင်ကို အမြဲလာနေ့ဘ်၊ အရေးပေါ် အခြေအနေက ကုမ္ပဏီမှာ ဘာဆက်ဖြစ်မယ် မှန်းမသိဘူး၊ လိုတာရှိရင် မတုတ်ကို အားကိုးရမှာ"

"ဒါတော့ မပူနဲ့ စိတ်ချ မတုတ်တာဝန်ထား၊ မတုတ် ကူညီမယ်၊ ကုသိုလ်ရတာပဲဟာ"

တုမန္တိုင်းက မတုတ်ကို အားကိုးသည့် လေသံမျိုးဖြင့် ပြောလိုက် သောကြောင့် မတုတ်က အကျေနပ်ကြီး ကျေနပ်ပြီး ပြုံးပြုံးကြီး ရှိနေပါ သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ချစ်တတ်လာရင်
ယုံဖို့ခက်လိုက်တာဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

လက်ကျန်ဘီယာကို ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး ပုလင်းကို စားပွဲခုံပေါ် ပြန်ချလိုက်သည်။ ပြီးတော့ ဘီယာကို တစ်ကျိုက်တည်း အကုန်မော့ချကာ ဝက်အူချောင်းကြော်တစ်ဖက်ကို ပန်းကန်ထဲကယူပြီး မြည်းလိုက်သည်။ စားပွဲခုံပေါ်မှာတော့ ဘီယာပုလင်းလွတ်သုံးလုံးက အစီအရီနှင့် ငြိမ်ချက်သားကောင်းနေရင်းက ဘီယာမူးလို့ ရီဝေဝေဖြစ်နေသော ဦးဇော်သန်းဦးကို အကဲခတ်နေသလိုမျိုး ရှိလို့နေပါသည်။

"အောင်ဘု . . . မင်းငါ့ကို ဘယ်လိုမြင်သလဲ"

နောက်ထပ် ဘီယာတစ်ပုလင်းကို ဖောက်ဖို့ ဟန်ပြင်နေသော လက်ရင်းထိုးတပည့်ကျော်ကို ဦးဇော်သန်းဦးက မေးလိုက်သည်။

"အာစရိ . . . ဘီယာသောက်တာ သုံးပုလင်းရှိလို့ တော်တော်ကောင်းနေပြီလေ၊ အခု နောက်ထပ်တစ်ပုလင်းထပ်သောက်ရင် ထပ်ကောင်းဖို့ပဲ ရှိတော့မယ်"

တပည့်ကျော်အောင်ဘုစကားကြောင့် ဦးဇော်သန်းဦး မိတ်ပျက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မေးတာ မဟုတ်ဘူးကွ၊ ငါ့ဘဝအခြေအနေကို ပြောတာ၊ သက်ရှိအခြေအနေအထားကွာ၊ မင်းရဲရဲဝေဖန်စမ်း"

"ရတယ် . . အာစရိ ဝေဖန်ပေးရမှာပေ့ါ၊ နေဦး . . . ခဏလေး ဘပည့်ကျော် တစ်ခွက်လောက် သောက်လိုက်ဦးမယ် အာစရိချည်းပဲ သောက်နေတာ"

အောင်ဘုက ပြောပြောဆိုဆို ဘီယာတစ်ခွက်ငှဲ့ပြီး ခွက်တစ်ဝက်ခန့် တစ်ကျိုက်တည်း မော့ချလိုက်သည်။

"အာစရိက ပိုက်ဆံတွေ အရမ်းရှိတယ်၊ ကုမ္ပဏီပိုင်ရှင် လူဖျံကြီး ဖြစ်တယ်၊ မိန်းကလေးချောချောလှလှလေးတွေမြင်ရင် အငမ်းမရ ငမ်း တယ်၊ တစ်ယောက်မှ မစွဲဘူး အာစရိငမ်းကြောဆွဲတာကို အားလုံးက သန့်တယ်၊ ကွယ်ရာမှာ ကြောင်တဲ့လူကြီး 'ဘူး'ကြီး ဆိုပြီးခေါ်တယ်၊ ဒါပေမယ့် အာစရိက ငမ်းကြောဆွဲတာကို ဒီနေ့ထိ အဲ့ဒီဂုဏ်ပုဒ်ပျက်မှာစိုး လို့ ဆက်လက်ထိမ်းသိမ်းထားတယ်၊ နောက်ထပ် ဘာဝေဖန်ပေးရဦးမလဲ အာစရိ"

အောင်ဘု၏ဗိုက်ထဲ ဘီယာတစ်ဝက်လောက် ဝင်သွားလို့လား မသိ ရင်တွင်းဖြစ် စကားလုံးတွေက အဆက်မပြတ် ထွက်ပေါ်လာပါ သည်။ အောင်ဘုစကားနားထောင်နေသော ဦးဇော်သန်းဦး၏ မျက်နှာက တော့ ရှုံ့တွသွားပါသည်။

"အောင်ဘုရာ . . . မင်းရဲ့ဆရာ ငါ့ကိုဝေဖန်တာ ကောင်းတာ တစ်ကွက်မှ မပါပါလားကွာ"

"ဟာ . . . အာစရိပဲ အမှန်အတိုင်း ရဲရဲဝေဖန်ဆိုပြီး ပြောတယ် လေ. . .၊ ဒါပေမယ့် အာစရိက သဘောတော့ကောင်းပါတယ်၊ ဟဲ . . . ဟဲ . . . ဒီလက်ကျန် ဘီယာခွက်ကို ဖြိုလိုက်မယ်နော် . . .၊ အာစရိက သဘောကောင်းပါတယ်"

အောင်ဘု၏စကားအဆုံး အောင်ဘုလက်တွေက မြန်သလား



www.burmeseclassic.com

www.burmeseclassic.com



မမေးနှင့် လက်ကျန်ဘီယာကို အမြန်မော့ချပြီး ပုလင်းထဲမှ ကျန်နေသည့် ဘီယာတွေကို ဖန်ခွက်ထဲ အကုန်လောင်းထည့်လိုက်သည်။

"အောင်ဘု . . . မင်းကို ငါ အရေးတကြီး တိုင်ပင်ဆွေးနွေးစရာ ရှိတယ်"

"ဘာ . . . ဆွေးနွေးမှာမို့လို့လဲ အာစရိရဲ့"

အောင်ဘုက ဦးဇော်သန်းဦး၏ စကားကို နားစွင့်ရင်း ဘီယာ တစ်ကျိုက်မော့ချလိုက်သည်။

"ကုမ္ပဏီမှာ ငါ့ရဲ့အတွင်းရေးမှူးမ အသစ်ခန့်လိုက်ပြီကွ"

"ဒါများ ဘာဆန်းလဲ အာစရိရာ၊ ပထမ အတွင်းရေးမှူးမတွေ တုန်းကလည်း အာစရိကြောင်ချက်ကောင်းလွန်းလို့ အာစရိရဲ့ ခေါ်တော တစ်သိန်းအားကိုကြောက်ပြီး ထွက်ပြေးကုန်တာပဲ မဟုတ်ဘူးလား"

"ဟာ . . . ဒီတစ်ယောက်က အရင်ကတွေလိုမျိုး မဟုတ်ဘူး၊ တကယ်လှ တကယ်ကျက်သရေရှိတာ၊ တုမန္တိုင်းတဲ့၊ ငါက န္တိုင်းလို့ ခေါ်တာ ဒါပေမယ့်ကွာ . . ."

"ဘာ . . . ဒါပေမယ့်လည်း အာစရိရဲ့"

"အဲ့ဒီန္တိုင်းကလေ တော်တော်လေး ထူးခြားသလို ငါသံသယ လည်း ရှိတယ်၊ ငါ ရှင်းပြမယ် × × × × × × × × × × × × × × ×"

ဦးဇော်သန်းဦးက တုမန္တိုင်းနှင့် ပတ်သက်ကြုံတွေ့ခဲ့ရသမျှကို တပည့်ကျော်အောင်ဘုကို အသေးစိတ် ရှင်းပြနေပါသည်။ တပည့်ကျော် အောင်ဘုကလည်း ဘီယာလေးသောက်လိုက် စိတ်ဝင်တစား နားထောင် လိုက်နှင့် အတော့်ကို ဟုတ်နေပါသည်။

"အာစရိ . . . အာစရိ ထင်သလို ဟုတ်ချင်မှလည်း ဟုတ်ပါ့ မလား၊ တကယ်ယောကျ်ားရှိရင် အာစရိ ဒုံသါနုံသော ဖြစ်နေမယ်နော်"

"ငါလည်း ဒီလိုကိစ္စမျိုးတွေမှာ အတွေ့အကြုံ ရင့်ကျက်ပြီးသား ပါကွာ၊ န္တိုင်းဟာ အပျိုစင်စစ်ဖြစ်ရမယ်၊ တမင်တကာ အကြောင်းတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ဒီလိုကလေးအမေဟန်ဆောင်နေတာပဲ ဖြစ်ရမယ်"

"နေဦး . . . အာစရိ၊ အာစရိကုမ္ပဏီကို ကျွန်တော်လာကြည့်ပြီး ကျွန်တော်ပါ အဲ့ဒီနိုင်းဆိုတဲ့ 'လန်း'နေတဲ့ အမျိုးသမီးကို အကဲခတ်ပေးမယ်၊ ဒီလိုအကဲခတ်တာမျိုးကို ကျွန်တော် ကျွမ်းကျင်ပါတယ်၊ ဟိုတုန်းက ဗိုလ်ချုပ်ဈေးထဲမှာ လက်ဖက်ရည်ဆိုင်စားပွဲထိုး လုပ်လာတာပါ"

ဦးဇော်သန်းဦးက စားပွဲခုံပေါ်တင်ထားသော ဘီယာပုလင်းလွတ်တွေကို ကြည့်လိုက်ပြီး . . .

"ခက်တယ် အောင်ဘုရာ၊ ငါလေ အမှန်လိုဖြစ်မှန်မသိဘူး၊ ဘီယာမူးနေရင်းနဲ့ ဒဿနတစ်ခု စဉ်းစားမိတယ်၊ ကိုယ်ကချစ်နေရင် ကိုယ်ချစ်တဲ့သူလုပ်သမျှ ပြောသမျှကို ယုံရဖို့ တော်တော်ခက်တာပဲလို့"

"ဒါပေါ့ အာစရိရဲ့"

တပည့်ကျော်အောင်ဘုက ထောက်ခံစကားဆိုရင်း နောက်ထပ်ဘီယာတစ်ပုလင်းကိုဖောက် ခွက်ထဲထည့်ပြီး ဦးဇော်သန်းဦးကို ပေးလိုက်တာ ဦးဇော်သန်းဦးက မြိန်မြိန်ရှက်ရှက်ကြီး သောက်သုံးနေပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အပန်းဖြေစရာ
ဥယျာဉ်တော်မှာ နားခိုရင်း
လေပြည်ညှင်းကို
နမ်းရှိုက်နေကာမှ
မုန်တိုင်းက ...
ဘယ်ကနေ ဘယ်လိုရောက်လာပြီး
ဝင်မွှေသွားရပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သည်နေ့က တနင်္ဂနွေရုံးပိတ်ရက်ဖြစ်လို့ အင်ဂျင်နီယာသင်တန်း ပိတ်သဖြင့် ရဝေက အဆောင်မှာ လျှော်စရာဖွတ်စရာရှိတာတွေကို လျှော်ဖွတ်ပြီး သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် ကျော်ကြား၊ ဟန်တိုးတို့နှင့် အင်းလျားကန်ဘောင်တွင် ဖွင့်လှစ်ထားသော ရှမ်းခေါက်ဆွဲဆိုင်သို့ ထွက်လာခဲ့သည်။ တနင်္ဂနွေမို့ ထင်ပါရဲ့။ အင်းလျားကန်ဘောင်သည် နေ့လည်ထမင်းစားချိန်တွင် စည်းကားလို့ နေသည်။ နေကလည်း မပူ။ ကားတွေကလည်း စားသောက်ဆိုင်ရှေ့တွေမှာ အသီးသီးရပ်ထားသည့်ကားက ရပ်ထား၊ ထွက်သွားသည့် ကားက ထွက်နှင့် မြင်ကွင်းက ရှုပ်သည်ဟု ထင်ရပေမယ့် အဆောင်မှာနေရင်း မြင်ရသော မြင်ကွင်းထက် တစ်ခါတစ်လေ သည်လိုမြင်ကွင်းက တစ်မျိုးတော့ အရသာပေးစွမ်းတာပဲဆိုပြီး ရဝေက ရှမ်းခေါက်ဆွဲစားရင်းမှ ကျေနပ်လို့နေသည်။

ကျော်ကြားနှင့် ဟန်တိုးကတော့ ရဝေလိုမဟုတ်ဘဲ အင်းလျားရေပြင်ကို ကြည့်လိုက်၊ စားလိုက်၊ ရှမ်းခေါက်ဆွဲစားလိုက်နှင့် ရှိလို့နေသည်။

"ရဝေ . . . မင်း ဒီသဘော်အင်ဂျင်နီယာ စာမေးပွဲအောင်သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ သဘော်တက်ရင် အငယ်တန်းအင်ဂျင်နီယာဘဝကနေ စာမေးပွဲတွေ တစ်ဆင့်ပြီး တစ်ဆင့်ဖြေရင်း သဘော်အင်ဂျင်နီယာချုပ်ဖြစ်လို့က ရလိုက်မယ့် ဒေါ်လာငွေတွေဆိုတာ မင်းဘဝအတွက် တက်လမ်းတွေ အများကြီးပဲ၊ မင်းရဲ့မိဘတွေကလည်း တတ်နိုင်တော့ သဘော်လိုင်းကောင်းကောင်း မင်းရမှာပဲ၊ အဓိက မင်းစာမေးပွဲအောင်ဖို့ပဲ လိုတယ်"

မထင်မှတ်ဘဲ ရှမ်းခေါက်ဆွဲစားနေရင်းက ကျော်ကြီးက ဘာရည်ရွယ်ချက်နှင့် ပြောလိုက်သောကြောင့် ရဝေစဉ်းစားရကျပ်သွားသည်။

"နေစမ်းပါဦး ကျော်ကြီးရ၊ မင်းက ဘာရည်ရွယ်ချက်နဲ့ ပြောတာလဲ"

ကျော်ကြီးက ဘာမှ ပြန်မဖြေသေးဘဲ ရှမ်းခေါက်ဆွဲကို စားလိုက်ပါသည်။ ပြီးမှ တူကို ပန်းကန်ထဲ ပြန်ထည့်လိုက်သည်။

"မဟုတ်ပါဘူးကွာ . . . မင်းရဲ့ အနာဂါတ်ကိုကြည့်ပြီး ငါအားကျလို့ပါ၊ မင်းက နည်းပညာတက္ကသိုလ်ကနေ အင်ဂျင်နီယာဘွဲ့လည်း ရပြီးပြီ၊ မင်းမှာ ရှေ့လျှောက် အနာဂါတ်တွေက အများကြီး၊ ငါက ဘွဲ့တော့ ရပါရဲ့၊ အလုပ်ရှားပါးတဲ့ အချိန်မှာ အခုလုပ်နေတဲ့ ကုမ္ပဏီမှာ ငါးနှစ်ရှိပြီး၊ အလုပ်မပြုတ်အောင် နေနေရတာ၊ တစ်နေ့က ငါက အလုပ်ရှင်ကို အရဲစွန့်ပြီး တောင်းဆိုမှုတစ်ခုပြုလုပ်တယ်"

"ကျော်ကြီး . . . မင်းက ဘာတောင်းဆိုတာလဲ"

ဟန်တိုးက သိချင်ဇောဖြင့် မေးပါသည်။

"ငါက အလုပ်ရှင်သူဌေးကို ပြောတယ်၊ သူဌေး . . . ကျွန်တော်က သူဌေးရဲ့ကုမ္ပဏီမှာ ပရိုမိုးရှင်းဖြန့်ချိရေးသမားအဖြစ် အလုပ်လုပ်လာတာ ငါးနှစ်လောက်ရှိပြီ တစ်ခါဖူးမှ လစာတိုးမတောင်းဖူးဘူး၊ တချို့ ကုမ္ပဏီဝန်ထမ်းတွေဆို ဒီလောက်လုပ်သက်ကြာရင် လစာတိုးတယ်လို့ ပြောတော့ သူဌေးပြောလိုက်တဲ့စကားက ငါ ရင်ခံသွားတယ်၊ သူဌေးက ပြောတယ်၊ အေး . . . မင်းအဲ့ဒီလို လစာတိုးမတောင်းလို့ ပရိုမိုးရှင်း



www.burmeseclassic.com

www.burmeseclassic.com



မြန်နို့ချိုရေးသမားအဖြစ် ငါးနှစ်လောက် မြဲနေတာတဲ့၊ ငါလည်း ဘာမှမပြောဘဲ စပ်ဖြိုးဖြိုးလုပ်ရင်း အသာလေး လစ်ထွက်လာရတယ်"

ကျော်ကြားက သူ့စကားသူသဘောကျပြီး ရယ်နေပါသည်။

"ကျော်ကြားရာ မင်း တော်တော်ကြောင်တဲ့ကောင်ပဲ၊ တော်သေးတာပေါ့ကွာ၊ သူ့ဒွေးက မင်းကို အလုပ်တန်းမဖြုတ်လိုက်တာ ကံကောင်းတွာ၊ နို့မို့ဆို . . . မင်း အလုပ်လက်မဲ့ဖြစ်ပြီး ပြောတယ်ဆိုတာ နေရာဒေသတာလကို ကြည့်ရတယ်ကွ"

ဟန်တိုးက ဆရာကြီးက လေသံမျိုးဖြင့် ပြောလိုက်သောကြောင့် ကျော်ကြား နည်းနည်းစိတ်တိုသွားလား မသိ။ သောက်ဖို့ ဟန်ပြင်နေသည့် ရေနွေးခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်ပါသည်။

"မင်းမမှားပါဘူး ကျော်ကြားရာ၊ လူဆိုတာ ကိုယ့်ကြိုးစားမှုအတွက် တိုယ်တောင်းဆိုခွင့်ရှိပါတယ်၊ ရတာ မရတာတော့ သူ့အပိုင်းပေါ့လေ . . .၊ မင်းတို့က ငါက ဘာမှမဖြစ်သေးတာကို စွတ်ပြီး အထင်ကြီးနေကြတာ၊ သင်္ဘောလိုက်တယ်ဆိုတာ ဘယ်လောက်အထီးကျန်ဆန်တယ်မှတ်သဲ၊ အပြောကျယ်လှတဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ပေတစ်ရာသာသာရှိတဲ့ သင်္ဘောထဲမှာ လူလေးနည်းနည်းနဲ့ မုန်တိုင်းတွေ၊ မိုးသက်လေပြင်းတွေ လှိုင်းတွေနဲ့ ရင်ဆိုင်ပြီး လူ့အဖွဲ့အစည်း၊ လူ့ယဉ်ကျေးမှုကြီးနဲ့ ဘယ်လောက်ကင်းကွာနေတယ် မှတ်လဲ၊ မြေပြင်ပေါ်မှာ လူတွေက ဘီယာဆိုင်တွေသွားလိုက်၊ ရုပ်ရှင်တွေကြည့်လိုက်၊ မိသားစုတွေနဲ့ စားလိုက်သောက်လိုက်၊ ကိုးရီးယားဇာတ်လမ်းတွဲတွေ ကြည့်လိုက်၊ ဘောလုံးပွဲတွေ ကြည့်လိုက်၊ ငြင်းလိုက်ခုံလိုက်၊ ချစ်သူတွေ လင်မယားတွေ ရန်တွေဖြစ်လိုက်၊ ထမင်းမစားရလို့ စိတ်ညစ်သူတွေက ညစ်လိုက်နဲ့ လူအသီးသီး ဖြစ်စဉ်အမျိုးမျိုးနဲ့ ဖြစ်နေချိန်မှာ သင်္ဘောလိုက်နေတဲ့သူတွေကတော့ မိသားစုဝမ်းရေးအတွက် ဒေါ်လာဆိုတဲ့ သစ်သီးကို ပင်လယ်ပြင်ကြီးထဲမှာ ဘာဖြစ်လာမှန်းမသိတဲ့ သဘာဝဘေးအန္တရာယ်ကို အသက်အပေါင်ပေးပြီးသင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တာဝန်ထမ်းဆောင်နေရတာ၊ ဘယ်သူ ဒါမျိုးလုပ်ချင်ပါ့မလဲကွာ"

ရဝေက သူ့ထင်မြင်ချက်ကို ပြောပြခွင့်ရလိုက်သဖြင့် ရင်ထဲပေါ့သွားပါသည်။ သူငယ်ချင်းနှစ်ယောက်ကတော့ ဘာစကားမှမဆိုဘဲ တစ်စုံတစ်ခုကို တွေးနေသလိုပင်။

"ဟုတ်တယ်နော် ကျော်ကြား၊ ရဝေပြောတာမျိုး ငါတို့ မစဉ်းစားဖူးဘူး၊ တကယ်တော့ လူဆိုတာ လူရယ်လို့ ဖြစ်လာရင် လူ့အဖွဲ့အစည်းနဲ့ပဲ နေသင့်တာပဲ၊ ကင်းကွာလို့ မရကောင်းဘူးကွ"

ဟန်တိုးက စကားလက်စသတ်ပြီး ရေပြင်ကို ငေးကြည့်နေသလို ရဝေနှင့် ကျော်ကြားကလည်း ရေပြင်ကို ငေးကြည့်နေပါသည်။

အင်းလျားကန်ထဲမှာ ရွက်ဖွင့်ထားသည့် လှေငယ်နှစ်စီးမှာ လူအချို့က လှော်ခတ်လို့ နေပါသည်။

❑

သည်နေ့ကျမှ သူငယ်ချင်းမနှစ်ယောက်ဖြစ်သည့် ခင်မေလတ်နှင့် မြသက်မူက ဘာစိတ်ကူးပေါက်သည်မသိ၊ အလှပြင်ဆိုင်သွားမည်ဆိုသဖြင့် တုမန္တိုင်း ပါလိုက်ခဲ့ရသည်။ အလှပြင်ဆိုင်ရောက်တော့ ဟိုနှစ်ယောက်က မျက်နှာပေါင်းတင်း၊ ခေါင်းလျှော်သဖြင့် တုမန္တိုင်းလည်း ရန်ကုန်ရောက်ကတည်းက အလှပြင်ဆိုင် တစ်ခါမှမရောက်သဖြင့် မထူးပါဘူးဆိုပြီး ဆံပင်ကိုခေါင်းလျှော်၊ မျက်နှာကို ပေါင်းတင်မိသည်။

မန္တလေးမှာဆို ဒါမျိုးဘယ်ဟုတ်ပါ့မလဲ။ တစ်ပတ်တစ်ခါ အလှပြင်ဆိုင် ရောက်နေကျပဲဟာ။

ဆံပင်ကို ခေါင်းလျှော်၊ မျက်နှာကို ပေါင်းတင်ပြီးသွားတော့ အလှပြင်ဆိုင်က အမျိုးသမီးက တုမန္တိုင်းကို သေသေချာချာ ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးက အခုမှ ဆိုင်ထဲကို ဝင်လာတုန်းက ရုပ်ရည်သွင်ပြင်နဲ့ လုံးဝမတူတော့ဘူး၊ ပိုလှသွားပြီ ညီမလေးရုပ်ရည်နဲ့ဆို ရုပ်ရှင်မင်းသမီးလုပ်မလား၊ ဒါမှမဟုတ် မော်ဒယ်လုပ်မလား တစ်ခါတည်း ပရိသတ်က တမ်းတမ်းစွဲသွားမှာ"

အလှပြင်ပေးသည့် အမျိုးသမီးစကားကြောင့် တုမနိုင်း ကျေနပ်မိသွားပါသည်။ ကိုယ့်ကိုကိုယ်လည်း လှသည်ဟု ပြောသည့်အတွက် ထူဏ်ယူနေမိပါသည်။

"အစ်မရေ . . . သူ့ကို မစွဲလန်းမှာတော့ မပူနဲ့၊ ကုမ္ပဏီပိုင်ရှင် လူပျိုကြီးကဆို ကလေးအမေလို့ ပြောတာတောင် မယုံဘူး"

မြသက်မူစကားကြောင့် အလှပြင်ဆိုင်က အမျိုးသမီးက အံ့အားတသင့်ဖြင့် . . .

"ဟယ် . . . ညီမက ကလေးအမေလား၊ အစ်မဖြင့် ထင်တောင် မထင်ဘူး"

"ဖွ . . . လွဲပါစေ၊ ဖယ်ပါစေ . . . မဟုတ်ပါဘူး အစ်မရယ်"

တုမနိုင်းက အကြောက်အကန် ငြင်းလိုက်ရသည်။

"အစ်မ မသိသေးဘူးကိုး၊ သူ့အကြောင်းက ဒီလို အစ်မရေ × × × × × × × × × × × × × ×"

လူတွေများ ခက်ပါသည်။ ဟိုက မမေးဘဲ သူမအကြောင်းကို အတော်ပြောချင်ကြတာပဲလို့။ မြသက်မူက တုမနိုင်းအကြောင်းအား ပြောပြသောအခါ ထိုအမျိုးသမီးက ရယ်ပါသည်။

"ညီမအဖြစ်က ရုပ်ရှင်ဇာတ်လမ်းအတိုင်းပဲ စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ၊ ဒါပေမယ့် မင်းသားက လိုသေးတယ်နော်"

အလှပြင်ဆိုင်က အမျိုးသမီးက မှန်တင်ခုံပေါ်ကနေ နှုတ်ခမ်းနီ တောင့်ကို ယူလိုက်ပြီး . . .

"ညီမ ပါးစပ်ကလေးစေ့ထား၊ ဟောဒီ နှုတ်ခမ်းနီ အနီရောင်လေး



www.burmeseclassic.com

www.burmeseclassic.com



အစ်မ ဆိုးပေးမယ်၊ ပြီးရင် ညီမရဲ့မျက်ခွံအောက်မှာ အစိမ်းရောင်ပါးပါးလေး ချယ်ပေးမယ်။ ဘာဖြစ်လို့လည်းဆို ညီမက ဒီနေ့ရုပ်အင်္ကျီလက်တိုအစိမ်းရောင် ဝတ်လာတာဆိုတော့ ဒီဆံပင်၊ ဒီမျက်နှာ၊ ဒီနှုတ်ခမ်းနီအရောင်နဲ့မှ ပိုလိုက်တာ"

"ကျွန်မကတော့ မသိပါဘူး အစ်မရယ်၊ ဝတ်လိုက် ပြင်လိုက်တာပဲ သိတာ"

တုမန္တိုင်းက အလှပြင်ဆိုင်က အမျိုးသမီးအလှပြင်ပေးသမျှကို ဘာစကားမှ မပြောဘဲ ငြိမ်ငြိမ်လေးထိုင်ရင်းမှ မှန်ထဲမှ မြင်ရသော ကိုယ့်ရုပ်လွှာကိုယ်ပြန်ကြည့်ပြီး ကျေနပ်လို့ နေပါသည်။

❑

နေက အခုမှ နည်းနည်းပူလာသည်။

သို့သော် တော်သေးတာက အင်းလျားကန်ရေပြင်ကို ဖြတ်သန်းပြီး လေက မကြာခဏဆိုသလို တိုက်ခတ်နေသဖြင့် အပူက လျော့လို့နေသည်။

အခုချိန်ထိ ရဝေတို့သုံးယောက်သား အဆောင်ကို လုံးဝမပြန်ဖြစ်သေးပါ။ စကားတွေ ဟိုပြောဒီပြောနှင့် ကောင်းနေတုန်း ရှမ်းခေါက်ဆွဲ ပန်းကန်တွေ သိမ်းခိုင်း၊ အအေးသုံးပုလင်းထပ်မှာပြီး တစ်ပုလင်းစီယူကာ သောက်လိုက်၊ စကားပြောလိုက်နှင့် လောကကြီးမှာ သူတို့ သုံးယောက်ပဲ ရှိနေသည့်အတိုင်းပင် ဖြစ်သည်။

"မြီးရှည် သုံးပွဲ၊ ကြက်သားနဲ့ပေးပါ၊ ပြီးတော့ သံပုရာရည် သုံးခွက်"

ရဝေတို့ ထိုင်နေသော စားပွဲဝိုင်းတစ်ဝိုင်းကျော်ရှိရာသို့ အမျိုးသမီးသုံးဦးက ဝင်ထိုင်လိုက်ရင်းမှ အမျိုးသမီးတစ်ဦးက စားပွဲထိုးကို ခေါ်ပြီး မှာနေသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်တိုး . . . ဟိုအမျိုးသမီးသုံးယောက်က ငါတို့ရှေ့က အဆောင်တပဲကွ၊ သူတို့တွေလည်း နေ့လည်စာ လာစားတာထင်တယ်"

ထိုအမျိုးသမီးသုံးဦး ထိုင်နေသော စားပွဲဝိုင်းကိုကြည့်ပြီး ကျော်ကြားက ပြောသဖြင့် ဟန်တိုးက မသိမသာ ကြည့်လိုက်သည်။ ရဝေကတော့ စိတ်မဝင်စားဘဲ အင်းလျားကန်ရေပြင်ကိုသာ ငေးကြည့်နေမိသည်။

"ရဝေ . . . ဒီနေ့ မင်းကျွေးမှာဆိုတော့ ပိုက်ဆံမင်းရှင်းလိုက်"

"ဒါဆိုလည်း စားပွဲထိုးခေါ်ကွာ"

အချိန်အတော်ကြာသောအခါ ကျော်ကြားက ရဝေ့ကိုပြောရင်းတနေ စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။

"ပိုက်ဆံ ရှင်းမယ်ဟေ့"

ကျော်ကြားလှမ်းခေါ်သံအဆုံး စားပွဲထိုးက ရဝေတို့ စားပွဲဝိုင်းရှိရာသို့ ရောက်လာသည်။

"ဘယ်လောက်ကျလဲ ရှမ်းခေါက်ဆွဲသုံးပွဲ၊ အအေးသုံးလုံး"

"နှစ်ထောင့်လေးရာပါ"

"ရဝေ ပေးလိုက်၊ နှစ်ထောင့်လေးရာ"

ရဝေက အင်္ကျီအိတ်ကပ်ထဲကနေ ငွေတစ်ထောင်တန်နှစ်ရွက်နှင့်နှစ်ရာတန်နှစ်ရွက်ကို ပေးလိုက်သည်။ ရဝေတို့ စားပွဲဝိုင်းကနေ စားပွဲထိုးက အထွက်မှာ အခြားစားပွဲတစ်ဝိုင်းကျော်မှ အမျိုးသမီးသုံးဦးထဲမှ တစ်ဦးကလည်း ပိုက်ဆံရှင်းဖို့ လှမ်းခေါ်သည်ကို ရဝေ တွေ့လိုက်ရသည်။ ပိုက်ဆံရှင်းမည့် အမျိုးသမီးက အင်္ကျီလက်တိုအစိမ်းရောင်ကို ဝတ်ထားပြီး ရဝေတို့ ထိုင်နေသော စားပွဲဝိုင်းကို ကျောပေးပြီး ထိုင်နေပါသည်။

ထိုအမျိုးသမီးက ပိုက်ဆံရှင်းပေးတာကို စားပွဲထိုးက ယူပြီးစောစောတုန်းက ရဝေတို့ ပိုက်ဆံရှင်းပေးလိုက်သော ငွေထဲမှ နှစ်ရာတန်တစ်ရွက်ကို ထိုအင်္ကျီလက်တိုအစိမ်းရောင်ဝတ်ထားသော အမျိုးသမီးအား ပြန်အမ်းနေသည်ကို ရဝေ မြင်တွေ့နေရသည်။ ထိုအမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



ငွေနှစ်ရာတန်ကိုကြည့်ပြီး ဘယ်လိုဖြစ်သွားသည်မသိ။ စားပွဲထိုးအား ပြန်ပေးပါသည်။ စားပွဲထိုးက ထိုငွေနှစ်ရာတန်ယူပြီး ရဝေတို့ စားပွဲဝိုင်း ရှိရာသို့ ရောက်လာပါသည်။

"အစ်ကို . . . ဒီငွေနှစ်ရာတန်ပြန်လဲပေးလို့ မရဘူးလား၊ အစ်ကို့ နှစ်ရာတန်က တိပ်တွေနဲ့ ဆက်ထားပြီး အဖာရာတွေ များနေလို့၊ ဟို အစ်မက မယူဘူး ပြန်လဲပေးပါ"

ရဝေ နည်းနည်း'ဘု'သွားသည်။

"ဟာကွာ . . . သုံးလို့ရတာပဲ၊ မင်းတို့ဆိုင်က ပိုက်ဆံနဲ့ လဲပေး လိုက်ပါလား"

"ကျွန်တော်တို့ ဆိုင်မှာ ငွေနှစ်ရာတန် အကြွေကို မရှိလို့ပါ။ အဲ့ဒီအစ်မကို ပြောပါတယ်၊ သူက မယူဘူး . . . အစ်ကိုတို့ဆီမှာ သွားပြန် လဲပေးလို့ ပြောလို့"

နောက်ဆက်တွဲစကားကြောင့် ရဝေ နည်းနည်းတော့ စားပွဲဝိုင်း တစ်ဝိုင်းကျော်က ပိုက်ဆံရှင်းပေးသည့် အမျိုးသမီးကို ဒေါပွသွားပါသည်။

"ပေး . . . ပိုက်ဆံ ငါသွားရှင်းမယ်၊ မိန်းမတွေများကွာ တော် တော်လက်ပေါက်ညစ်ကျယ်လုပ်တာ[illegible]"

ရဝေက စားပွဲထိုးဆီက ငွေနှစ်ရာတန်ကို ယူပြီး သူနှင့်စားပွဲဝိုင်း တစ်ဝိုင်းကျော်တွင်ရှိသည့် အမျိုးသမီးသုံးဦးရှိနေသော စားပွဲဝိုင်းရှိရာသို့ သွားလိုက်ပြီး အင်္ကျီလက်တို အစိမ်းရောင်ဝတ်ထားသော အမျိုးသမီးရှေ့ တည့်တည့်မှာ ငွေနှစ်ရာကို ပစ်ချလိုက်သည်။

"ဒီမှာ မစုတ်မပြဲ တိတ်မပါတဲ့ ပိုက်ဆံအသစ်ကို လိုချင်ရင် ဘုရားဂေါပက ဥက္ကဋ္ဌရဲ့သားကို ယူလိုက်၊ အလှူခံပုံးထဲကနေ ပိုက်ဆံ အသစ်ကို ပြန်လဲပေးလိမ့်မယ်၊ ဒါမှမဟုတ် သံသရာကို မကြောက်ရင် အလှူခံပုံးကို ဖောက်ပြီးယူ၊ အားလုံး ဒီလိုဟာမျိုးတွေချည်းပဲ သုံးနေ ကြတာပဲ ခင်ဗျားက ပိုကို ပိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာစကားပြောတာလဲ"

ရဝေ စိတ်ထဲရှိတဲ့အတိုင်း ပြောချတာကို ထိုအမျိုးသမီးက ဒေါသထွက်သွားပြီး ရဝေ့အား ကြည့်လိုက်သလို ရဝေကလည်း ထိုအမျိုးသမီးကို ကြည့်လိုက်သောအခါမှပဲ . . .

"ဩော် . . . ရှင်ကိုး"

"ဟာ . . . ခင်ဗျားနဲ့ ဆုံပြန်ပြီ"

ရဝေနှင့် တုမနိုင်းတို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် ကြည့်ရင်းက အံ့အားတသင့် ဖြစ်ကုန်ကြသလို ခင်မေလတ်နှင့် မြသက်မူတို့နှစ်ဦးကလည်း ရဝေနှင့် တုမနိုင်းတို့အား စိတ်ဝင်တစားနှင့် အကဲခတ်ကြည့်လို့နေပါသည်။

"ဒုက္ခပါပဲဟယ် . . . ဒီနေ့ စိတ်အေးချမ်းသာစွာနဲ့ အလှပြင်ဆိုင်သွား လှလှလေးပြင်ပြီး ဒီမှာလာစားကာမှ အကုသိုလ်က ဒီလူနဲ့ ဆုံမှဆုံစတတ်တယ်"

တုမနိုင်းက ရဝေ့ကိုကြည့်ပြီး သူငယ်ချင်းမနှစ်ဦးကို ပြောလိုက်သည်။ ရဝေကတော့ ဘာမှမပြောဘဲ တုမနိုင်းဝတ်ထား၊ စားထားတာကို ခန္ဓာကိုယ်တစ်ခုလုံး သိမ်းကျုံးကြည့်လိုက်သဖြင့် တုမနိုင်း ရှက်သွားပြီး ကြက်သီးတွေဘာတွေတောင် ထသွားပါသည်။

"ရှင် . . . လူကို ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်တာလဲ၊ ရှင့်မှာ နှမ,မရှိဘူးလား"

တုမနိုင်းက ဒေါသသံပါသော လေသံမျက်နှာထားတင်းတင်းနှင့် ကြည့်ရင်းက ပြောလိုက်သည်။

ရဝေကတော့ သည်လောက် ပြဿနာရှာသည့် အမျိုးသမီးကို ညာတော့ နည်းနည်းပေးရမယ်လို့ . . .။

"ကျုပ်က ခင်ဗျားကို ကြည့်ချင်လို့ ကြည့်တယ်မှား ထင်နေလား ခင်ဗျားရဲ့ စကားထဲမှာ အလှပြင်ဆိုင်သွားတယ်ဆိုလို့ ကျုပ်စိတ်ဝင်စားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပညာရပ်နဲ့များ ပတ်သက်နေသလားလို့"

"တုမန္တိုင်းနဲ့က ဘယ်လိုပညာရပ်က ပတ်သက်နေတာလဲ"

ခင်မေလတ်က စပ်စုသလို သိချင်သလိုမျိုးဖြင့် ရဝေအား မေးလိုက်ပြီးမှာ . . .

"ခင်မေလတ်ရယ် နင်ပြောမှပဲ ဒီလူက ငါ့နာမည်ကို သိသွားပြီ"

"ဒီမှာ ခင်ဗျားရဲ့ နာမည်ကို သိတော့ကော ကျုပ်က ဘာလုပ်ရမှာလဲ၊ ကျုပ်သိချင်တာ တစ်ခုပဲရှိတယ်၊ ခင်ဗျား ဘယ်ရာသီဖွားလဲ"

"ဘာလဲ . . . ရှင်က ဗေဒင်ဆရာလား၊ ကျွန်မက ဗေဒင်ဝါသနာ မပါဘူး"

တုမန္တိုင်းက မျက်စောင်းထိုး ဘုတောရင်း ပြောလိုက်ပါသည်။

"ရတယ် ကိစ္စမရှိဘူး၊ ခင်ဗျားက အလှပြင်ဆိုင်က ပြန်လာပြီး ဝတ်ထားစားထား ပြင်ဆင်ထားတာကို ကြည့်ပြီးပြောရရင် ခင်ဗျားဟာ ကရကဋ်ရာသီဖွားဖြစ်ရင်တော့ ခင်ဗျားအခုမျက်နှာကို အလှအပခြယ်သတဲ့နေရာမှာ တနင်္လာဂြိုလ်နဲ့ အဓိကရန်ဘက်ဖြစ်တဲ့ ဗုဒ္ဓဟူးဂြိုလ်ကို ပိုင်ဆိုင်ထားတာ ဖြစ်တဲ့အတွက် ခင်ဗျားဝတ်ထားတာကလည်း အစိမ်းရောင် အင်္ကျီလက်တို မျက်လုံးအောက်မှာလည်း အစိမ်းရောင်ခြယ်သထားတယ်၊ အဲ့ဒါ လုံးဝမသုံးရဘူး၊ ပြီးတော့ ကရကဋ်ရာသီဖွားဟာ အာပေါဆိုတဲ့ ရေဓါတ်သဘောကို ဆောင်တဲ့အတွက် အဲ့ဒီရေဓါတ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပူလောင်တဲ့ အနီရောင်ကို ခင်ဗျားက နှုတ်ခမ်းမှာ နှုတ်ခမ်းအနီရောင် ရဲရဲဆိုးထားတော့ မိမိလှနေတဲ့ အလှဟာ ပျက်ဆီးသွားသည်၊ အထူးသဖြင့် ဆံပင်ကို လျှော်တာတို့ မျက်နှာကို ပေါင်းတင်တာတို့ လုပ်တဲ့နေရာမှာ ဒီလိုကရကဋ်ဖွားတွေက သတိထားရတယ်၊ ဒါမှမဟုတ်ရင်တော့ စိတ်မချမ်းမြေ့စရာ၊ လုပ်ငန်းခွင်မှာ စိတ်ရှုပ်စိတ်ညစ်သောက ရောက်စရာတွေ တွေ့တွေ့နေရတတ်တယ်၊ ဒီတော့ ခင်ဗျားရဲ့ ခန္ဓာကိုယ်ပေါ်မှာ အစိမ်းရောင်လွှမ်းမိုးမှုတွေ မများစေနဲ့၊ တတ်နိုင်ရင် အစိမ်းရောင်ကို မသုံးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ဟုတ်လား၊ တုမန္တိုင်း နင် . . . ကရကင့်ရွာသိမ္ဘားပဲ ဟာ၊ ဟိုတစ်နေ့က မဂ္ဂဇင်းစာအုပ်ထဲက ဗေဒင်ကိုကြည့်ပြီး နင်ပြောသေး တယ်လေ၊ ဒီဗေဒင်ဆရာပြောတာ မှန်နေပြီ"

မြသက်မူက ဝမ်းသာအားရနှင့် တုမန္တိုင်းကို ပြောလိုက်ပါသည်။ တုမန္တိုင်းလည်း စိတ်ထဲကနေ ရဝေဆိုသည့် လူပြောတာတွေက ဟုတ်နေ ပါလားလို့။

"မောတယ်ဗျာ . . . ဒီ . . . ပိုက်ဆံနှစ်ရာကိုသာ ယူလိုက်တော့၊ နောက်ကြုံရင် ပိုက်ဆံအသစ်နဲ့ လဲပေးမယ်၊ အဆောင်ချင်းက မျက်နှာ ချင်းဆိုင်ပဲ၊ ကျုပ် လှမ်းအော်ခေါ်လိုက်မယ်"

"မခေါ်ပါနဲ့ . . . မလိုပါဘူး၊ ဟွန်း . . . လူကိုက"

ရဝေက ဆိုင်ထဲက ထွက်အလာမှာ တုမန္တိုင်းက ပြန်ပြောလိုက် တာ ရဝေက ထပ်ပြန်မပြောတော့ဘဲ သူငယ်ချင်းနှစ်ဦးကိုခေါ်ပြီး ထွက် သွားပါသည်။ ကျော်ကြားနှင့် ဟန်တိုးက ဘာတွေဆက်ဖြစ်တာလဲမေးလို့ အဆောင်ရောက်မှ ရှင်းပြမည်ဟု ပြောပါသည်။

တုမန္တိုင်းကျတော့ကော . . . သူငယ်ချင်းမနှစ်ဦးက ကလိပါ သည်။

'တုမန္တိုင်း . . . နင်ရှာတဲ့ ဇာတ်လမ်းက ဟိုကလည်း နင့်ကို ဆရာ လုပ်ပြောသွားပြီ၊ သူပြောတာကလည်း ဟုတ်နေတာပဲ၊ ဇာတ်လမ်းက ဒီထိပါလာပြီနော်"

မြသက်မူကို တုမန္တိုင်း ဘာမှပြန်မပြောပါ။ ရဝေဆိုသော လူနှင့် တွေ့တိုင်း ဘယ်လိုဖြစ်လို့ ပြဿနာဖြစ်ရသလဲဆိုတာကိုသာ တွေးနေမိ ပါသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ဘဝဇာတ်စုံပေါ်မှာ

ကိုယ့်မျှော်မှန်းချက်ကို

တက်ကုန်သုတ်ရှက်လှော်ပြီး

အစွမ်းအစပြပါမယ်ဆိုမှ

လူကြမ်းဆိုတဲ့ 'နေ' က

သူ့မိုလို့ မှောင်ယှက်ရဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

တုမနှိုင်း လုပ်စရာရှိတာတွေကို လုပ်နေရင်းက သူမ၏စားပွဲ တည့်တည့်မှာရှိနေသည့် စားပွဲမှာ Laptop တစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဦးဇော်သန်းဦးက Laptop နှင့် အလုပ်ရှုပ်နေသလိုမျိုး ဟန်ဆောင်ရင်းက သူမကို ခိုးကြည့်လိုက်၊ အကဲခတ်လိုက်နှင့် ဖြစ်နေတာ မသိဘဲ ဘယ်နေပါ့မလဲ။

ခါတိုင်းရက်တွေနှင့်မတူဘဲ ဦးဇော်သန်းဦး သည်နေ့ကျမှ ဘာစိတ်ကူးပေါက်လေသလဲမသိ။ တစ်ခုခုတော့ ထူးခြားမှုရှိလိမ့်မည်လို့။

"နှိုင်းရေ . . . ဒီရက်ပိုင်းအတွင်း နိုင်ငံခြားပို့တဲ့ ကုန်ပစ္စည်းစာရင်းတွေ စစ်လို့ ပင်ပန်းနေပြီလား"

ဦးဇော်သန်းဦးက စကားမရှိ စကားရှာပြောဆိုရင်းက Laptop ကို ပိတ်လိုက်ပြီး တုမနှိုင်းစားပွဲနားသို့ ရောက်လာသည်။

"ပင်ပန်းစရာမလိုပါဘူး ဘော့စ်ရဲ့၊ ကျွန်မက ဘော့စ်ရဲ့အတွင်းရေးမှူးလေ၊ ငွေရေးကြေးရေးကိစ္စတွေအတွက် ဒီလောက်တော့ လုပ်ဖို့တာဝန်ရှိတာပေါ့၊ ဘော့စ်ရဲ့လခကို ယူထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး! သိတတ်လိုက်တာ နှိုင်းရယ်"

တုမနှိုင်းတစ်ယောက် ဦးဇော်သန်းဦး၏ မျက်နှာကိုကြည့်ပြီး အတော်ရှုံ့သွားပါသည်။

ဘယ့်နှယ့် . . ယောကျ်ားကြီးတန်မဲ့ ချွဲချွဲပစ်ပစ်နှင့် ပြောနေလို့ပါ။

"ဒါနဲ့ နှိုင်း . . . နှိုင်းရဲ့ကလေးကော နေကောင်းရဲ့လား။ နှိုင်းရဲ့ ယောကျ်ားကော အလုပ်ကိစ္စတွေ အဆင်ပြေပြီလား"

ယခင်ရက်တွေက သည်မေးခွန်းကိုမမေးဘဲ သည်နေ့မှ ဦးဇော်သန်းဦးက ဘာကြောင့် ကောက်ခါငင်ကာနှင့် မေးခွန်းကို မေးရပါသလဲ လို့ တုမနှိုင်းစဉ်းစားမိသွားသည်။

တုမနှိုင်း မုသာဝါဒကို ပိပိရိရိကျူးလွန်ရပါဦးမည်။

"ကောင်းပါတယ် ဘော့စ်ရဲ့၊ ကလေးထိန်းကလည်း ဂရုစိုက်ပါတယ်၊ ကလေးဉာဏ်ရည်ထက်မြက်အောင် အက်ပီတန်လည်း တိုက်တယ်လေ၊ ပြီးတော့ Baby Mild ပေါင်ဒါလည်း လူးပေးတယ်၊ အမျိုးသားကတော့ သူ့အလုပ်ကို စောင့်နေတုန်းပဲ"

"အမယ်လေး နှိုင်းရယ်၊ တီဗွီကြော်ငြာတွေထဲကအတိုင်း ကလေးကို လျှောက်လုပ်ပေးနေရင် ရတဲ့လခနဲ့ ဘယ်လောက်မလဲ . . ဟဲ . . ဟဲ"

ဦးဇော်သန်းဦးက လုပ်သံနှင့် ရယ်ရင်းမှ . . .

"နှိုင်းက ကလေးအမေသာဆိုတယ်၊ ကလေးကို ကလေးထိန်းနဲ့ အိမ်မှာထားရလို့ အလုပ်မှာ စိတ်ပူနေရတာ၊ လင်သားအတွက် အလုပ်မရသေးလို့ စိတ်ပူရတာ၊ ဒီလိုသောကတွေ ရှိတာတောင်မှ နှိုင်းရဲ့အလှက မလျော့ဘဲ တစ်နေ့ထက်တစ်နေ့ ပိုလှလာတာ အတိတ်ကံကြောင့်ဖြစ်မယ်"

ဦးဇော်သန်းဦး၏ စကားနားထောင်နေသော နှိုင်းတစ်ယောက် ကလေးအမေ အပူသည်နှင့်တူအောင် မဖြီးလိမ်းမဝတ်ဆင်ဘဲ ဖြစ်သလို နေရမည့်ပုံစံမျိုး ဖြစ်နေပါသည်။

"အာစရိ . . . ဒီမှာ ထောပတ်ထမင်းနဲ့ ကြက်သား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဘုလားဟေ့"

အခန်းထဲသို့ ဦးဇော်သန်းဦး၏တပည့်ကျော် အောင်ဘုက ငါးဆင့်စတီးထမင်းချိုင့်ကို လက်ကဆွဲပြီး အခန်းထဲသို့ ဝင်လာရင်းက တုမန္နိုင်းကို မသိမသာ အကဲခတ်လိုက်ပါသည်။

"နိုင်း . . . ဒါ . . . အစ်ကိုကြီး တပည့်ကျော်အောင်ဘု၊ အစ်ကိုကြီးနဲ့ အတူတူနေတာ၊ ဒီနေ့ အိမ်မှာ ထောပတ်ထမင်းနဲ့ ကြက်သားဟင်းချက်တာ နိုင်းပါ အစ်ကိုကြီးနဲ့ အတူတူ တစ်ခါတည်းစားဖို့ ထည့်လာခိုင်းတာ . . .၊ အောင်ဘု ပန်းကန်တွေ ဇွန်းတွေ သွားတောင်း . . . သန့်ရှင်းရေးသမားကို မေးလိုက်"

"ဟုတ်ကဲ့ . . . အာစရိ"

အောင်ဘုက အခန်းထဲကနေ ခပ်သွက်သွက် ထွက်သွားပြီး ပန်းကန်တွေ၊ ဇွန်းတွေ၊ ဟင်းခွက်တွေ ယူလာပြီး ပြင်ဆင်ပေးပါသည်။

ယောကျ်ားသားနှစ်ဦးရှေ့မှာ ထောပတ်ထမင်းနှင့် ကြက်သားဟင်းစားနေရသော တုမန္နိုင်းတစ်ယောက် တစ်ခါဖူးမှ သည်လိုမျိုး မစားဖူးသဖြင့် နေရထိုင်ရ အတော်ခက်နေပါသည်။

"နိုင်း . . . အားတော့နာတယ်၊ စားပြီးပြီးချင်းဆိုတော့ ဒီလိုကွာ၊ ရွှေပုလဲကုမ္ပဏီကိုသွား၊ နယ်မှာ သူတို့အေးဂျင့်လုပ်ထားတဲ့ ပစ္စည်းတွေ အစ်ကိုကြီးတို့ ကုမ္ပဏီကို ဘာတွေဘယ်လိုပို့မှာလဲ အသေးစိတ်သိချင်တယ်၊ စာရင်းလုပ်ပေးပါ၊ အစ်ကိုကြီးမလာနိုင်လို့ မလုပ်အားလို့ ပြော. ."

"ဟုတ်ကဲ့ . . . ဘော့စ်"

နေ့လယ်စာ စားပြီးသွားလို့ တုမန္နိုင်းက ထိုင်မလို့အလုပ်မှာ ဦးဇော်သန်းဦးက ခိုင်းလိုက်သဖြင့် စလင်းဘတ်အိတ်ကိုလွယ်ပြီး အခန်းထဲက ထွက်သွားပါသည်။

"အောင်ဘု . . . မင်း . . . အခုလောက်ဆို အကဲခတ်ပြီးပြီပေါ့၊ နိုင်းကို ဘယ်လိုမြင်လဲ၊ တကယ့်ကလေးအမေ ဟုတ်ရဲ့လား၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ မိန်းမကော သေချာလား"

တုမန္တိုင်းအခန်းထဲက ထွက်သွားပြီးသည်နှင့် ဦးဇော်သန်းဦးက သိချင်ဇောဖြင့် ဟန်တောင်မဆောင်နိုင်ဘဲ မေးလိုက်ပါသည်။

"ဟင်း . . . မြင်တဲ့အတိုင်းပြောရရင် ဒီလိုအသားအရေ ဒီလိုရုပ်ရည်၊ ဒီလိုခန္ဓာကိုယ်အချိုးအစားနဲ့က အအိုလို့ ပြောရမှာ ခပ်ခက်ခက်ပဲ၊ ထူးခြားတဲ့ အချက်ကို ကျွန်တော်သတိထားမိတာက အာစရိနဲ့ သူနဲ့ ထောပတ်ထမင်းလက်ဆုံစားနေတုန်းမှာ သူ့မျက်လုံးတွေက ရှက်တဲ့အရိပ် အရောင်ပေါ်နေတယ်၊ အအိုဆိုရင် ဒါမျိုးက အလုပ်သဘောမို့လို့ အေးဆေးပဲဟာ၊ အခုသူက ရှက်သလိုဖြစ်နေတော့ ဒီအချက်က စဉ်းစားစရာပဲ"

"အောင်ဘုရာ . . . သေချာလားကွာ၊ ငါ့ရင်ထဲမှာ အခုမှ အလုံးကြီးက တစ်ဝက်လောက် ကျသွားတာ"

"ဒီအတွက် ဘာမှမပူနဲ့၊ အာစရိ ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်တော်ပြောပြမယ် × × × × × × × × × × × × × × "

တပည့်ကျော် အောင်ဘုက တိုးတိုးတိတ်တိတ် အကြံပေးသမျှကို ဆရာတစ်ဦးက ကျောင်းသားကို စာသင်ပေးနေတာ ကျောင်းသားက ဂရုတစိုက် နားထောင်နေသလိုမျိုး ဦးဇော်သန်းဦးက နားထောင်လို့နေပါသည်။

❑

သည်နေ့ အမျိုးသမီးအဆောင်က ထွက်လာကတည်းက ကံက မကောင်း။ သူငယ်ချင်းမသုံးဦး အတူတူ ကားဂိတ်ကိုလာတာ တုမန္တိုင်း ကိုမှရွေးပြီး ခလုတ်က တိုက်မိသည်။ ကားဂိတ်ရောက်တော့ ဦးဇော်သန်းဦး ရိပ်မိမှာစိုးသဖြင့် လူခွဲပြီး တုမန္တိုင်းက အဲထူးကားကို အရင်စီးသည်။ သည်နေ့ကျမှ သူမစီးသော အထူးကားစပါယ်ယာက ပါးစပ်ပေါ်ဆိုးသူ ဖြစ်ရုံမက ခရီးသည်အမျိုးသမီးတွေကို အသားယူတတ်သူနှင့်မှ သွားကြုံရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယာဉ်စီးခကောင်းလို့ ငွေနှစ်ရာတန် ထုတ်ပေးတာ . . .၊ သူက ပိုက်ဆံယူသလိုနှင့် လက်ကို အသားယူပြီးကိုင်လို့ နည်းနည်းရန်တွေ့ခဲ့ရသေးသည်။

ကုမ္ပဏီကိုရောက်တော့ ဦးဇော်သန်းဦးက မရောက်လာသေးပါ။ ခါတိုင်းရက်တွေဆို အစောကြီး ရောက်နေပါလျှက်နှင့် သည်နေ့မှ ထူးထူးဆန်းဆန်း နောက်ကျတာ နေမျာမကောင်းလို့လားလို့ တုမနှိုင်း တွေးမိလိုက်သေးသည်။

ဦးဇော်သန်းဦးသည် သည်နေ့ ကုမ္ပဏီကို မလာဖြစ်လျှင် တစ်ခုတော့ ကောင်းသည်။ တုမနှိုင်းတစ်ယောက် ကိုယ့်ဖာသာကိုယ် လွတ်လွတ်လပ်လပ် လုပ်စရာရှိတာလုပ်ပြီး နေရုံပင်။ ဦးဇော်သန်းဦး ရှိနေလို့ကတော့ နေရထိုင်ရတာ မလွတ်လပ်။ သူသံသယစိတ်ဝင်နေသော အကြည့်အောက်မှာ မနည်းချုပ်တည်းဟန်ဆောင်နေရလို့ ဖြစ်ပါသည်။

❑

"Sorry ပဲ နှိုင်း . . .၊ အစ်ကိုကြီး ဒီနေ့ အလုပ်ကို နေ့လယ်မှ လာဖြစ်မယ်လို့ ဖုန်းဆက်ဖို့ဟာ မဆက်ဖြစ်ဘူး . . .၊ နယ်က လုပ်ငန်းရှင်တွေ ရန်ကုန်ရောက်နေလို့ ဟော်တယ်မှာ စားရင်းသောက်ရင်း အလုပ်စကားပြောကြတော့ တစ်မနက်ကုန်သွားတယ်"

မွန်းလွဲတစ်နာရီလောက်မှာ ဦးဇော်သန်းဦးက အခန်းထဲဝင်လာရင်း နဖူးပြင်မှ ထွက်နေသည့် ချွေးတွေကို လက်ပိုင်ပုဝါနှင့် သုတ်လိုက်ရင်းမှ ပြောလိုက်သည်။ ပြီးတော့ ထိုင်ခုံမှာ ထိုင်ချလိုက်သည်။

"တစ်ခြားဧည့်သည်တွေဆီက ဆက်တဲ့ဖုန်းတွေ လာသေးလား"

"မလာပါဘူး . . . ဘော့စ်"

တုမနှိုင်းက ဦးဇော်သန်းဦး အမေးကိုဖြေပြီး လုပ်စရာရှိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်လုပ်နေပါသည်။

"ဪ . . . နှိုင်းကို ပြောရဦးမယ်၊ နှိုင်းက အစ်ကိုကြီးရဲ့ အတွင်းရေးမှူးအဖြစ် ဒီမှာလုပ်နေတာတစ်လတောင် ပြည့်တော့မယ်၊ ဆရာနဲ့ တပည့်လို ရင်းနှီးနေပြီဆိုတော့ အစ်ကိုကြီးတစ်ခု စိစဉ်ထားတယ်၊ နှိုင်းရဲ့ သားကိုလည်း တစ်ခါပဲ တွေ့ရသေးတာဆိုတော့ မနက်ဖြန် နှိုင်းရဲ့သားကို ကော နှိုင်းရဲ့ယောက်ျားကိုပါ ဒီကိုခေါ်လာခဲ့၊ 'အစ်ကိုကြီးဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ လိုက်ကျွေးမယ်"

"ရှင် . . . နှိုင်းရဲ့ ယောက်ျားပါ ခေါ်လာရမယ် . . ဟုတ်လား"

"ဟုတ်တယ်လေ . . . အစ်ကိုကြီးအနေနဲ့ နှိုင်းရဲ့သားတော့ မြင်ဖူးပြီးပြီ၊ နှိုင်းရဲ့ယောက်ျားကို မြင်မှမမြင်ဖူးသေးတာ၊ မိတ်ဖြစ်ဆွေဖြစ် ပေါ့နှိုင်းရယ်"

ဦးဇော်သန်းဦး၏ စကားကို နားထောင်နေသော တုမနှိုင်းတစ်ယောက်သည် အခန်းထဲကနေထပြီး ထွက်ပြေးချင်စိတ်တောင် ဖြစ်သွားပါသည်။ ဦးဇော်သန်းဦးကို မည်ကဲ့သို့ပြန်ပြောရမည်လဲ ဆိုတာကိုတောင် မစဉ်းစားတတ်အောင် ဖြစ်သွားပါသည်။

"ဘော့စ် . . . သူ . . . သူ . . . ဟို . . . ဟို . . . ကျွန်မရဲ့ ခင်ပွန်းက အားမှအားပါ့မလား မသိဘူး"

"မအားလည်း အားအောင် ခေါ်ခဲ့လေ၊ ဒါနဲ့ နှိုင်းရဲ့ယောက်ျား နာမည်က ဘယ်သူလဲ၊ သူက ဘာအလုပ်လုပ်ဖို့ စောင့်နေတာလဲ"

တုမနှိုင်း ဘယ်လိုမှ ထင်မထားသော မေးခွန်းကို ဦးဇော်သန်းဦး က မေးလိုက်သဖြင့် တုမနှိုင်း ချက်ချင်းဘာပြန်ဖြေရမှန်းမသိဘဲ မျက်နှာ ကွက်ခနဲပျက်သွားပါသည်။ နဖူးပြင်ထက်ကနေ ချွေးသီးချွေးပေါက်များ က ပါးပြင်ပေါ်သို့ ကျဆင်းလာသဖြင့် လက်နှင့် အမြန်သုတ်လိုက်ရသည်။

မထင်မှတ်ဘဲ တစ်စုံတစ်ယောက်ကို သတိရသွားရုံမက မတုတ် ပြောသော စကားအချို့ကို နားထဲမှာ ပြန်ကြားယောင်လာမိသည်။ နေ့တစ်

www.burmeseclassic.com



ဆုံးတော့ ဖြစ်ချင်ရာဖြစ်နောက်မှ ကြည့်ရှင်းတော့မည်ဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပါသည်။

"နှင်းရဲ့ ခင်ပွန်းနာမည်က ကိုရဝေပါ၊ သူက သင်္ဘောအင်ဂျင်နီယာစာမေးပွဲဖြေပြီးရင် သင်္ဘောထွက်ရမှာ၊ အင်ဂျင်နီယာတွဲ့နဲ့ ကျောင်းပြီးထားတာလေ"

"ဪ ရဝေတဲ့လား၊ နာမည်က ကဗျာဆန်လိုက်တာ နှင်းရယ်"

ဦးဇော်သန်းဦးတစ်ယောက် တစ်ကယ်ပဲ ယုံကြည်သွားလို့ ပြောတာလား သို့မဟုတ် တုမနှင်း လိမ်ညာပြောနေတာကို ရိပ်မိလို့ ဟန်ဆောင်ပြီး ပြောတာလားဆိုတာ တုမနှင်း မဝေခွဲတတ်။

"အား . . . အား . . . မအားအား မနက်ဖြန် ကလေးကော၊ ယောက်ျားပါ ခေါ်ခဲ့နော်၊ အစ်ကိုကြီးအတွက် နှင်းရဲ့ယောက်ျားဟာ မိတ်ဆွေကောင်းတစ်ဦး တိုးလာသလိုပေါ့ ဟုတ်ဘူးလား . . . ဟဲ . . . ဟဲ . . . ဟဲ"

ဦးဇော်သန်းဦးက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။ သူရယ်ပုံက တုမနှင်း လိမ်ညာပြောနေတာကို သိနေသလိုလို ဖြစ်နေပါသည်။

"အတတ်နိုင်ဆုံး ကျွန်မရဲ့ခင်ပွန်း ကိုရဝေကို ပါအောင်ခေါ်လာခဲ့ပါ့မယ်၊ သူကလည်း ဘော့စ်လိုပဲ သဘောကောင်းပါတယ်၊ အဲ . . . တစ်ခါတစ်လေ ဂျစ်ကန်ကန်နိုင်တတ်တာလေးတွေ ရှိတယ်၊ သူနဲ့ကျွန်မနဲ့ စတွေ့တာလည်း သူက အဲဒီ့ဂျစ်ကန်ကန်နိုင်တဲ့ စရိုက်ကြောင့်ပဲ၊ သူနဲ့ မထင်မှတ်ဘဲတွေ့ ရန်တွေဘာတွေ တွေ့ရင်းက ချစ်သူတွေဖြစ်ပြီး ညား သွားကြတာ"

"ဒါဆို နှင်းနဲ့သူနဲ့ ချစ်သူတွေဖြစ်၊ လက်ထပ်ဖြစ်ကြတာက ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲက အတိုင်းပေါ့"

"ဟုတ်တယ် . . . ဘော့စ်၊ အဲ့ဒီအတိုင်းပဲ ဟုတ်တယ်၊ ရုပ်ရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဗွီဒီယိုတွေထဲက အတိုင်းပဲ"

"အင်း . . . နှိုင်းရဲ့ယောကျ်ားနဲ့တွေ့မှ လေ့လာပြီး သူက ဘယ်လိုဂျစ်ကန်ကန်လုပ်ရင်း နှိုင်းရဲ့မေတ္တာကို ရယူသလဲလို့ တော်တော် စိတ်ဝင်စားဖို့ ကောင်းမှာပဲ"

တုမနှိုင်းက ဘာမှမပြောဘဲ ပြုံးလိုက်ပါသည်။ သူမ ပြုံးတာ အကြောင်းရှိပါသည်။ ဘာရယ်ကြောင့်မှန်းမသိဘဲ 'ရဝေ' ဆိုသောလူကို ခုတုံးလုပ် အသုံးချပြီး လိမ်ညာမိခဲ့သလဲဆိုတာရယ်၊ ပြီးတော့ သူမနှင့် ရဝေတို့တွေ့တိုင်း အဆင်မပြေဖြစ်ကြတာကို ဇာတ်လမ်းဆင်ပြီး ဘာဖြစ်လို့ ဦးဇော်သန်းဦးကို ကျေနပ်ပီတိဖြစ်စွာနှင့် ပြောမိခဲ့သလဲဆိုတာ သူမကိုယ်သူမတောင် အံ့အားသင့်နေမိသည်။

ဒါထက်ဆိုးတာက သည်ကိစ္စကို 'ရဝေ'ဆိုသောသူ သိရင်ကော ဘာတွေဖြစ်မလဲ။

မနက်ဖြန်မှာ ရှင်းရမည့်ကိစ္စကကော . . .။ တုမနှိုင်း မစဉ်းစားတတ်တော့ပါ။ အဆောင်ပြန်ရောက်မှပဲ ရှင်းတော့မယ်လို့။

မနက်ဖြန်ကတော့ သူမကို မျှော်နေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

'ဟာင့်အင်း' လို့ ငြင်းမလားဆိုပြီး
စိုးရိမ်လိုက်ရတာ
Oh! God!
တော်ပါသေးရဲ့
သူကလေ ... 'yes' တဲ့။
(နည်းနည်းတော့ ကသိကအောက် ရှိတာပေါ့လေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သံပတ်ပေးတဲ့ နာရီကိုကြည့်တော့ ညခုနစ်နာရီထိုးပြီ။ တုမန္တိုင်း သိပ်ကြိုက်ပါသည်ဆိုသော ကိုရီးယားဇာတ်လမ်းတွဲကားဇာတ် မြဝတီ ရုပ်မြင်သံကြားက လာခါနီးနေပြီ။ ဒါပေမယ့် တုမန္တိုင်းအဖို့ ကိုရီးယား ကားထက် အရေးကြီးတာက မနက်ဖြန်ကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာ ပိုလို့အရေးကြီးနေပါသည်။

"တုမန္တိုင်း . . . နင် ဘာဆက်လုပ်မှာလဲ၊ နင်က နင့်ပါးစပ်ထဲ ရှိတာ လျှောက်ပြောလိုက်တာက ကိစ္စမရှိဘူး၊ ဟိုက မသိလို့ သိရင် မလွယ်ဘူးနော်"

မြသက်မူက စိုးရိမ်တကြီးလေသံနှင့် ပြောပါသည်။

"ငါလည်း ဦးဇော်သန်းဦးကမေးတော့ ဘာပြန်ပြောလို့ ပြော ရမှန်း မသိတာနဲ့ ငါ့စိတ်ထဲ ပေါ်လာတာ ပြောချလိုက်တာ၊ နောင်ခါလာ နောင်ချေးဆိုပြီးတော့ပေါ့"

"ဟဲ့ ဒါဆို . . . နင်ဘယ်လို ရှေ့ဆက်မလဲ"

"ဘယ်တတ်နိုင်မလဲ မတုတ်ကို ခေါ်ခိုင်းထားတာပဲ၊ မတုတ်



www.burmeseclassic.com

www.burmeseclassic.com



လာမှ ဆက်စီစဉ်ရမှာပေါ့ ခင်မေလတ်ရယ်"

"တုမနှိုင်းရယ်၊ နင် ဒီလောက် စိတ်ကျဉ်းကြပ်သောကတွေ များနေရင် ဒီအလုပ်က ထွက်လိုက်ပါလား၊ တစ်ခြားအလုပ်ရှာ ကြည့်ပါလား"

ခင်မေလတ်က စာနာစကားဆိုလိုက်တာကို တုမနှိုင်းက အခန်းမြတင်းပေါက်ကနေ အပြင်ဖက်ကို လှမ်းကြည့်လိုက်ပြီး . . .

"မမြင်ရသေးတဲ့ အနာဂတ်နဲ့စာရင် လက်ထဲမှာရှိနေတဲ့ ပစ္စုပ္ပန်က ပိုပြီး အသုံးဝင်တယ်ဟ၊ ဒါကြောင့် ငါ ဒီအလုပ်ကို အခက်အခဲတွေကြားက ဆက်လုပ်မယ်၊ ဒီလိုလုပ်ရင်း ရှေ့ဘာဆက်ဖြစ်လာမလဲဆိုတာ သိပ်သိချင်တယ်"

"အင်း . . . နင် ဒီလိုဖြစ်နေတာ နင့်အဖေသာမြင်ရင် စိတ်မကောင်းတော်တော်ဖြစ်မှာ"

"အဲ့ဒီအကြောင်း မပြောပါနဲ့ ခင်မေလတ်ရယ်၊ ရန်ကုန်ကို ထွက်လာကတည်းက ငါ့အိမ်အကြောင်း ငါဘာမှမသိချင်တော့ဘူး"

မန္တလေးအိမ်အကြောင်း ခင်မေလတ်က ပြောလိုက်သဖြင့် တုမနှိုင်း ခေါင်းထဲကနေ အမြန်ထုတ်လိုက်ရသည်။

"တုမနှိုင်းရေ . . . မတုတ်လာပြီ၊ ကလေးကိစ္စကတော့ အဆင်ပြေသွားပြီ၊ နောက်ကိစ္စက အရေးကြီးတယ်ဆို ဘယ်လိုအရေးကြီးတာလဲ ပြောပါဦး"

မတုတ်က သူ့ဝသီအတိုင်း အသံကျယ်ကျယ်လောင်လောင် ပြောရင်းကနေ အခန်းထဲဝင်လာသည်။

"တိုးတိုးပြောပါ မတုတ်ရဲ့၊ ဒီမှာထိုင် . . . ဒီကိစ္စက သိပ်အရေးကြီးတယ်၊ ဒီည အမြန်ဖြေရှင်းမှ ရမယ်"

'ဘယ်လိုအမြန်ဖြေရှင်းရမှာလဲ တုမနှိုင်းရဲ့'

မတုတ်က သိပ်သိချင်ပုံရသဖြင့် တုမနှိုင်းလက်မောင်းကိုကိုင်ပြီး မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မတုတ်ရေ အဖြစ်ကတော့ × × × × × × × × ×"

မတုတ်က တုမနိူင်းပြောသမျှကို အသေးစိတ်နားထောင်နေပြီး ဘာမှဝေဖန်မှုမပေးပါ။ တုမနိူင်းရှင်းပြလို့ ပြီးသွားတော့မှ . . .

"ဒီကိစ္စက သိပ်တော့ လွယ်မှာမဟုတ်ဘူး၊ ဟိုက လက်ခံပါ့မလား၊ အချိန်ပိုင်းယောကျ်ား အငှားလိုက်ရမှာဆိုတော့ ဒါမျိုးက ရုပ်ရှင်တွေထဲမှာပဲရှိတာ၊ လက်ခံရင် ကိစ္စမရှိဘူး၊ လက်မခံရင် ကိုယ်ပဲ အရှက်ရမှာ၊ ပြီးတော့ အဲ့ဒီရဝေနဲ့ တုမနိူင်းနဲ့က တည့်တာလည်း မဟုတ်ဘူး၊ ဒါပေမယ့် ကြိုးစားကြည့်ရမှာပေါ့၊ ဒီလိုလုပ် . . . အခု ရှေ့ကယောကျ်ားလေးဆောင် သွားမယ်၊ မတုတ်က အဲ့ဒီရဝေကို အဆောင်ရှေ့ခေါ်လာမယ်၊ တုမနိူင်းတို့က ယောကျ်ားလေးဆောင်နဲ့ မလှမ်းမကမ်းမှာ စောင့်နေပြီးမှ တစ်နေရာမှာ အကြောင်းစုံရှင်းပြပြီး အကူအညီတောင်းပေါ့ ဟုတ်ဘူးလား၊ ဟီး . . . ဟီး . . . မတုတ်တော့ ဒါမျိုးတစ်ခါမှ မကြုံဖူးလို့ အကဲခတ်ဦးမယ်"

မတုတ်က တုမနိူင်းကိုကြည့်ပြီး ရယ်နေပါသည်။

"မတုတ် နောက်မှအဝရယ် အချိန်က သိပ်ရတာမဟုတ်ဘူး အမြန်လုပ်ရမှာ၊ မတုတ်ကအရင် ရှေ့ကသွား၊ ကျွန်မတို့ နောက်ကနေလိုက်ခဲ့မယ်"

မြသက်မှုက မတုတ်လက်ကို အတင်းဆွဲထူလိုက်ပါသည်။

"အင်း . . . မတုတ်သာ မရှိရင်တော့လား တုမနိူင်းဘယ်လိုတွေဖြစ်မလဲ သိချင်လိုက်တာ"

အရေးထဲ မတုတ်က သူမကိုယ်သူမ ကိုယ်ရည်သွေးနေလို့ ခင်မေလတ်က မျက်စောင်းထိုးလိုက်ပါသေးသည်။

❑

ကျော်ကြား၊ ဟန်တိုးတို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ရဝေတစ်ယောက် ဆိုင်ထဲသို့ဝင်လာသော မြင်ကွင်းကိုမြင်လိုက်ရသဖြင့် ထိုင်ရာမှထပြီး အဆောင်သို့ ပြန်ပြေးချင်စိတ်တွေ ပေါက်လာပါသည်။

သူနှင့်မကြာခဏဆိုသလို ပြဿနာဖြစ်ခဲ့သည့် တုမန္တိုင်းဆိုသော အမျိုးသမီးက သူမ၏ သူငယ်ချင်းမနှစ်ယောက်သာမက အဝတ်လျှော်၊ မီးပူတိုက် အလုပ်ကို လုပ်ကိုင်သော မတုတ်နှင့်အတူ သူတို့ထိုင်နေသော စားပွဲဝိုင်းရှိရာသို့ ဦးတည်ပြီး လာနေလို့ ဖြစ်ပါသည်။

"ဟန်တိုးနဲ့ ကျော်ကြား . . . ပိုက်ဆံ မြန်မြန်ရှင်းသွားမယ်"

အလောတကြီး ရဝေက ပြောလိုက်သဖြင့် ကျော်ကြားကော ဟန်တိုးပါ နားမလည်နိုင်သလို ဖြစ်သွားရင်းမှ ဟန်တိုးက . . .

"ရဝေ ဘယ်လိုဖြစ်တာလဲ၊ မင်းပဲ လက်ဖက်ရည်ဆိုင်ထိုင်ချင်တယ်ဆိုလို့ ငါတို့က လိုက်ထိုင်ရတယ်၊ ဟော . . . အခုမင်းက ပြန်မယ်တဲ့ ဘာလဲကွာ"

"ဟန်တိုး . . . မင်းစွတ်မပြောနဲ့ ဟိုမှာကြည့် ပြဿနာက လာနေပြီ"

ရဝေက ဆိုင်ထဲသို့ ဝင်လာသော တုမန္တိုင်းတို့အဖွဲ့ကို မသိမသာ ဆက်ညွှန်းထိုးပြလိုက်ပါသည်။

"ဟော့ကောင် ရဝေ . . . မင်း ဘာသွားလုပ်ထားလည်း သူတို့က ငါတို့ဆီ ဦးတည်လာနေပြီ"

ဟန်တိုးစကားအဆုံးမှာပဲ တုမန္တိုင်းတို့က ရဝေတို့ စားပွဲဝိုင်း ရှိရာသို့ ရောက်လာပါသည်။

"ဟဲ့ . . . ကောင်လေးတွေ ငါတို့ကို ဒီဝိုင်းမှာ ခုံချပေးစမ်း"

ရောက်ရောက်ချင်းဆိုသလို မတုတ်က စားပွဲထိုးကို ခုံတွေယူခိုင်း ထိုက်ပြီး ရဝေ့ကို ကြည့်လိုက်သည်။

"တော်သေးတာပေါ့ . . . မတုတ်က အဆောင်မှာ သွားမေးတော့ လက်ဖက်ရည်ဆိုင် ထွက်သွားတယ်ပြောလို့ ရှာလိုက်ရတာ တွေ့လို့တော်



www.burmeseclassic.com

www.burmeseclassic.com



သေးရဲ့"

"ကဲ . . . တုမန္တိုင်းတို့ ထိုင် . . ."

စားပွဲထိုးက ခုံတွေ ချပေးသည့်အခါ ထိုင်ဖို့ ရှိုးတိုးရှန့်တန်းဖြစ်နေသော တုမန္တိုင်းတို့ကို မတုတ်က ထိုင်ခိုင်းလိုက်ပါသည်။

"မတုတ်က ကျွန်တော်ကိုရှာတာ ဘာကိစ္စရှိလို့လဲ"

"အမယ်လေး မတုတ်ကိစ္စ မဟုတ်ပါဘူး၊ ဟောဒီက တုမန္တိုင်းကိစ္စကြောင့်ပါ"

"ဗျာ . . . ဘယ်လို သူနဲ့ကျွန်တော်နဲ့က ဘယ်လိုပတ်သက်လို့ ဘယ်လိုကိစ္စတွေဖြစ်လို့လဲ၊ တွေ့တိုင်း ပြဿနာတွေချည်း ဖြစ်နေကြတာ။ အခုတောင် ထိုင်သာထိုင်နေရတယ်၊ တင်ပါးက ခပ်လှုပ်လှုပ်ပဲ မတုတ်ရဲ့"

ရဝေက သူ့စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်သဖြင့် တုမန္တိုင်းတို့ သူငယ်ချင်းမသုံးဦး ရဝေ့ကိုကြည့်ပြီး ပြုံးလိုက်ကြပါသည်။

"တင်ပါးက မလှုပ်နဲ့ဦး၊ တုမန္တိုင်းအစား မတုတ်ပဲ ရှင်းပြမယ်

× × × × × × × × × × × × × × × × × ×"

မတုတ်က တုမန္တိုင်းကိုယ်စား တုမန္တိုင်းကြုံတွေ့နေရသည့် အခက်အခဲကိစ္စတွေကို အသေးစိတ်ရှင်းပြကာ ရဝေကော ကျန်သည့် သူငယ်ချင်းနှစ်ဦးပါ အံ့အားတသင့် ဖြစ်နေကြပါသည်။

"ဟာဗျာ . . . ခင်ဗျားတော်တော်ဆိုးတာပဲ၊ လူတစ်ယောက်ရဲ့ နာမည်ကို အဲဒီလို လက်လွတ်စပယ် အလွဲသုံးစား မလုပ်ရဘူးဗျ"

"ဟုတ်ပါတယ် ကျွန်မမှားသွားပါတယ်၊ ကျွန်မလည်း ကြုံကြိုက်ကြုံရာ စိတ်ထဲပေါ်လာလို့ ပြောလိုက်တာ၊ ဟိုက ထပ်ပြီး တစ်ဆင့်တက်လာတော့ ဘာလုပ်ရမှန်း မသိဘူး"

တုမန္တိုင်းလေသံက ခါတိုင်းလိုမမာဘဲ လေသံခပ်အေးအေးဖြင့် ရဝေအား တောင်းပန်းစကား ဆိုပါသည်။

"ကဲပါ . . . ရဝေရယ်၊ ဘယ်လိုလဲ ကူညီမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီလို့ မဖြစ်ဘူး မတုတ်ရဲ့၊ ဒီကိစ္စက ထင်သလောက်လွယ်မှာ မဟုတ်ဘူး၊ ပိုဆိုးတာက ဒီက အမျိုးသမီးနဲ့ ကျွန်တော်က လင်မယား တန်ဆောင်တာက ကိစ္စမရှိဘူး၊ ပြဿနာတွေပြီးသွားလို့ တစ်နေ့ကြရင် ကျွန်တော်ကြိုက်တဲ့ ချစ်သူက ဒါတွေသိသွားလို့ အဟုတ်ထင်ရင် ကျွန်တော်ပဲ ရင်ကွဲပက်လက်ကျန်ခဲ့မှာဗျ၊ ပြီးတော့ ကျွန်တော့်ဒီရုပ်ဒီရည်လေးနဲ့ အိမ်ထောင်သည် ကလေးတစ်ယောက်အဖေဖြစ်ရမှာ ဘဝက တော်တော်ဆိုးသွားပြီ"

တုမန္တိုင်းတော်တော် ဒေါသထွက်သွားပ်သည်။ မတတ်သာလို့ အကူအညီတောင်းမိတာကို 'သင်း'က အသားယူ ပြောနေလို့ပါ။

"ဒီမှာ ရှင်ယောက်ျားကြီးတန်မယ့် အသားယူပြောမနေနဲ့၊ အာလဲ . . . ရှင်နဲ့ကျွန်မနဲ့တွေ့တိုင်း ပြဿနာဖြစ်တာကို ရှင်က အခွင့်အသာရလို့ လက်စားချေလိုက်တာ မဟုတ်လား"

"ခင်ဗျား စိတ်ထင်တာတွေ လျှောက်ပြောမနေနဲ့၊ ကျုပ်ယောက်ျားဗျ၊ အဲ့ဒီလို ယုတ်ညံ့တဲ့ စိတ်မျိုးမရှိဘူး၊ ခင်ဗျားက အကူအညီလည်း တောင်းသေးတယ်၊ လေသံကလည်း မာကျောကျောနဲ့"

ရဝေနှင့် တုမန္တိုင်းတို့နှစ်ဦးသား စကားလုံးတိုက်ပွဲက ပြင်းထန်သထက် ပြင်းထန်လာပါသည်။

"ရဝေ . . . မင်းအပိုတွေ လျှောက်ပြောမနေနဲ့၊ ကူညီလို့ရတာပဲ ကူညီပါကွာ၊ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝဝမ်းရေးလုပ်ရှား ရှုန်းကန်နေရတာကို မင်းစာနာပေးသင့်တယ်၊ မင်းကူညီလိုက်လို့ သူ့ခမျာ ဒီအလုပ်မှာ ဆက်မြဲနေမယ်ဆိုရင် မင်းကုသိုလ်မရဘူးလား၊ မင်းရဲ့ နှမလေးတစ်ယောက်လို သဘောထားလိုက်ပါကွာ"

ကျော်ကြီးက တုမန္တိုင်းကို ဇာကယ်ဂရုဏာသက်သည့် စေတနာ ဖြင့် ရဝေအား အကြံပြုပါသည်။

တုမန္တိုင်းစိတ်ထဲကနေ ချီးကျူးမိပါသည်။ သည်လိုမျိုး မိသားစု



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝါတ်မျိုးထားသော ယောကျ်ားသားတွေလည်း ရှိပါသေးလားလို့။

"အေးပေါ့ ကျော်ကြားရာ မင်းရဲ့စကားလုံးတွေက ငါ့ရင်ကို 'ဒိုး' ထိတော့ ငါက သူ့ကို နှမလေးတစ်ယောက်လို သဘောထားရမှာပေါ့။ ဒါပေမယ့် . . ."

"ဘာ . . . ဒါပေမယ့်လည်း ရဝေရ"

ရဝေက ကျော်ကြား၏ အမေးစကားကို မဖြေသေးဘဲ တုမန္တိုင်း မျက်နှာကို သေသေချာချာ ကြည့်လိုက်ပါသည်။

"ကျုပ်က ခင်ဗျားရဲ့ အချိန်ပိုင်းယောကျ်ားအဖြစ် ဟန်ဆောင်ရမှာဆိုတော့ လူပျိုဆိုတဲ့ ဂုဏ်ပုဒ်ကို အချိန်ပိုင်း စွန့်လွှတ်ရမှာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ လင်မယားအဖြစ် အချိန်ပိုင်း ဟန်ဆောင်နေတဲ့ အတောအတွင်း အချိန်ကြာမြင့်တဲ့အလိုက် အခကြေးငွေပေးရမယ်၊ တစ်နာရီကို ငွေတစ်သောင်းပေးရမယ်၊ မိနစ်စက္ကန့်အစွန်းထွက်လည်း အဲ့ဒီအစွန်းထွက်ကြေးပေးရမယ်၊ ဘယ်နှယ့်လဲ . . . သဘောတူလား၊ သဘောတူမှ လက်ခံနော်၊ ဒါက ကျုပ်ရဲ့ အချိန်ပိုင်းလူပျိုဘဝ နစ်နာကြေးပဲ"

"အြော် . . . ရှင်က ငွေစကားပြောတာကို ရတယ်၊ မနစ်နာစေရဘူး . . . ပေးမယ်"

"ဒီလိုဆို အိုကေပေါ့ဗျာ . . . ဟား . . . ဟား"

ရဝေ တော်တော်ကျေနပ်သွားသည်။ သူ ကလိလိုက်တာကို တုမန္တိုင်းက ဒေါသထွက်ပြီး မခံချင်စိတ်ဖြစ်သွားလို့ပါ။

ထို့နောက်တော့ နက်ဖြန်လုပ်စရာရှိသည်များကို သက်သက်ကြိုတင်တိုင်ပင်နေတာ ညကိုးနာရီ ဘယ်လိုထိုးသွားမှန်းပင် မသိကြပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သည်စစ်စစ်တွေ

ဘဝစရိုးလမ်းတွေကို

သတ္တိရှိရှိနဲ့

ဘယ်လိုများ ဖြတ်သန်းလဲမသိ။

ဒီမှာတော့ ... ၌

နှစ်ယောက်သား ရှာပတ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မချိုတတ်ချိုတတ်နှင့် ကလေးကိုချီထားပြီး ကလေးငိုမှာစိုးသဖြင့် မြှူနေသော ရဝေ့ကိုကြည့်ကာ တုမန္တိုင်းရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။ လက်ဖက်ရည်ဆိုင်မှာ တုမန္တိုင်းနှင့် ရဝေက မတုတ်ကလေး ခေါ်လာသည့်အချိန်ထိ ထိုင်စောင့်နေရသည်။ အမျိုးသမီးအဆောင်သို့ ခေါ်လာလျှင် တစ်ယောက်ယောက်က သိသွားပြီး စကားတွေ ပွကုန်မှာစိုးလို့ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ထဲမှာ တုမန္တိုင်းနှင့် ရဝေတို့ မျက်နှာချင်းဆိုင်သာ ထိုင်နေကြပေမယ့် ဘာစကားမှ မပြောဖြစ်။ ရဝေကလည်း သူ့အတွေးနှင့်သူ ရှိနေသလို တုမန္တိုင်းကလည်း ဆွဲခြင်းထဲတွင် ထည့်ထားသော ကလေးအသုံးအဆောင်ပစ္စည်းတွေကို စုံမစုံ တစ်ခုချင်းစီ ပြန်စစ်နေရသည်။ သည်လိုပစ္စည်းတွေကို စစ်နေရင်းနှင့် တုမန္တိုင်းရင်ထဲမှာ စိုးရိမ်စိတ်တွေလည်း ဖြစ်နေပါသည်။ သည်နေ့ ရဝေ့ကို သူမယောက်ျားအဖြစ် အချိန်ပိုင်းဟန်ဆောင်ခိုင်းသည့်ကိစ္စ အဆင်မှပြေပါ့မလား။ အဆင်မပြေလျှင်တော့ အလိမ်ပေါ်ပြီး 'ဂွမ်း'ပြီးလို့။

"ဒီမှာ . . . ဒါနဲ့ ခင်ဗျားရဲ့ကုမ္ပဏီရောက်လို့ ဟိုလူ့ရှေ့မှာ ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com



ကို ကျုပ်က ဘယ်လိုအဖျားဆွတ်ခေါ်ရမှာလဲ၊ ခင်ဗျားကကော ကျုပ်ကို ဘယ်လိုခေါ်မှာလဲ လင်နဲ့မယားဆိုတာ နာမည်အရင်းလိုက်ခေါ်ရင် သိပ်သဘာဝမကျဘူး၊ ဥပမာ 'ကိုကို'တို့ 'မောင်'တို့မှ နည်းနည်းသဘာဝကျမှာ"

သောက်လက်စ လက်ဖက်ရည်ကို အပြတ်ဖြတ်မည်ဆိုပြီး သောက်မည်ကြံကာမှ တုမန္တိုင်းစိတ်ထဲ 'ထောင်းခနဲ' ဒေါသထွက်သွားသဖြင့် လက်ဖက်ရည်ခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်ပြီး . . .

"ရှင် ဘာစကားပြောတာလဲ၊ အလုပ်ဖြင့် မလုပ်ရသေးဘူး၊ အသားယူချင်စိတ်က စပြီ၊ ရှင်တို့ယောကျ်ားတွေဟာ အခွင့်အရေးသမားတွေချည်းပဲ၊ လူတစ်ယောက် ဒုက္ခရောက်နေတာကို အသုံးချပြီး ကိုယ့်အတွက်ရအောင် လုပ်ကြတာချည်းပဲ"

"ဟာ . . . ခင်ဗျားက ကျုပ်စေတနာကို စော်ကားတာပဲ၊ ကျုပ်က သဘာဝကျကျ ယုတ္တိရှိအောင်လို့ပြောတာ၊ ဒါကို ခင်ဗျားက ထင်ချင်သလို ထင်နေတာ၊ ဒါဆိုလည်း ပြီးရော ရော့ . . . ကလေးကို ခင်ဗျားပြန်ယူ၊ ခင်ဗျားရဲ့အလုပ်ကို ကျုပ်မလုပ်တော့ဘူး"

ရဝေက သူ့ပေါင်ပေါ်မှာထိုင်ပြီး ခန္ဓာကိုယ် ယိမ်းထိုးနေသော ကလေးကို တင်ပါးကနေ လက်နှင့်မချီရင်းက တုမန္တိုင်းအားပေးလိုက်သည်။

"မရပါဘူး၊ ကိုယ့်ဖာသာကိုယ်ချီ၊ ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားကောင်းမှန်ရင် ကတိတည်ရတယ်လေ၊ ရှင်က ရှင်တာဝန်ယူထားတဲ့ကတိကို ဖောက်တော့မလို့လား၊ မလုပ်ပါနဲ့ရှင် ဘုရားဆူပန်ကောင်းယောကျ်ားပဲဟာ"

"ခင်ဗျားဗျာ . . . စေတနာကို စေတနာမှန်း မသိဘူး"

ရဝေက ကလေးကို သူ့ပေါင်ပေါ် ပြန်တင်ထားလိုက်သည်။ တုမန္တိုင်းကတော့ ဘာရယ်မှန်းမသိ။ ရဝေဖြစ်နေပုံကိုကြည့်ပြီး ပြုံးလိုက်သည်ကို ရဝေသတိထားမိသွားသည်။

"ခင်ဗျား ဘာရယ်တာလဲ၊ ခင်ဗျားရယ်ရအောင် ကျုပ်က လူရွှင်



www.burmeseclassic.com

www.burmeseclassic.com



တော်မဟုတ်ဘူး၊ ဘယ်နှယ့်ဗျာ . . . ကျုပ်ရည်မှန်းချက်က မပြည့်သေးဘူး၊ အိမ်ထောင်သည်ဖြစ်ရ၊ ကလေးတစ်ယောက်အဖေဖြစ်ရနဲ့ ပြုံလ်စီးပြုံလ်နင်းတွေ တော်တော်ညံ့တာပဲ၊ ဘုရားမှာ ယကြာတော့ ချေရဦးမယ်ဒါနဲ့ ခင်ဗျားနဲ့ ကျုပ်နဲ့ အချိန်ပိုင်းယောက်ျားကိစ္စ နာရီစမှတ်ဖို့ အခုအချိန်ကစပြီး အကျုံးဝင်ပြီနော်"

"ဘာဆိုင်လို့လဲ . . . ကုမ္ပဏီကိုရောက်မှ စပြီးအတည်ပြုလို့ တရားဝင်သတ်မှတ်ရမှာ၊ နောက်ပြီး ရှင့်ကို ပြောရဦးမယ်၊ စကားပြောရင် 'ကျုပ်'ဆိုတာကြီးကို ဖြင်ပါ၊ လူကြီးလူကောင်းတွေ ယဉ်ကျေးတဲ့ မိဘကမွေးဖွားလာသူတွေဟာ အပြောအဆို ယဉ်ကျေးရတယ်တဲ့၊ ရှင့်ရဲ့ 'ကျုပ်'ဆိုတာကြီးက နားထဲမှာ နားထောင်ရတာ ကြမ်းနေသလိုပဲ"

"ဒီမှာ ဒေါ်တုမန္တိုင်း . . . ခင်ဗျားက ဆရာမ,လုပ်ဖို့ ကောင်းတယ်သိလား၊ ထားပါ . . . အချိန်မရဘူး သွားကြရအောင်၊ ဘာဆက်ဖြစ်မယ်မှန်းမသိဘူး၊ ဒီနေ့ ပိုက်ဆံမြိုးမြိုးမြက်မြက်ရမှာဆိုတော့ လက်ဖက်ရည်ဖိုးတော့ ရှင်းလိုက်မယ်"

ရဝေက လက်ဖက်ရည်ဖိုးကျသင့်ငွေကို ရှင်းပေးလိုက်သည်။ ရဝေတော့ မသိ။ တုမန္တိုင်းကတော့ တစ်ခါဖူးမှ မခံစားဖူးသော ကျေနပ်မှုမျိုး ခံစားနေရသည်။

ဒါ့ဒါ ဘာကြောင့်မှန်း မသိပါ။

❑

ကုမ္ပဏီရုံးထဲသို့ ကလေးငယ်ကို ချီထားသော ရဝေနှင့် တုမန္တိုင်းဘေးချင်းယှဉ်၍ ဝင်လာသောအခါ ကုမ္ပဏီဝန်ထမ်းတွေက လုပ်လက်စအလုပ်တွေကို ဆက်မလုပ်ဘဲ တုမန္တိုင်းယောက်ျားဟု ထင်ထားသည့်ရဝေ့အား စပ်စုသလိုမျိုး ကြည့်နေကြသည်။ ပြီးတော့ 'တိုးတိုးတိုးတိုး'နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ အတင်းတုပ်နေသလဲမသိ။ ခင်မေလတ်နှင့် မြသက်မှုတို့နှစ်ဦးက တော့ စိုးရိမ်တကြီးဖြစ်နေသည့် အမူအရာမျိုး ဖြစ်နေကြသည်။

"ဟိုရွေ့ရောက်ရင် စကားပြောတာ သိပ်မလောနဲ့နော်"

"စိတ်ချပါ . . . အခြေအနေကြည့်ပြီး သရုပ်ဆောင်ပါ့မယ်"

ဦးဇော်သန်းဦး အခန်းနားသို့ ရောက်သောအခါ တုမနိုင်းက ရဝေ့အား သတိပေးလိုက်သည်။ ကလေးချီထားရတော့ ရဝေက ဘာမှ မဖြစ်သလိုပုံစံနှင့် ပြန်ဖြေပါသည်။

"ဘော့စ် . . . ကျွန်မတို့မိသားစု ရောက်ပါပြီ"

အခန်းတံခါးကို တွန်းဖွင့်ပြီး တုမနိုင်းက ဦးဇော်သန်းဦးအား နှုတ်ဆက်လိုက်ပြီး လက်ထဲမှာ ဆွဲလာသည့် ဆွဲခြင်းကို စားပွဲပေါ် ချထား လိုက်သည်။ ကလေးချီထားသော ရဝေက နောက်ကနေ လိုက်ပါလာသည်။

"ဩော် . . . နိုင်းတို့မိသားစု ရောက်လာပြီကိုး"

ဦးဇော်သန်းဦးက ထိုင်ရာမှ ထကာပြောရင်း မသိမသာ ကလေး ချီထားသော ရဝေ့အား အကဲခတ်လိုက်သည်။

"ဘော့စ် . . . ဒါ . . . ကျွန်မရဲ့အမျိုးသား ကိုရဝေလေ"

"ကို . . . ဟို . . . ကိုရေ . . . ဒါ . . . မေ့ရဲ့ဘော့စ် ဦးဇော် သန်းဦးတဲ့"

ဘယ်လိုကြောင့်မှန်းမသိ၊ တုမနိုင်းနှုတ်ဖျားကနေ အခေါ်အဝေါ် တွေ ထွက်သွားမှန်းမသိ။ ရဝေ့ကို ဦးဇော်သန်းဦးနှင့် မိတ်ဆက်ပေးလိုက် သည်။

"တွေ့ရတာ ဝမ်းသာတယ် ကိုယ့်ညီ၊ နိုင်းက ကိုယ့်ညီမလိုဆို တော့ နိုင်းရဲ့ခင်ပွန်းကလည်း ကိုယ့်ညီပေါ့ကွာ၊ ကွန်ဂရက်ကျူလေးရှင်းပဲ"

"ဟုတ်ကဲ့ . . . ကျွန်တော်ကလည်း တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး"

ကလေးချီထားသော ရဝေက အားနေသည့် ညာဖက်လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်သန်းဦးကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကဲ . . . လာပါ . . . ဟိုဆက်တီခုံပေါ်မှာ ထိုင်ပါ"

ဦးဇော်သန်းဦးက ဆက်တီခုံမှာထိုင်ဖို့ လက်ညှိုးညွှန်ပြသဖြင့် ရဝေတ ကလေးချီထားရင်းမှ ဝင်ထိုင်လိုက်သည်။

"ကိုယ့်ညီနဲ့ နှိုင်းနဲ့ ကလေးနဲ့ ဒီသုံးဦးကိုကြည့်ပြီး ဝတ်ထားစားထားတာ အကဲခတ်ရတာ တကယ့်အိမ်ထောင်ရှင်မိသားစုနဲ့မတူဘဲ မင်းသားနဲ့မင်းသမီးနဲ့ ကလေးသရုပ်ဆောင်နဲ့ ရုပ်ရှင်ရိုက်ဖို့သွားသလား အောက်မေ့ရတယ်ဟေ့၊ တကယ့် အိမ်ထောင်ရှင်မိသားစုနဲ့တောင် မတူဘူး"

ဦးဇော်သန်းဦး စကားကြောင့် တုမန္တိုင်းရင်တွေဘာတွေ တုန်သွားပါသည်။ ပြီးတော့ ဟိုကိုင်ဒီကိုင်နှင့် အယောင်ယောင်၊ အမှားမှားဖြစ်လို့ မနည်းသတိကို ပြန်ထိန်းလိုက်ရပါသည်။

ဦးဇော်သန်းဦး အကဲခတ်တာ မမှားပါ။

တုမန္တိုင်းကလည်း အရင်ပြင်ဆင်ခြယ်သနေကြအတိုင်း ခြယ်သဖြိုးလိမ်းလှပအောင် ဝတ်ဆင်သလို ရဝေကလည်း အဝတ်အစားကို သစ်သပ်ရပ်ရပ်နှင့် ကော့နေအောင် ဝတ်ထားလို့ပါ။ ဦးဇော်သန်းဦးပြောမှတဲ့ ကလေးချီထားသော ရဝေ့ကို အကဲခတ်မိသည်။ ဘယ်လိုနည်းနဲ့မှ ကလေးအဖေပုံမပေါက်ဘဲ ရုပ်ရည်က ယောကျ်ားဆန်ပြီး ကြည့်ကောင်းနေလို့ပါ။ တစ်ခါဘူးမှ ဒါမျိုးအကဲမခတ်ဖူး။

တုမန္တိုင်းစိတ်ထဲကတော့ ရယ်မိသည်။ ဘယ်အကဲခတ်မိပါ့မလဲ တွေ့တိုင်း ရန်ဖြစ်နေတာကိုးလို့။

"အစ်ကိုကြီးရာ ဒါကတော့ ကျွန်တော်တို့ ဇနီးမောင်နှံက စိတ်ချမ်းသာတာကို"

"ဝါး . . . ဝါး"

ရဝေက စကားပြောလိုက်စဉ်မှာ ရဝေ့ပေါင်ပေါ်တွင် ရှိနေသော ကလေးက ငိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ . . . မေရေ . . . သားသား နို့ဆာနေပြီထင်တယ်၊ သားကို လာချီပြီး နို့ဗူးတိုက်လိုက်ပါဦး"

ရင်ထဲကလာသော ကြင်နာနွေးထွေးသည့် လေသံမျိုးဖြင့် ရဝေက ပြောလိုက်သောကြောင့် တုမန္တိုင်းရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ ကျေနပ်လို့မဆုံး ဖြစ်သွားပါသည်။

"လာပြီ ကိုရေ . . . သားသားကို မေ့ပေး"

တုမန္တိုင်းက ရဝေ့ဆီကနေ ကလေးကိုချီပြီး ဆွဲခြင်းထဲမှ နို့ဗူးကိုယူလိုက်ပြီး နို့တိုက်လိုက်ပါသည်။

"စောစောက စကားကို ဆက်စမ်းပါဦး ကိုယ့်ညီရဲ့၊ ညီလေးနဲ့ နှိုင်းတို့ ဇနီးမောင်နှံက ဘယ်လိုစိတ်ချမ်းသာတာလဲလို့"

"ဒါကတော့ အစ်ကိုကြီးရာ မေနဲ့ ကျွန်တော်နဲ့က တစ်ယောက်နဲ့ တစ်ယောက် မြတ်နိုးစုံမက်လို့ ယူထားကြတာလေ၊ နှစ်ယောက်သား လက်ထပ်တော့ ဘုရားမှာ ဆုတောင်းခဲ့တယ်၊ နှစ်ဦးသား ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရိုးမြေကျပေါင်းပါမယ်လို့၊ ကျွန်တော်တို့ ဇနီးမောင်နှံမှာ အကျယ်အတည်းတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် လောကဓံကို ကြုံကြုံခံပြီး စည်းစည်းလုံးလုံးနဲ့ အလိုက်သင့် ညှိယူရတာပဲ၊ အဲ့ဒီလိုမှ မသည်းခံနိုင်ရင် ကျွန်တော်နဲ့ မေရဲ့အိမ်ထောင်ရေး ပြိုကွဲသွားမှာပေါ့၊ တစ်ချို့လောကဓံကို ရင်ဆိုင်နိုင်တဲ့အခါမှာ ငါတော့ အိမ်ထောင်ပြုတာ မှားပြီဆိုပြီး အတွေးတွေ ဝင်လာတယ်၊ အဲ့ဒီအခါ အဲ့ဒီအိမ်ထောင်စုဟာ ပြိုကွဲပြီ၊ ကျွန်တော်တို့ကတော့ မေနဲ့ ဘဝတစ်ခုတည်ဆောက်တဲ့အခါမှာ အချက်ငါးချက်ထားထားတယ်၊ တစ်ဦးပေါ်တစ်ဦး အပြစ်ပုံမချဘူး၊ ကိုယ့်စိတ်ထဲရှိတာ ဖွင့်ပြောတယ်၊ သူနဲ့ကိုယ်နဲ့ အကြိုက်ချင်းမတူတာရှိတာကို နားလည်လက်ခံထားတယ်၊ သူ့အကြိုက်အလိုက်သင့် လိုက်ပေးတယ်၊ တစ်ဦးနဲ့တစ်ဦး အကြင်နာထားတယ်၊ ဒါကြောင့် ကျွန်တော် အလုပ်မရသေးပေမယ့် ကျွန်တော်တို့အိမ်ထောင်ရေး ခိုင်မြဲနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်သန်းဦးတော့ မသိ။ ကလေးငယ်ကို နို့ဗူးတိုက်နေသော တုမနှိုင်းတစ်ယောက် ရဝေပြောသောစကားတွေကို နားထောင်နေရင်းမှ လေးစားချင်သလိုတောင် ဖြစ်သွားပါသည်။ 'ဘု'ကောကောတတ်သော သူက သည်လိုကြတော့လည်း ဟုတ်နေပါလားလို့။ ရဝေက သရုပ်ဆောင် လုပ်စားဖို့ ကောင်းသည်လို့။ အမူအရာက ကွက်တိ အပိုအလိုမရှိ။

"နှိုင်း . . . နှိုင်းပြောတော့ နှိုင်းရဲ့ယောကျ်ားက ဂျစ်ကန်ကန်နိုင် တယ်ဆို၊ ဟော့ . . . အခု သူပြောတာတွေကြတော့ ဟုတ်နေပါလား။ ဒီက ကိုယ့်ညီပြောတာ မှန်တယ်၊ အိမ်ထောင်သည်တိုင်းဟာ ဒီအတိုင်း ဖြစ်သင့်တယ်"

အရေးထဲ ဦးဇော်သန်းဦးက အမှတ်တွေ ဖွတ်ပေးနေပါသည်။

"ဘွတ် . . . ဘွတ်"

ထိုအချိန်မှာပဲ နို့ဗူးစို့နေသော ကလေးငယ်က လေတွေ ဘာတွေ လည်ပြီး 'အီးအီး'တွေ ထွက်ကုန်ပါသည်။ တုမနှိုင်း ဘာလုပ်ရ၊ ဘာကိုင် ရမှန်းမသိ ဖြစ်သွားသည်။ အခြေအနေအားလုံး ကောင်းနေကာမှ နို့ဗူး စို့နေသည့် ကလေးက 'အီး . . . အီး' ပါချရတယ်လို့။

"ကို . . . သား . . . အီး . . . အီးတွေပါတယ်၊ သားကို အီး . . . အီး ကုန်းပေးဦး"

တုမနှိုင်းက ရွံသဖြင့် နှာခေါင်းကို လက်နှင့်ပိတ်သလို လုပ်လိုက် ရင်းမှ ဦးဇော်သန်းဦးနှင့် စကားပြောနေသော ရဝေကို လှမ်းခေါ်လိုက် သည်။

ရဝေက တုမနှိုင်းကို လှမ်းကြည့်လိုက်ရင်းက စိတ်ထဲ နည်းနည်း တော့ ဒေါသထွက်မလို ဖြစ်သွားပါသည်။

ဘယ်နှယ့် သူ့ကိုစွလည်း ကူညီရသေး၊ ကလေးရဲ့ 'အီးအီး' လည်း အသလွတ်လာကုန်းခိုင်းလို့ပါလားလို့။

"မေရယ် . . . ဒီမှာ စကားကောင်းနေတာ လုပ်လက်စနဲ့ မေထဲ


www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးလိုက်"

"မေက နှလုံးမကောင်းဘူးလေ၊ လာပါ ကိုရယ် . . . သားကို 'အိုးအိုး'ကုန်းပေးပြီး ဘောင်းဘီလဲပေးလိုက်"

ဦးဇော်သန်းဦးက တုမန္တိုင်းနှင့် ရဝေတို့ အပြန်အလှန်ပြောဆိုနေတာကို အကဲခတ်ကြည့်နေပါသည်။

"အမယ်လေး . . . ဒီလင်မယားနှစ်ယောက်နဲ့ ကိုယ့်ကလေး အီးကုန်းဖို့ ခွဲတမ်းချနေရသေးတယ်၊ အတူတူ ကုန်းပေးလိုက်၊ တစ်ရှူးကော ရှိလား၊ ဟောဟိုမှာ သွားယူလိုက်၊ မထူးပါဘူး အစ်ကိုကြီးယူပေးပါ့မယ်"

ဦးဇော်သန်းဦးက သူ့စကားပွဲပေါ်မှာရှိသည့် တစ်ရှူးဗူးကို ယူပေးပါသည်။ ရဝေက တစ်ရှူးဗူးကို ယူလိုက်ပြီး တစ်ရှူးစတွေ ဆွဲထုတ်ပြီး တုမန္တိုင်းကို ပေးလိုက်သည်။ တုမန္တိုင်းက မျက်နှာတစ်ချက်ပျက်သွားရင်းက . . .

"ဘောင်းဘီချွတ်ပေးဦးလေ . . .၊ ဒီက အီးအီးကုန်းပေးရမှာ"

တုမန္တိုင်းက လေသံနည်းနည်းမာနေတာ ရဝေသတိထားမိသည်။ ကလေးကို 'အီး'ကုန်းပေးလို့ မကျေမနပ်ဖြစ်နေလို့ပါ။

ဘယ်တတ်နိုင်မလဲ 'သင်း'စသည့်ဇာတ် 'သင်း'ဒီလောက်တော့ လုပ်ရမှာပေါ့လို့။

ရဝေကော တုမန္တိုင်းပါ နှစ်ဦးစလုံး ကလေးဝေယျာဝစ္စလုပ်ပေးနေရင်း စဉ်းစားမိပါသည်။ ဘဝခရီးလမ်းကို ဖြတ်သန်းသည့် အိမ်ထောင်ရှင်များကို ချီးကျူးဂုဏ်ပြုချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာပါသည်။

သည်မှာကတော့ တစ်ခဏကလေးမှာတင် ရှာလည်နေလို့ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုကိုယ်ထက်

သူ့ကိုယ်သူထက်

ကိုယ်ကသူ့ကို စိတ်ဝင်စားဖို့

ကောင်းသလို ...

သူက ကိုယ့်ကို စိတ်ဝင်စားဖို့

ကောင်းသတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မိုးက မချုပ်သေးပေမယ့် ဓါတ်တိုင်တွေမှာ လမ်းမီးတွေက အစောကြီးလင်းနေပါသည်။ မတုတ်ကို အဆောင်သို့သွားသည့် လမ်းထိပ်တနေ ကလေးကိုလာခေါ်ဖို့ စောင့်ခိုင်းတာ မတုတ်ကို လုံးဝမတွေ့ရ။ မတုတ်,မမေ့တာတော့ သေချာသည်။ ဘာကိစ္စတွေ ဘယ်လိုဖြစ်နေလို့လဲ မသိ။ တစ်ယောက်တည်းလည်း ကလေးအမေဖြစ်သည့် မတင်အေးဆီ တလေးသွားပို့ဖို့ မဝံ့မရဲဖြစ်တာနှင့် တစ်လက်စတည်းဆိုသလို ကလေးချီထားသော ရဝေ့ကိုပါ အဖော်အဖြစ် ခေါ်လာရသည်။ လမ်းတစ်လျှောက်လုံး တုမန္တိုင်း တွေးနေမိပါသည်။ ယခုမှပဲ ကလေးချီထားသော ရဝေနှင့် တလေးအဝတ်အစားများ ထည့်ထားသည့် ဆွဲခြင်းကို လက်တစ်ဖက်က ဆွဲလာသော တုမန္တိုင်းတို့နှစ်ယောက် တကယ့်လင်မယားပုံစံမျိုး ဖြစ်နေပါသည်။ ဖြစ်ပုံကလည်း ကြည့်ဦးလေ။ တစ်နေ့လုံး ကုမ္ပဏီမှာကော ဦးဇော်သန်းဦးက နေ့လယ်စာလိုက်ကျွေးသည့် စကားသောက်ဆိုင်မှာပါ ကလေးတ နို့ဆာလို့ မကြာခဏငိုလို့ နို့ဗူးဖျော်ရ၊ နို့တိုက်ရ၊ သေးခဏခဏပေါက်လို့ ဘောင်းဘီလဲပေးရ၊ ဝမ်းခဏခဏသွားလို့ 'အီးအီး' ကုန်းဆေးရနှင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ရဝေနှင့် တုမန္တိုင်းတို့ တစ်ဦးနှင့်တစ်ဦး တွက်ကပ်ချိန်တောင် မရ။ သည်ကြားထဲ ဦးဇော်သန်းဦး မရိပ်မိအောင်လည်း အလိမ်မပေါ် အောင် သဏ္ဌာန်လုပ် သရုပ်ဆောင်ရသေးသည်။

သည်လို စိတ်မောလူမောဖြစ်တာ ဦးဇော်သန်းဦးဆိုသော ငမ်းကြောအလွန်သန်သည့် လူကြီးကြောင့် ဖြစ်ရတာဆိုပြီး တုမန္တိုင်းက မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့နေမိသည်။

"မေ . . . ဘာတွေ တွေးနေတာလဲ၊ ဒီနေ့ 'ကို' ပတ်တိုင်း တာဝန်ထမ်းဆောင်ပေးရတာ လေးနာရီနဲ့ မိနစ်နှစ်ဆယ်ရှိတယ်၊ မိနစ်နှစ်ဆယ်ခလျှော့ပေးမယ်၊ လေးနာရီ အငှားယောက်ျားဟန်ဆောင်ကြေး လေးသောင်းပေး အဆောင်နားရောက်လာပြီ"

ကလေးပို့ပြီး အဆောင်နားသို့ရောက်ခါနီး နှစ်လမ်းအလိုလောက်မှာ ရဝေက ပြောလိုက်သဖြင့် ရဝေ့စကားကြောင့် တုမန္တိုင်း စိတ်တိုသွားသည်။

"ဒီမှာ ဘာ'မေ'တွေ 'ကို'တွေလဲ၊ ဒါ . . . အလုပ်ချိန်မဟုတ်ဘူး။ အပြင်မှာ ဒါမျိုးမခေါ်ပါနဲ့ ကျွန်မ မကြိုက်ဘူး၊ ရှင်သက်သက် အသားယူလွန်းတယ် မပြောချင်လို့"

"အဲ့ဒီလို မပြောပါနဲ့ ဘယ်သူက အရင်စခေါ်တာလဲ၊ ကျုပ်ဘဝအဲ . . . ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ ချစ်စနိုးနဲ့ ကျွန်တော့်ကို 'ကို'လို့ အခေါ်ခံခိုင်းတာ မဟုတ်ဘူး၊ ခင်ဗျားကို ခေါ်ခွင့်ပြုတာ ဒါ . . . ပထမဦးဆုံးပဲ၊ အခုလည်း ခင်ဗျားကို 'မေ'လို့ ခေါ်တယ်ဆိုတာ ဦးဇော်သန်းဦးရဲ့ကိစ္စက ဒီတစ်ပွဲတည်းနဲ့ ပြီးဦးမှာ မဟုတ်ဘူး၊ အဲ့ဒီလို သဘောအလွန်ကောင်းတဲ့ အမူအရာမျိုးပြတာက သူ့မှာ လျှို့ဝှက်ချက်ရှိမယ်နည်းနည်းတော့ ခင်ဗျားသတိပိုထား၊ နောက်တစ်ခါ သူထပ်တွေ့နိုင်တယ် ဒါကြောင့် ပိုပီပြင်အောင် ခေါ်တာ"

"ရှင် . . . အဲဒီလိုခေါ်တာ ဦးဇော်သန်းဦးရှေ့မှာ ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အပြင်ဘေးပတ်ဝန်းကျင်မှာကြတော့ ကျွန်မအဖို့ နစ်နာတယ် သိလား"

ရဝေက တုမန္တိုင်းအား ဘေးချင်းယှဉ်လျှောက်နေရင်းမှ ရှေ့ကို ကျော်တက်လိုက်ပြီး တုမန္တိုင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ တုမန္တိုင်းက ရဝေဘာဖြစ်သွားသလဲဆိုပြီး လှမ်းနေသော ခြေလှမ်းတွေကို ရပ်တန့်လိုက်သည်။

"ဒေါ်တုမန္တိုင်း နစ်နာတယ်ဆိုတဲ့ စကားကို ခင်ဗျားမပြောနဲ့၊ ခင်ဗျားလည်း အဖို့တန်မယ့် နစ်နာသလို ကျွန်တော်လည်း လူဖို့တန်မယ့် နစ်နာတာပဲ၊ သဘောပြောရရင် ကျွန်တော်က ခင်ဗျားကို ပြုမူတဲ့ နစ်နာချက်နဲ့ ခင်ဗျားက ကျွန်တော့်ကို ပြုမူတဲ့ နစ်နာချက် နှစ်ခုကို ချိန်ခွင် တစ်ခုတည်းမှာ ထည့်ပြီးချိန်လို့ မရဘူးဗျ၊ အဓိကပြောရရင် အလုပ်ဖြစ်ဖို့ ပါပဲဗျာ၊ နစ်နာတာတွေဘာတွေ ပြောမနေပါနဲ့၊ ခင်ဗျားကို ကျွန်တော်က လက်ဖျားနဲ့ မတို့သလို ခင်ဗျားကလည်း ကျွန်တော့်ကို လက်ဖျားနဲ့ တို့တာမှ မဟုတ်တာ၊ အဲ့ဒီအပေါ် ဘာမှစိတ်ခံစားမှု ထားမနေပါနဲ့ဗျာ"

ရဝေ့စကားအဆုံး တုမန္တိုင်းက ဘာမှမပြောဘဲ လက်ထဲမှ ဆွဲထားသော ဆွဲခြင်းကို မြေပြင်ပေါ် ချလိုက်ကာ စလင်းဘတ်အိတ်ထဲမှ ငွေလေးသောင်းကိုထုတ်ပြီး ပေးလိုက်သည်။

"ဒီနေ့တော့ ဗိုက်ကားပြီ၊ ဒါနဲ့ ခင်ဗျားကော ဘာစားမလဲ၊ ဝယ် ကျွေးမယ်လေ"

ရဝေက တုမန္တိုင်းပေးသည့် ပိုက်ဆံတွေကို လက်ထဲမှာ ကိုင်ထား ရင်းက မေးလိုက်သည်။

"ဘာမှမစားဘူး၊ ကိုယ့်ဖာသာကိုယ် ဝယ်စားနိုင်တယ်၊ သူများ ဝယ်ကျွေးမှ စားရမယ့်သူ မဟုတ်ဘူး"

တုမန္တိုင်းက ဒေါသဖြစ်သည့် လေသံမျိုးဖြင့် ပြန်ပြောပါသည်။

"သိပ်ဒေါသမကြီးနဲ့ ဒါတောင် ကလေးအီးအီးကုန်းခတ္တဲ့ 'သေး'



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လို့ ဘောင်းဘီလဲတာတို့အတွက် ထည့်မယူထားသေးဘူးနော်"

"ယူလို့ရမလား ကလေးအမေဆိုမှတော့ အဲ့ဒါတွေကို အကျုံးဝင်တယ်ဆိုတာ မသိဘူးလား"

"သိပ်မပြောနဲ့ . . . ခင်ဗျားက အဆောင်ပြန်ရောက်ရင် ကလေးသေးစိုတဲ့ အဝတ် 'အီး . . . အီး'အဝတ်တွေ လျှော်ပေတော့ဗျို့၊ တာ . . . တာ. . ."

ရဝေက အော်ပြောပြီး ထွက်သွားပါသည်။ တုမန္တိုင်းခမျာ ဒေါသဖြစ်ပြီး ကျန်ရစ်မှတစ်ပါး အခြားမရှိတော့ပါ။

❑

တစ်နေ့လုံး စိတ်ပင်ပန်း လူပင်ပန်းခဲ့လို့လားမသိ။ ရေမိုးချိုး အဝတ်အစားလဲပြီး ကုတင်ပေါ်လှဲနေရတာ တုမန္တိုင်းအဖို့ တော်တော်အရသာရှိလှပါသည်။ မဆီမဆိုင် ရဝေလည်း တစ်နေ့လုံး ပင်ပန်းခဲ့တာသူလည်း သူမလိုပဲ အနားယူလေမလားလို့ တွေးနေရင်းက သူက အခကြေးငွေယူပြီး အလုပ်လုပ်ပေးတာပဲ ဘာတွေးစရာလိုလဲဆိုပြီး သူမ၏အတွေးထဲကနေ မောင်းထုတ်ပစ်ရပါသေးသည်။

"တုမန္တိုင်း . . . အိပ်ယာပေါ်လှဲပြီး ဘာလဲ . . . နေ့လယ်ကကိစ္စတွေ နင်ကြည်နူးခံစား စားသုံးနေတာ မဟုတ်လား၊ အသံတောင်မထွက်ဘူး ငြိမ်နေတာပဲ"

ခင်မေလတ်နှင့် မြသက်မူတို့နှစ်ယောက် အဆောင်လမ်းထိပ်စတိုးဆိုင်ကနေ သွားတိုက်ဆေးနှင့်ဆပ်ပြာ သွားဝယ်လာပြီး အခန်းထဲသို့ဝင်လာရင်းက မြသက်မူက ကလိလိုက်သဖြင့် တုမန္တိုင်း လှဲနေရာမှထလိုက်ပါသည်။

"ငြိမ်နေတာ မဟုတ်ဘူးဟ၊ စိတ်မောလူမောဖြစ်လို့ အနားယူ



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"တုမန္တိုင်း နင်က စိတ်မောလူမောဖြစ်တယ်လို့သာ ပြောတယ်၊ ငါတို့ကုမ္ပဏီမှာ သတိထားမိတာက နင်က ရဝေ့ကို အငှားယောကျ်ားအဖြစ် ငှားတယ်သာပြောတယ်၊ နင်တို့နှစ်ယောက် တကယ့်လင်မယားလို သဘာဝကျလိုက်တာ၊ နင်က ကျေနပ်နေတယ်ဆိုတာ ငါသိတယ်"

ခင်မေလတ်က သူမထင်မြင်ချက်ကို ပြောအပြီးမှာ တုမန္တိုင်းက-

"တော်ပါ ခင်မေလတ်ရယ်၊ ကြည်နူးဖို့ နေနေသာသာ ဦးဇော်သန်းဦး မရိပ်မိအောင် ဟန်ဆောင်ရတာတစ်မျိုး၊ အရေးထဲ ကလေးကလည်း ဒီနေ့မှ သေးက ခဏခဏပေါက်၊ အီးက ခဏခဏပါနဲ့ ရဝေကော ငါပါ မနားရဘူး။ ဒီကြားထဲ 'ဒင်း'က တွက်ကပ်နေသေးတယ်၊ ငါ့ဘဝမှာ တစ်ခါဖူးမှ ကလေး'အီး'မကုန်းဖူးတာတွေလုပ်ရနဲ့ ဒီဦးဇော်သန်းဦးကြီး ဘယ်လောက်ဒုက္ခပေးဦးမလဲ မသိဘူး"

"ဒါများ တုမန္တိုင်းရယ် လွယ်လွယ်လေး၊ နင်က ရဝေနဲ့ငှား အလုပ်ထွက်လိုက်ရင် ပြီးတာပဲ၊ ဒါဆို ဦးဇော်သန်းဦးရန်ကလည်း လွတ်ပြီ၊ ဟိုတာ သဘော်အင်ဂျင်နီယာလည်း ဖြစ်တော့မှာ ပိုက်ဆံလည်း ရှိတယ်၊ ဘာလိုသေးလဲ . . . ပြောလို့ပြောတာ မဟုတ်ဘူး၊ နင်တို့နှစ်ယောက် တော်တော်လိုက်တာ"

မြသက်မှုက သူမစိတ်ထဲရှိသည့်အတိုင်း ပြောချလိုက်ပါသည်။

"မြသက်မှု . . . ရဝေက နင့်ကို လာဘ်ထိုးထားလို့ သူ့ဖက်ပါနေတာလား၊ သူနဲ့ငါနဲ့က တည့်တာမဟုတ်ဘူး"

"အခုမတည့်လည်း နင်တို့ နောက်ဆို တည့်မှာ၊ ဒီလိုဖြစ်လာဖို့ ဘယ်သူဖန်တီးတာလဲ၊ နင်ပဲ ဖန်တီးတာလေ၊ ဦးဇော်သန်းဦးက ယောကျ်ားနာမည်မေးတာ တစ်ခြားစိတ်ထဲရှိတဲ့ နာမည်ပြောပါလား၊ ဘာဖြစ်လို့ 'ရဝေ့' နာမည်ကို ပြောရတာလဲ၊ အဲ့ဒါ နင့်မသိစိတ်က သူ့ကို စိတ်ဝင်စားနေလို့ပေါ့၊ မဟုတ်မှလွဲမယ် နင်မန္တလေးမှာ မနေချင်လို့ ရန်ကုန်ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



နင့်ရဲ့ဖူးစာဖက်ကို မထင်မှတ်ဘဲတွေ့ပြီး ရန်ကုန်မှာ နင်အိမ်ထောင်ကျ ကိန်းမြင်နေပြီပေါ့"

မြသက်မှူစကားကို တုမန္တိုင်း ပြန်လည်မချေပချင်တော့ပါ။ သူ ပြောတာ မကြာခင်မှာ ဟုတ်ကော ဟုတ်နေမလား။ သူမ နည်းနည်းတော့ သိချင်နေပါသည်။

❑

"မင်းကျွေးတာတွေ စားလို့ကောင်းလိုက်တာကွာ၊ ရဝေ . . . နေ့တိုင်းလိုလို တုမန္တိုင်းရဲ့ အချိန်ပိုင်းယောကျ်ားဖြစ်ပြီး ငါတို့ကို ညစဉ် ညတိုင်း ကျွေးနိုင်ပါစေကွာ"

ဆီချက်ခေါက်ဆွဲကို စားနေသော ကျော်ကြားက ပန်းကန်ထဲ ကျန်နေသည့် ဆီချက်ခေါက်ဆွဲကို အပြတ်ဖြတ်ပြီး ပါးစပ်ကို တစ်ရှုးနှင့် သုတ်လိုက်သည်။

"နေ့တိုင်းတော့ မလုပ်ခိုင်းပါနဲ့ကွာ၊ ငါလည်း တစ်နေ့တည်းနဲ့ တင် ထွက်ပြေးချင်စိတ်ပေါက်သွားတာပဲ၊ ပြီးတော့ နေ့တိုင်းသာဆိုရင် ဒီအမျိုးသမီး မွဲသွားမှာပေါ့ကွာ၊ သူ့ခမျာ နောက်ထပ်ဘယ်လိုသောက တွေနဲ့ တွေ့ရဦးမလဲ မသိဘူး၊ ငါက ဒီနေ့ သူ့ရဲ့အချိန်ပိုင်းယောကျ်ား အဖြစ် ဟန်ဆောင်နေရင်းနဲ့ သူ့မခံချင်အောင် စမိတာလည်း ရှိတယ်၊ အခု ပြန်စဉ်းစားမိတော့ ဒါမျိုးမလုပ်သင့်ဘူး၊ ထိုက်သင့်တဲ့ အခကြေးငွေ ကို ယူထားတာ သူ့အကြိုက်ပဲ လုပ်ပေးသင့်တယ်၊ တကယ်တော့ ကိုယ်သာ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်တယ်ဆိုရင် တစ်ဖက်သားကို ဘာပဲဖြစ်ဖြစ် ထိခိုက်နစ်နာအောင် မလုပ်သင့်ဘူး၊ စိတ်ချမ်းသာအောင် ပြုမူဆက်ဆံဖို့ပဲ အရေးကြီးတယ်"

ရဝေက ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့အပြီး တစ်ငုံသောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရေခွေးပန်းကန်လုံးကို စားပွဲပေါ် ပြန်ချထားလိုက်သည်။

"ကျော်ကြား . . . ငါ ရဝေ့ကို အပြတ်ပြောရဲတယ်၊ ဒီကောင်နဲ့ ဒီတုမနိုင်းဇာတ်လမ်းက အခုမှ စရုံပဲဟေ့၊ ကိုရီးယားဇာတ်လမ်းတွဲလိုမျိုး အယ်လိုအတွဲလိုက်တွေ လာမလဲဆိုတာ ဖန်သားပြင်ပေါ်မှာ ဆက်ကြည့်ဖို့ပဲ လိုမယ်၊ ရဝေ မင်းစိတ်ကူးမလွဲနဲ့ တုမနိုင်းက တော်တော်လှတာ၊ ချစ်ဖို့ကောင်းပါတယ်ကွာ"

"ဟန်တိုးနဲ့ကျော်ကြား သူမျှားကို ချစ်ဖို့ထက် ငါကတော့ ကိုယ့်ကိုကိုယ် ချစ်တတ်လာအောင်ပဲ အရင်လုပ်မယ်၊ ကိုယ့်ကိုကိုယ် ချစ်တတ်အောင်လုပ်ခြင်းဟာ အားလုံးကို အချစ်ကြီးချစ်ပြတာနဲ့ အတူတူပဲဟေ့"

ကျော်ကြားနှင့် ဟန်တိုးနှစ်ယောက်သား ရဝေဘာကိုဆိုလိုပြီး ပြောသလဲဆိုတာ နားမလည်နိုင်ဘဲ အူကြောင်ကြောင် ဖြစ်သွားပါသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မှားပါတယ်။

အစဖြမှန်ရဖို့

ရှာဖွေဖော်ထုတ်လိုက်ရတာ

ခက်ခဲရာတွေသာ ရခဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

စားပွဲခုံပေါ်မှာရှိသော ဘီယာပုလင်းထဲက ဘီယာကိုငှဲပြီး ဖန်ခွက်ထဲ ထည့်ထားပေမယ့် ဦးဇော်သန်းဦးခမျာ မသောက်နိုင်သေးဘဲ တစ်စုံတစ်ခုကို တနုံ့နုံ့တွေးနေမိသည်။ သူ့စိတ်ထဲ မတင်မကျဖြစ်နေတာက ယခုထိ အရှိန်မပြေသေးပါ။ သူ့အဖို့ တစ်ခုခုကို လိမ်ညာခံထားရသလိုမျိုး ခံစားနေရသည်။ တစ်နည်းပြောရလျှင် သူခိုးမှန်းသိပါလျက်နှင့် သူခိုးဟု တရားဝင်ထုတ်ဖော်မပြောနိုင်သည့် အခြေအနေမျိုး ဖြစ်နေသည်။

"အာစရိ . . . ဘီယာကို မသောက်သေးဘဲ ဘီယာဖန်ခွက်ကို ရှေ့မှာထားပြီး ဘာတွေကို ခံစားနေတာလဲ"

တပည့်ကျော် အောင်ဘုက ဝက်အူချောင်းကြော် ပန်းကန်ကို စားပွဲခုံပေါ် ချထားလိုက်ပြီး ဘေးနားဝင်ထိုင်ရင်းမှ မေးလိုက်သည်။

"ခံစားတာ မဟုတ်ဘူးကွ၊ ငါ တစ်ခုခုကို အညာခံလိုက်ရတယ်ထင်လို့ စိတ်ထဲတနုံ့နုံ့ဖြစ်နေတာ၊ မင်းပြောတဲ့ ကိစ္စပေါ့ကွာ"

"ဘယ်လိုဖြစ်လို့လဲ . . . ကျွန်တော် ပြောတဲ့အတိုင်းလုပ်တာ အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီကိစ္စကို တစ်နေ့ကတည်းက ပြောချင်နေတာ၊ မင်းက မင်းဦးလေး နေမကောင်းလို့ ပြန်သွားတော့ အခုမှပဲ မင်းကိုပြောရတော့မယ်"

"ဒီလိုဆိုနေဦး . . . ကွျန်တော် တစ်ခွက်သောက်ချလိုက်ဦးမယ် အာစရိ"

အောင်ဘုက ဖန်ခွက်ထဲ ဘီယာကို ငှဲ့ထည့်ပြီး ဖန်ခွက်တစ်ဝက်ခန့် သောက်ချလိုက်ပြီး ဝက်အူချောင်းကြော်တစ်ဖက်ကိုယူပြီး မြည်းလိုက်သည်။

"ဖြစ်ပုံဖြစ်နည်း အသေးစိတ်ကို ပြောပါဦး အာစရိရဲ့"

"မင်းပြောတဲ့အတိုင်း နှိုင်းရဲ့ယောက်ျားကို ငါကုမ္ပဏီရုံးခန်းကို ခေါ်ပြီးတွေ့တယ်၊ ကလေးလည်းပါတယ်၊ ဒါပေမယ့် ငါ့အတွေ့အကြုံအရ သံသယနည်းနည်းဖြစ်နေတယ်"

"ဘယ်လို သံသယမျိုးလည်း အာစရိရဲ့"

"သူတို့နှစ်ယောက်ရဲ့ မျက်လုံးတွေပေါ့ကွာ၊ တကယ့်လင်နဲ့မယားသားဆို ပုံမှန်အကြည့် ပုံမှန်အနေအထားပဲ၊ သူတို့နှစ်ယောက်ရဲ့ ပြောဆိုမှုမူပုံအကြည့်တွေမှာ လင်မယားအနေအထားမျိုးမဟုတ်ဘဲ လူပျိုအပျိုရှက်နေတဲ့ အကြည့်ပုံစံမျိုး တစ်ချက်တစ်ချက်မှာ တွေ့ရတယ်၊ ပြီးတော့ ကလေးကို အီးအီးကုန်းပေးတာ၊ သေးစိုအဝတ် လဲပေးတာတွေမှာ သူလုပ်၊ ငါလုပ်ဆိုပြီး ဘောလီဘောပုတ်သလို ဟိုပို့ဒီပို့လုပ်နေတာက မဟုတ်သေးဘူး၊ အထူးသဖြင့် နှိုင်းက ကလေးကို အီးအီးကုန်းပေးရမှာ တော်တော်ရွံပုံရတဲ့ ပုံစံမျိုးဖြစ်နေတယ်၊ တကယ့်ကလေးအမေဆို ကိုယ့်သားသမီးပဲဟာ ဘာရွံ့စရာရှိလဲ၊ ပြီးတော့ သူတို့က လင်မယားသားဆိုတယ်၊ ဝတ်ထားစားထားတာ လူပျိုအပျိုရှိုးထုတ်သလို ဖြစ်နေတယ်၊ ဒါကြောင့် ငါသံသယဖြစ်နေတာ၊ နှိုင်းဘာကြောင့် ဒါမျိုးလုပ်နေရလဲ မသိဘူး"

ဦးဇော်သန်းဦးတစ်ယောက် သူ့ခံစားချက်တွေ တပည့်ကျော်အောင်ဘုကို ရှင်းပြတာ တော်တော်ရင်ပေါ့သွားလို့လားမသိ။ စားပွဲခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ချထားသည့် ဘီယာခွက်ကိုယူပြီး တစ်ကျိုက်တည်း မော့ချလိုက်ပါသည်။ ပြီးတော့ ဝက်အူချောင်းသုံးဖတ်ခန့် မြည်းလိုက်သည်။

"အာစရိ ပြောပုံအရဆို အဲ့ဒီနိုင်းမှာ လျှို့ဝှက်တဲ့အကြောင်း တစ်ခုခုရှိကို ရှိရမယ်၊ အဲ့ဒီအဖြစ်မှန်ကို ဖော်ထုတ်ရမယ်၊ အဓိကအရေးကြီးတာက နိုင်းရဲ့လှုပ်ရှားသွားလာပုံကို အသေးစိတ် အာစရိနဲ့ကျွန်တော် ပူးပေါင်းပြီး စုံစမ်းရမယ်၊ နိုင်းဘယ်သွားလဲ၊ ဘာလုပ်သလဲ၊ နိုင်းမသိအောင် နောက်ယောင်ခံလိုက်ပြီး အမှန်တရားကို ဖော်ထုတ်ရမယ်၊ အဖြစ်မှန်သိလာရင် . . ."

"အဖြစ်မှန်သိလာရင်လား မင်းရဲ့ဆရာ ငါကလေ နိုင်းရဲ့ပုခုံးလေးကိုကိုင်ပြီး နိုင်းရယ် ဘယ်လိုလုပ်ရတာလဲ၊ ဘာလဲညာလဲနဲ့ပြောပြီး လက်ထပ်ခွင့်တောင်းမှာပေါ့ကွာ၊ ငါ့မှာ သူနဲ့နေ့တိုင်းတွေ့ပြီး မျိုသိပ်နေရတာ"

"ဒါဆို ဒီအစီအစဉ်ကို မနက်ဖြန်စမှာမို့ ဘီယာနောက်တစ်ပုလင်း ဖောက်မယ်"

"အိုကေ . . ."

တပည့်ကျော်အောင်ဘုက သွက်ပါသည်။ ရေခဲသေတ္တာထဲက ဘီယာပုလင်းကို အမြန်ယူကာ ပုလင်းဖွင့်ပြီး ဖန်ခွက်နှစ်ခွက်ထဲထည့်ကာ တစ်ခွက်ကို ဆရာဖြစ်သူကိုပေး၍ တစ်ခွက်ကို သူကကိုင်ပြီး မြှောက်ကာ ဆရာဖြစ်သူအတွက် ဆုတောင်းပေးလို့နေပါသည်။

❑

သည်နေ့ တနင်္ဂနွေနေ့ဆိုတော့ ကုမ္ပဏီက ပိတ်သဖြင့် ဘုမနိုင်း တစ်ယောက် ဝယ်စရာရှိတာတွေကိုဝယ်ဖို့ လှည်းတန်းဈေးဖက်သို့ ထွက်လာခဲ့သည်။ ဈေးထဲမှာ ဝယ်စရာရှိတာတချို့ဝယ်ပြီး တစ်ခုခုစားလားလို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးသေးသည်။ သို့သော် တစ်ယောက်တည်းစားရမှာ ပျင်းသဖြင့် အဆောင်သို့ပြန်၍ ဝယ်လာသည့် ပစ္စည်းတွေကို ပြန်ထားပြီးမှ သူငယ်ချင်းမနှစ်ဦးကိုခေါ်ကာ အင်းလျားကန်ပေါင်ရိုးက စားသောက်ဆိုင်တန်းမှာပဲ စားတော့မည်လို့။ သည်လိုဆို ညနေစာချက်ဖို့ မလိုတော့။ ဟိုနှစ်ယောက်ကလည်း သူမဝယ်ကျွေးသည်ဆိုတော့ ဖြင်းမှာမဟုတ်တာ သေချာသည်။ သူတို့အတွက် တစ်နေ့တာ စျေးဖိုးသက်သာတာကြောင့်ပါ။

"သရက်သီးတွေ မချစ်စုသရက်သီးမှည့်တွေ"

တုမန္တိုင်း လှမ်းနေသော ခြေလှမ်းတွေ ရပ်တန့်သွားသည်။ မချစ်စုသရက်သီး သိပ်ကြိုက်သော တုမန္တိုင်းတစ်ယောက် လမ်းဘေးမှာ ဝမ်းယောင်လိုက်နေသော မချစ်စုသရက်သီးမှည့်တွေ အော်ရောင်းနေသော ဆိုင်ရှေ့မှာ ရပ်လိုက်ပြီး ဝယ်လာသော ပစ္စည်းထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကြီးနှစ်အိတ်ကို ဘေးနားချထားပြီး သရက်သီးတွေကို ကိုင်ကြည့်သည်။ သရက်သီးတွေက မာမာတင်းတင်းနှင့် တကယ့်ကို စားချင်စဖွယ် ဖြစ်နေသည်။

"သရက်သီးတွေ တစ်လုံးဘယ်လောက်လဲ"

"တစ်လုံးတစ်ရာ့ငါးဆယ်"

"မလျှော့တော့ဘူးလား"

"သရက်သီးက အလုံးကြီးတွ လျှော့လို့မရဘူး ညီမလေး၊ စားကြည့် ချိုမှချို"

သရက်သီးရောင်းသည့် စျေးသည်အမျိုးသမီးက မချစ်စုသရက်သီးအလုံးကြီးကြီးတွေကို ရွေးပေးပါသည်။ တုမန္တိုင်းလည်း ကျသင့်ငွေကို ပေးပြီး သရက်သီးထည့်ထားသော ကြွပ်ကြွပ်အိတ်ကို ညာဖက်လက်ကဆွဲကျန်ဘယ်ဘက်လက်နှင့် လှည်းတန်းစျေးမှ ဝယ်လာသည့် ပစ္စည်းတွေ ထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကြီးနှစ်အိတ်ကိုဆွဲကာ သရက်သီးဆိုင်ရှေ့မှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဝယ်လာတာတွေများသဖြင့် အတော့်ကို ဆွဲရသည်။ သည်လိုနှင့် လှည်းတန်းမီးပွိုင့်နားက ကုန်တိုက်ထဲသို့ ဖြတ်ဝင်ပြီး ကုန်တိုက်ရှေ့က လူဝင်လူထွက်လုပ်သည့် သံဇကာတံခါးနားသို့ ရောက်လာသည်။ တံခါးပေါက်က ကျဉ်းသဖြင့် လူက စုပြုံတိုးနေသည်။ ဝယ်လာသော ပစ္စည်းတွေ မနိုင်မနင်းလက်ကဆွဲလာသည့် တုမန္တိုင်းလည်း တိုးဝှေ့ပြီး ထွက်လိုက်သည်။

"ဟာ! . . . သွားပါပြီ"

သရက်သီးမှည့်တွေ ထည့်ထားသော ကြွပ်ကြွပ်အိတ်လက်ကိုင်က ပြုတ်ကျပြီး သရက်သီးတွေ ထွက်ကျကုန်ကာ ဟိုတစ်လုံး၊ သည်တစ်လုံး ပြန့်ကျဲကုန်တော့သည်။ တုမန္တိုင်းတော်တော် စိတ်ပျက်သွားသည်။ ဝယ်လာသော ပစ္စည်းတွေကို ဘေးချပြီး လူကြားထဲ လိုက်ကောက်ရတော့မည်။ သည်လိုဆို တစ်ယောက်ယောက်မြင်သွားရင် ရှက်စရာကြီးဆိုပြီး သေချင်လောက်အောင်ကို ဖြစ်သွားသည်။

"ခင်ဗျားက မနိုင်မနင်းနဲ့ဝယ်လာတာတွေ လောဘကြီးတာကိုး။ နေ . . . နေ ကျွန်တော်ကောက်ပေးမယ်"

တုမန္တိုင်း တော်တော်ဝမ်းသာသွားပါသည်။ ဘယ်ကနေ ဘယ်လို ရဝေတစ်ယောက် ရောက်လာသလဲ မသိ။ သူမအား ရယ်ကာမောကာနှင့် ပြောရင်းမှ တစ်လုံးစီပြန့်ကျဲနေသော မချစ်စုသရက်သီးတွေကို လိုက်ကောက်ပေးပါသည်။

"နေဦး . . . ကြွပ်ကြွပ်အိတ်က နည်းနည်းကြီးမှရမှာ၊ ဒီမှာ သရက်သီးတွေ ပုံထားခဲ့မယ်၊ ခင်ဗျားကြည့်ထား ကျွန်တော်ကြွပ်ကြွပ်အိတ် သွားဝယ်လိုက်ဦးမယ်"

ရဝေက သရက်သီးဆယ်လုံးကို တုမန္တိုင်းရပ်နေသော အနီးအနားမှာ စုပုံပြီး ကွမ်းယာဆိုင်ကနေ ကြွပ်ကြွပ်အိတ်ကြီးဝယ်ပြီး ပြန်လာသော သရက်သီးတွေကို ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အဆောင်ပြန်မှာ မဟုတ်လား၊ ကျွန်တော် သယ်လာပေးမယ်၊ အဆောင်ရှေ့ရောက်မှယူ၊ ခင်ဗျားဗျာ . . စျေးဝယ်တာ လောဘကြီးလိုက်တာ တတ်နိုင်သလောက် ဝယ်ပေါ့"

"ကျွန်မကို အပြစ်တင်တာလား၊ ကျွန်မက ကျေးဇူးတင်ကြောင်း ပြောမလို့ဟာ ရှင်ဟာလေ . . . တစ်ဖက်က မခံချင်အောင် ပြောတတ်တယ်၊ ရှင့်ကို ကျေးဇူးတင်ကြောင်း မပြောတော့ဘူး၊ မချစ်စုသရက်သီးကို ကျွန်မကြိုက်လို့ ဝယ်လာတာ၊ ဒါနဲ့ ရှင်ကကော ဘယ်က ပြန်လာတာလဲ"

"အဆောင်မှာဗျာ . . . သူငယ်ချင်းနှစ်ယောက်က ကျွန်တော့် မီးပူငှားတိုက်ပြီး မီးပူကွိုင်လောင်တာ မပြောဘဲ ဒီအတိုင်းထားထားတာ၊ အဲ့ဒါ ကျွန်တော်က မီးပူတိုက်မယ်လုပ်မှ သိတာ၊ ဒါနဲ့ လှည်းတန်းဈေးထဲမှာ မီးပူကွိုင်အသစ်လာဝယ်တာ၊ အဆောင်ပြန်ရောက်မှ မီးပူကို ပြန်ပြင်ရမှာ၊ မနက်ဖြန် သင်တန်းသွားဖို့ အင်္ကျီတွေ မီးပူမတိုက်ရသေးဘူး၊ တစ်ခုခုစားပြီးမှ ပြင်ရမှာပဲ ဗိုက်က ဆာနေပြီ၊ ခင်ဗျားကော ဘာစားပြီးပြီလဲ"

လှည်းတန်းမီးပွိုင့်မှာ ကားတွေက မီးနီပြထားသဖြင့် တန်းစီနေပါသည်။

"အဆောင်ရောက်မှ သူငယ်ချင်းမတွေခေါ်ပြီး အင်းလျားကန်ပေါင်ရိုးမှာ တစ်ခုခုသွားစားမလို့၊ အခုတော့ အစီအစဉ်ပြောင်းလိုက်ပြီ ရှင်က ကျွန်မကို ကူညီတော့ ရှင့်ကို ကျွန်မဝယ်ကျွေးမယ်"

"ဒီအစီအစဉ် သိပ်ကောင်းတယ်၊ လမ်းမလျှောက်နဲ့တော့ဗျာ၊ လာ . . . လမ်းဖြတ်ကူးပြီး ဟိုဘက်စ်ကားမှတ်တိုင်ကနေ တံတားဖြူထိစီးမယ်၊ အဲ့ဒီမှာဆင်းရင် ပိုနီးတယ် လာ . . . လာ"

ရဝေက စိတ်မြန်လက်မြန်ရှိလှသည်။ သံရက်သီးထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုဆွဲရင်း ခပ်သွက်သွက် လမ်းဖြတ်ကူးလိုက်တာ နောက်ကနေ တုမနိုင်းက မီအောင် လိုက်နေရသည်။

"ခင်ဗျားက ကျွန်တော့်ကို ကျွေးတာက ကိစ္စမရှိဘူး၊ ကြိုပြော



www.burmeseclassic.com

www.burmeseclassic.com



ထားရဦးမယ်၊ ပိုက်ဆံရှင်းတဲ့အခါ ပြန်အမ်းငွေမှာ တိတ်ကပ်ထားလို့ စုတ်နေလို့ ပြန်လဲပေးပါဆိုပြီး မလုပ်ရဘူးနော်"

"ရှင်က ဒါကို မှတ်ထားတာကိုး၊ ပိုက်ဆံပြုရင်တော့ လဲခိုင်းရမှာ ပေါ့၊ မိန်းမဆိုတာ မိန်းမဗီဇရှိတယ်၊ ဖျောက်လို့မရဘူး"

"ဖျောက်မရလည်း နေ . . . ဟိုမှာ မီးပွိုင့်စိမ်းလို့ ကားလာနေပြီ ဆိုင်ရောက်မှ ဆက်ပြော . . ."

လိုင်းကားတွေက မှတ်တိုင်မှာ ထိုးရပ်လိုက်သည်။ (၅၁) အဲကွန်း ကားပေါ်သို့ တုမန္တိုင်းက အရင်တက်ပြီး ရဝေက နောက်ကနေ တက်လိုက် သည်။ တုမန္တိုင်း ကားစီးနေရင်းမှ သည်မြင်ကွင်းကို သူငယ်ချင်းမနှစ်ဦး မြင်လို့က ဘာပြောလေမလဲလို့ တွေးနေမိပါသည်။

"အောင်ဘု . . . ဟိုမှာ . . . တွေ့လား၊ နှိုင်းနဲ့ သူ့ယောက်ျားနဲ့ ဟာ . . . ဟုတ်ချင်မှ ဟုတ်မှာပါ၊ အင်းလျားကန်ပေါင်ရိုးက စားသောက် ဆိုင်တွေဖက်သွားပြီ"

ဦးဇော်သန်းဦးက အင်းလျားကန်ပေါင်ရိုးပေါ်သို့ တက်သည့် လေ့ကားထစ်တွေပေါ် ပြေးတက်ရင်းမှ တပည့်ကျော်အောင်ဘုကို လှမ်း ပြောလိုက်သည်။

"လက်လွတ်သွားတာ နာလိုက်တာ အာစရိရာ . . .၊ မနက်က တည်းက တုမန္တိုင်းစီးတဲ့ ကားမှတ်တိုင်ထိပ်ကနေ လာစောင့်နေတာ ထမင်းလည်း မစားရနဲ့ အဲ့ဒီအာစရိအတွင်းရေးမှူးမလေးက တစ်ယောက် တည်း လှည်းတန်းဘက်ထွက်သွားလို့ အာစရိကို အမြန်ဖုန်းဆက်ခေါ်ပြီး နောက်ယောင်ခံလိုက်တာ၊ ဘယ်လိုလုပ် သူ့ယောက်ျားနဲ့ တွေ့သွားလဲ မသိဘူး၊ သူတို့စီးတဲ့ကားနောက်က လိုက်လာတာ ဒင်းတို့နှစ်ယောက် ခြေလှမ်းတွေကလည်း သွက်လိုက်တာဆိုတာ အာစရိဘာဆက်လုပ်မလဲ"

ကန်ပေါင်ရိုးပေါ်ရောက်သောအခါ အောင်ဘုက ခေတ္တနား လိုက်ရင်းမှ ဦးဇော်သန်းဦးကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ . . . သူတို့နှစ်ယောက်ဘယ်ဆိုင်မှာစားသလဲ၊ သူတို့နဲ့ မလှမ်းမကမ်းမှာ မင်းနဲ့ငါနဲ့ ထိုင်ရင်းက အကဲခတ်ရမှာပေါ့ကွ၊ တကယ့်လင်မယား ဟုတ်လား၊ မဟုတ်လား အဖြေပေါ်ကွာ၊ တကယ့်လင်မယားအစစ်ဆို ကလေးခေါ်လာရမှာပေါ့"

"နေဦး အာစရိ . . . ကျွန်တော်နဲ့အာစရိ ဒီအတိုင်းသွားရင် သူတို့မြင်မှာပေါ့၊ ဒီတော့ ကျွန်တော်တို့ ရုပ်ဖျက်မှရမယ်"

"အောင်ဘု . . ဘယ်လိုရုပ်ဖျက်မှာလဲ၊ မင်းက မဟုတ်သေးပါဘူး"

"ဟုတ်သမှ သိပ်ဟုတ်လို့တောင် ပြောလို့ရတယ်၊ ဟော့ဒီမှာ ကြည့် . . ."

အောင်ဘုက ခါးကြားမှာ ထိုးထားသော တရုတ်နိုင်ငံလုပ်သားရေမျက်နှာဖုံးနှစ်ခုကို ဆွဲထုတ်လိုက်သည်။

"ဟ . . . ဒါ . . ကလေးတွေ ဆော့တဲ့ ဂျိုကာမျက်နှာဖုံးတွေပဲ"

"ဟုတ်တယ် . . . အဲ့ဒီမျက်နှာဖုံးနှစ်ခုကို တစ်ခုစီတပ်လိုက်ရင် သူတို့နှစ်ယောက် ဘယ်မှတ်မိပါ့မလဲ"

ဦးဇော်သန်းဦးက ဘာဆက်လုပ်ရမှန်းမသိ။ သည်မျက်နှာဖုံးတပ်လို့က မကြီးမငယ်နှင့် ရှုးနေသလားလို့ လူတွေကဲ့ရဲ့မှာကိုတွေးပြီး ရှက်လို့နေပါသည်။ ထို့အပြင် တုမနိုင်းက အဖြစ်မှန်ကိုသိရင် အထင်သေးသွားလေမလားလို့ စိုးရိမ်စိတ်တွေ ဝင်လာပါသည်။

"ရော့ . . . အာစရိ ပွဲမဝင် အပြင်မှာ ဇာတ်တိုက်ဆိုသလိုပေါ့၊ ဒါလေး မျက်နှာမှာ အစမ်းတပ်ကြည့်လိုက် ကျွန်တော်လည်း တပ်မယ်"

အောင်ဘုက ဦးဇော်သန်းဦးလက်ထဲ ဂျိုကာသားရေမျက်နှာဖုံး တစ်ခု ပေးလိုက်ပါသည်။

"ရှက်မနေပါနဲ့ အာစရိရယ်၊ မျက်နှာမှာ တပ်ကြည့်လိုက်"

အောင်ဘု ပြောရင်းဆိုရင်းမှ သူ့မျက်နှာပေါ်မှာ ဂျိုကာသားရေမျက်နှာဖုံးကို တပ်လိုက်သည်။ ဦးဇော်သန်းဦးလည်း တပည့်ဖြစ်သူတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်မှတော့ မထူးပါဘူးဆိုပြီး သူ့မျက်နှာမှာ ဂျိုကာသားရေမျက်နှာဖုံးကို တပ်လိုက်သည်။ ဆရာတပည့်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်သည်။

ထို့နောက် နှစ်ယောက်သား မကြီးမငယ်နှင့် ဂျိုကာသားရေမျက်နှာဖုံးကိုယ်စီတပ်ထားရင်းမှ အင်းလျားကန်ရေပြင်ဖက်သို့ အကြည့်မှာ ခုံတန်းလျားတွင် ထိုင်နေသော ငါးနှစ်သားအရွယ် ယောက်ျားလေး တစ်ဦးနှင့် သူ့မိခင်ဖြစ်ဟန်တူသော မိန်းမတစ်ဦးကို တွေ့ရသည်။

ခုံတန်းလျားပေါ်မှာ မတ်တပ်ရပ်နေသော ကလေးငယ်က နောက်လှည့်ပြီး ကြည့်လိုက်သောအခါ ဂျိုကာသားရေမျက်နှာဖုံးတပ်ထားသည့် ဦးဇော်သန်းဦးနှင့် အောင်ဘုကို မြင်သွားပြီး အထိတ်အလန့် ဖြစ်သွားပါသည်။

"မာမီ ကြောက်တယ်၊ နှာခေါင်းက အကြီးကြီး နီနီကြီးနဲ့ သားကို ပြောနေတယ်၊ သားသား ကြောက်တယ် . . . ကြောက်တယ်"

ကလေးငယ်က ကြောက်လန့်တကြား ငိုယိုပြီး အော်ဟစ်နေရင်းက အမေဖြစ်သူကို ပြေးဖက်ပါသည်။ ရုတ်တရက်ဆိုသလို ထိုမိန်းမမျက်နှာက ဒေါသအရောင်တွေ ဖုံးလွှမ်းသွားလား မသိ။ မျက်နှာက နီလာပါသည်။

"သားက ကျန်းမာရေးမကောင်းလို့ ဆေးရုံက ဆင်းလာတာ ငါးရက်ပဲ ရှိသေးတယ်၊ ဒီမှာလာပြီး လေကောင်းလေသန့်ရအောင် အနားယူနေတာ၊ မကြီးမငယ်နဲ့ဟာတွေ ကလေးကို ကြောက်အောင် လုပ်တယ်၊ တွေ့မယ် . . . ခြောက်မိုင်ခွဲက ရွှေမိတဲ့ သားသမီးနဲ့ ပတ်သက်လာရင် ဘယ်သူ့မှ ဂရုမစိုက်ဘူး"

ရွှေမိဆိုသော အမျိုးသမီးက အနီးအနားရှိ အုတ်နီခဲကျိုးတို ကောက်ကိုင်ပြီး ဦးဇော်သန်းဦးနှင့် အောင်ဘုကို ပိတ်ပစ်ပါသည်။

"ဟာ . . . ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်သန်းဦးက အလန့်တကြား အော်ဟစ်ရင်း ရှောင်လိုက်သလို အောင်ဘုကလည်း ရှောင်လိုက်ရပါသည်။

"ဩော် . . . ရှောင်တယ်လား ရွှေမိအကြောင်း သိမယ်၊ မကြီးမငယ်တွေတော့လား"

"အာစရိ . . . ဟိုမှာ လက်ထဲမှာ ကိုင်ထားတဲ့ ခေါက်ထီးနဲ့ ကျွန်တော်တို့ကို ရိုက်ဖို့လုပ်နေပြီ"

အောင်ဘုက သားရေမျက်နှာဖုံးကိုချွတ်ရင်း အလန့်တကြား ဦးဇော်သန်းဦးအား ပြောလိုက်သည့်အခါ ဦးဇော်သန်းဦးလည်း ကြောက်လန့်တကြား မျက်နှာဖုံးကို ချွတ်လိုက်ရသည်။

"ဘာလို့ ခုမှသားရေမျက်နှာဖုံးတွေ ချွတ်ရတာလဲ၊ ဆက်တပ်ထားလေ"

ရွှေမိဆိုသည့် ကလေးအမေက ခေါက်ထီးဖြင့် ပြေးရိုက်ပါသည်။

"အာစရိ ကျော်မကောင်း ကြားမကောင်း ဖြစ်မယ်၊ ပြေး . . ပြေး"

အောင်ဘုက နောက်ကျခြေထောက် သစ္စာဖောက်ဆိုသည့် စကားအတိုင်း တပည့်ကောင်းပီသစွာ လှေကားထစ်တွေရှိရာသို့ ပြေးသွားကာ ဆင်းပြေးပါတော့သည်။

"ဟေ့ကောင် . . . ဟေ့ကောင် . . . ငါ့ကို စောင့်ဦး"

သည်လိုနေရာမျိုးမှာ ဦးဇော်သန်းဦးကလည်း ခေသူမဟုတ်ပါ။ တပည့်ကျော်ကိုမီဖို့ လှေကားထစ်တွေကိုကျော်ပြီး ခုန်ပြေးကာ ခြေခေါက်လဲကျတာတောင် နာကျင်သဖြင့် မအော်အားဘဲ တံတားဖြူကားဂိတ်နားရောက်သည်အထိ သုတ်ခြေတင်ရပါတော့သည်။

တော်ပါသေးရဲ့။ ထီးနှင့် လိုက်ရိုက်သော မိန်းမ ကန်ပေါင်ရိုးပေါ်မှာ ကျန်ရစ်ခဲ့တာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပါတော့သည်။

❑ ❑ ❑

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့ကိုယ်နဲ့
နှလုံးသားတွေရှင်းဖို့
သက်ပြင်းစပ်များများချဖို့
လိုသလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

စားဖူးသမျှ ရှမ်းခေါက်ဆွဲတွေထဲမှာ သည်နေ့စားရသည့် ရှမ်းခေါက်ဆွဲက ဗိုက်ဆာလို့လား မသိပါ။ တုမန္တိုင်းအဖို့ အတော့်ကို အရသာရှိလို့နေသည်။ တို့ဟူးကြော်ကလည်း ပူနေသဖြင့် အတော်စားလို့ ကောင်းသည်။ တုမန္တိုင်းလိုပဲ ရဝေလည်း ဗိုက်ဆာနေလို့ ထင်ပါ၏။ ဘာစကားမှ တောင် မပြောဘဲ ရှမ်းခေါက်ဆွဲကို ကုန်သည်အထိ စားလို့နေသည်။

"ရှင် . . . မဝသေးရင် ထပ်စားနော်၊ တော်ကြာ မဝတစ်ဝကျွေးတယ်ဆိုပြီး အတင်းပြောခံနေရပါဦးမယ်"

"လူ့အကျင့် ဝမ်းအချင့်တဲ့၊ ဝမ်းဝရုံလောက်စားရင် လူဟာ နေလို့ထိုင်လို့ ကောင်းတယ်ဗျ၊ သိပ်စားရင် ဗိုက်ပြည့်ပြီး ဘာမှမလုပ်ချင်တော့ဘူး၊ လူကလည်း မလန်းတော့ဘူး"

ရဝေက ရေနွေးကြမ်းနှစ်ခွက်ကို ငှဲ့လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို တုမန္တိုင်းအားပေးလိုက်သည်။

"ကုမ္ပဏီမှာ ဦးဇော်သန်းဦးဆိုတဲ့လူကြီး ဘာတွေဆက်ဖြစ်သေးလဲ၊ ဒီရက်တွေထဲမှာ ဝင်ငွေတွေ မရတော့ အူက ကြောက်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ"

"ဩော် . . ရှင်က သူများ စိတ်ဆင်းရဲဒုက္ခခံစားပြီးမှ ရတဲ့ပိုက်ဆံကို လိုချင်တာပေါ့ ဟုတ်လား၊ တော်တော်သဘောမနောကောင်းတာပဲ"

တုမန္တိုင်းက ရေနွေးကို တစ်ငုံသောက်လိုက်ပြီး ရဝေ့ကို မျက်စောင်းထိုးလိုက်သည်။

"ကျွန်တော်က စတာပါဗျာ၊ ခင်ဗျားကိုတွေ့ရင် နည်းနည်းဘုဂလန့်မပြောဘဲ မနေနိုင်လို့ပါ၊ ဒါနဲ့ စပ်စုတယ်လို့ မထင်နဲ့ ကျွန်တော် တစ်ခုမေးပါရစေ"

"ဘာမေးချင်လို့လဲ . . . ကျွန်မရဲ့အကြောင်းလား"

"ဟုတ်တယ် . . . ကျွန်တော် ခင်ဗျားကို သတိထားမိတယ်၊ ခင်ဗျား ဝတ်တာစားတာ နေတာထိုင်တာ နည်းနည်းအဆင့်အတန်း မြင့်တယ်၊ ခင်ဗျား ဝတ်တာစားတာ သုံးတာက ကုမ္ပဏီလခနဲ့ လောက်မယ့်ပုံမပေါ်ဘူး၊ ခင်ဗျားတစ်နေ့ဝတ်တဲ့ အဝတ်အစားက တန်ဖိုးကြီးတာတွေချည်းပဲ ခင်ဗျား ဘာအတွက်ကြောင့် ဒီကုမ္ပဏီမှာ အလုပ်ဝင်လုပ်ရတာလဲ၊ ခင်ဗျားမှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိမယ်"

ရဝေ့စကားကြောင့် တုမန္တိုင်းမျက်နှာ ရုပ်ချည်းပြောင်းသွားတာကို ရဝေ သတိထားမိသည်။

"ရှင်က မဆိုးပါဘူး၊ လူကဲခတ်တော်တာပဲ"

"ဩော် . . . ယောက်ျားကြီးတန်မဲ့ ကျွန်တော့်ကို စပ်စုတယ်လို့ မထင်ပါနဲ့နော်၊ ခင်ဗျားရဲ့အကြောင်းကို မပြောလည်း ရတယ်၊ ခင်ဗျား စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့"

"အခုမှ အပိုတွေ ပြောမနေပါနဲ့၊ ရှင်ပဲ သိချင်လို့ မေးပြီးတော့ ကျွန်မ ပြောပြမယ် × × × × × × × × × × × × × × × × × × ×

× × × × × × × × × × × × × × × × × ×"

တုမန္တိုင်းက မန္တလေးမှ ရန်ကုန်သို့ ရောက်ရှိလာပုံတို့ အစေား



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြောပြတာ ရဝေက လေးလေးနက်နက် နားထောင်နေပါသည်။ တုမန္တိုင်းလေသံက တစ်ချို့နေရာတွေမှာ ခံစားချက်တွေပါလာလို့လား မသိ၊ လေသံက နည်းနည်းမာတာမျိုးလည်း တွေ့ရသည်။

"အင်း . . . တုမန္တိုင်းနေရာက ကြည့်တော့လည်း မှန်သလို တုမန္တိုင်းရဲ့ အဖေနေရာက ကြည့်တော့လည်း မှန်တာပဲ"

တုမန္တိုင်း ပြောပြပြီးလို့ ရဝေက ထင်မြင်ချက်ပေးသောအခါ တုမန္တိုင်း နားမလည်သလို ဖြစ်သွားပါသည်။

"ရှင့်စကားက ဘယ်လိုစကားကြီးလဲ၊ ကျွန်မတော့ ခေါင်းစား သွားပြီ"

"ဒီလိုဗျ . . . ခင်ဗျားက ခင်ဗျားရဲ့အဖေကို ချစ်တဲ့အတွက် ခင်ဗျားအဖေနောက်မိန်းမယူတာ မကြိုက်ဘူး၊ ဒါက အဖေကိုချစ်တဲ့ သမီး တစ်ယောက်အနေနဲ့ မှန်တာပဲ၊ ဒီလိုပဲ ခင်ဗျားရဲ့ အဖေကလည်း သူ့ဘဝ ရဲ့ကူဖော်လောင်ဖက် ဆေးပေးဖော်ကိုရှာတာ မှန်တာပဲ၊ ဒီတော့ အဖေနဲ့ သမီး အမှန်တရားချင်း ခေါင်းချင်းဆိုင်တိုက်ကြတာ၊ တကယ့်တော့ နား လည်မှုနဲ့ ဖြေရှင်းမှရတာ . . ."

"ဘယ်လိုနားလည်မှုနဲ့ ရှင်းရမှာလဲ"

"လူဆိုတာ တစ်ခါတစ်ရံ တစ်ယောက်တည်းနေရတာကို အရမ်း သဘောကျပေမယ့် တစ်ခါတစ်ရံကျတော့လည်း စုစုစည်းစည်း နေချင်မှာ ပေါ့။ ခင်ဗျားရဲ့ အဖေကိုပဲ ကြည့်လေ၊ ခင်ဗျားရဲ့ မိခင်ကွယ်လွန်သွား တော့ သူဘယ်လောက် အထီးကျန်ဆန်မလဲ၊ ခင်ဗျားကကော ခင်ဗျားရဲ့ အဖေအနားမှာ အမြဲတမ်းရှိလို့လား၊ ကျွန်တော် ဒီလိုပြောလို့ စိတ်မဆိုး ပါနဲ့၊ ဒီတော့ ခင်ဗျားရဲ့အဖေက သူ့စိတ်ထဲမှာ အရင်လို မိသားစုသိုင်း သိုင်းဝန်းဝန်းနဲ့ နေချင်လို့ အိမ်ထောင်ပြုလိုက်တာကို ခင်ဗျားက အဖေ့ကို ချစ်တော့ တစ်မျိုးမြင်သွားတာကိုး၊ ဒီလိုမလုပ်ပါနဲ့ဗျာ . . . ခင်ဗျားရဲ့ အဖေ နေ့တိုင်းခင်ဗျားကို စိတ်ပူနေမှာ အမှန်ပဲ၊ အဖေတွေဆိုတာ သမီး



www.burmeseclassic.com

www.burmeseclassic.com



တွေကို သိပ်ချစ်ပါတယ်ဗျာ၊ နည်းနည်းပါးပါး ပြန်ဆက်သွယ်ကြည့်ပါလား"

တုမန္တိုင်း ဘာစောဒကမှ မတတ်နိုင်ပါ။ ရဝေက သည်လိုရှင်းပြ တော့လည်း ဟုတ်နေပါလားလို့။ ရဝေပြောသလိုမျိုး သူမတစ်ခါမှ မစဉ်းစား ဖူးဘဲ သူမစိတ်ခံစားမှုကိုသာ ရှေ့တန်းတင်ခဲ့သည်။ သမီးကိုချစ်သော ဖခင်ကို သူမပြုမူခဲ့တာတွေက ရိုင်းပျရာများ ကျသွားပြီလား မသိပါ။

"ကျွန်မကို အခုလို နှစ်သိမ့်ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်၊ တကယ်တော့ ရှင်က သဘော်မလိုက်ဘဲနဲ့ ကျောင်းဆရာလုပ်စား ရမှာ၊ လူတစ်ဖက်သား နားဝင်အောင် ရှင်းပြတတ်လို့၊ ဟိုတုန်းက ရှင်သာ ကျွန်မကို ဒီလိုပြောဆိုပုံမျိုးနဲ့သာ ဆက်ဆံရင် ရှင်နဲ့ကျွန်မ ဘာပြဿနာမှ ဖြစ်လာမှာ မဟုတ်ဘူး"

"ကျွန်တော်က ပြဿနာဖြစ်ချင်လို့မှ မဟုတ်တာ၊ ခင်ဗျားက လေသံမာမာနဲ့ အထက်စီးကမျိုးပြောတော့ ကျွန်တော်လည်း ဘာလိုချင် တာနဲ့ ပြဿနာတွေက ဖြစ်ကုန်တာ၊ တကယ်တော့ ယောကျ်ားတစ်ယောက် ဟာ မိန်းမနဲ့ယှဉ်ပြီး ရန်မဖြစ်သင့်ဘူး၊ မပြိုင်သင့်ဘူး၊ အဲ့ဒီတုန်းက ကျွန်တော်မှားခဲ့ရင်လည်း တောင်းပန်ပါတယ်"

တုမန္တိုင်းက ရဝေ့မျက်နှာကို အကဲခတ်လိုက်သည်။ ရဝေက ထိုစကားကို ရိုးသားစွာပြောမှန်း ရဝေ့မျက်လုံးတွေကို ကြည့်ခြင်းဖြင့် သိလိုက်ရပါသည်။

"ရှင်သာ ချစ်သူရှိမယ်ဆိုရင် ရှင့်ချစ်သူက ကံကောင်းမှာပဲ၊ ရှင်က တစ်ဖက်လူကို နားဝင်အောင် ရှင်းပြတတ်တော့ ရှင့်တို့အိမ်ထောင် ရေး သာယာမှာပဲ"

တုမန္တိုင်းစကားကြောင့် ရဝေက ပြုံးလိုက်ရင်းမှ . . .

"ချစ်သူလည်း ရှိလာမယ်လို့ မထင်ပါဘူးဗျာ၊ သူများ အငှား ယောကျ်ား တစ်ရက်လုပ်ပြီးကတည်းက ကျိန်းကြေသွားလို့ ဘဝကြီး ထင်ပါတယ်၊ ဒါနဲ့ ခင်ဗျားဒီကိုထွက်လာတာ ခင်ဗျားရဲ့ ချစ်သူတဲ့အော



www.burmeseclassic.com

www.burmeseclassic.com



မတားဘူးလား၊ ကျွန်တော့်ကို အငှားယောက်ျားအဖြစ် ခေါ်တာကိုကော ဖုန်းတွေ ဘာတွေနဲ့ဆက်ပြီး မပြောဘူးလား"

ရဝေ့စကားကြောင့် တုမန္တိုင်းက ရဝေ့မျက်နှာကို ကြည့်လိုက်ပြီး-

"ရှင် တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ ကျွန်မမှာသာ ချစ်သူရှိရင် သူက ဒါမျိုးခွင့်ပြုပါ့မလား၊ ကျွန်မရဲ့အနားမှာ ရှိနေမှာပေါ့၊ မရှိလို့ ဦးဇော်သန်းဦးရန်ကြောက်လို့ ရှင့်ကို အငှားယောက်ျား အဖြစ် ဟန်ဆောင်ခိုင်းရတာပေါ့"

"ဩော် . . . နေဦး၊ ခင်ဗျားကို ပေးရဦးမယ်"

ရဝေက ဂျင်းဘောင်းဘီရှေ့ အတွင်းအိတ်ထဲကနေ ခေါက်ထားသော စာအိတ်ကို ဆွဲထုတ်လိုက်သည်။

"ဒီအထဲမှာ ငွေလေးသောင်းရှိတယ်၊ အငှားယောက်ျားအဖြစ် လေးနာရီနဲ့ မိနစ်နှစ်ဆယ် ဟန်ဆောင်လို့ရတာလေ၊ ကျွန်တော် မသုံးပါဘူးဗျာ၊ အငှားယောက်ျားအဖြစ် ဘယ်လောက်ပဲ ဟန်ဆောင်ရတဲ့ ပိုက်ဆံ ခင်ဗျားကို တစ်နေ့ပြန်ပေးမယ်ဆိုပြီး ရည်ရွယ်ထားတာ တမင်တကာ ခင်ဗျားကို စချင်လို့ လုပ်ရတာပါ . . . ပြန်ယူပါ"

ရဝေက တုမန္တိုင်းလက်ထဲသို့ စာအိတ်ကိုပေးလိုက်သည်။

"ငွေလေးသောင်းထက် ရှင်ရဲ့သိတတ်မှုကို တန်ဖိုးပိုထားတယ်၊ အဲ့ဒါ ရှင်မှတ်ထား"

"အင်း . . . ဒီအတိုင်းဆို ဦးဇော်သန်းဦးက ခင်ဗျားယောက်ျား ကို တွေ့ချင်တယ်ဆိုတဲ့အခါတိုင်း ပိုက်ဆံမရတဲ့ အငှားယောက်ျားဖြစ်တော့ မှာပဲဗျာ"

ရဝေက သူ့စကားသူ သဘောကျပြီး ရယ်နေသလို တုမန္တိုင်း လည်း ဘာကိုသဘောကျမှန်းမသိ ရယ်နေမိပါသည်။

သည်လို ကြည်နူးပျော်ရွှင်မှုမျိုးတွေ တုမန္တိုင်းအဖို့ ဘဝမှာ အမြဲ ဘမ်း ကြုံတွေ့ချင်လိုက်တာကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်နှလုံးသား

မင်းကို မငှားတော့ဘူး။

အပိုင်ပဲ ပေးလိုက်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကုမ္ပဏီသွားဖို့ ဖြီးလိမ်းပြင်ဆင်ဝတ်စားပြီးကာမှ တုမန္နိုင်းကို ညှိုသည်လာတယ်လို့ ခေါ်သဖြင့် ညှိခန်းသို့ ထွက်လာသောအခါ တုမန္နိုင်း ဘယ်လိုမှ မထင်ထားဘဲ အံ့အားသင့်သွားပါသည်။ ဘာဖြစ်လို့လည်းဆို တော့ တုမန္နိုင်း၏ဖခင် ဦးဘုန်းနိုင်နှင့် သက်တူရွယ်တူလောက်ရှိပြီး ရုပ်ရည် သန့်သန့် ဦးလေးကြီးတစ်ဦးနှင့်အတူ ရဝေကို တွေ့လိုက်ရလို့ ဖြစ်ပါသည်။

"သမီးဒယ်ဒီ သမီးရှိတဲ့နေရာကို ရောက်လာလို့ အံ့အားသင့်နေ တာလား၊ ဘယ်လိုလဲ . . . ဒယ်ဒီကို စိတ်ဆိုးပြေသွားပြီလား"

ဦးဘုန်းနိုင်က မတွေ့တာကြာပြီဖြစ်သော သမီးဖြစ်သူ တုမန္နိုင်း တို့ ကြည့်ရင်းက ပြောလိုက်ပါသည်။

"နေပါဦး ဒယ်ဒီရဲ့၊ ဒယ်ဒီက သမီးရှိတဲ့နေရာကို ဘယ်လိုသိတာလဲ"

"သိတာပေါ့ သမီးရဲ့၊ သတင်းပေးတွေ ရှိတာကိုး"

"ဘယ်လိုသတင်းပေးတွေရှိတယ် ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ဒယ်ဒီ့သမီးရဲ့"

ဦးဘုန်းနိုင်၏ စကားအဆုံးမှာ ခင်မေလတ်နှင့် မြသင်းမူတို့က



www.burmeseclassic.com

www.burmeseclassic.com



တုမန္တိုင်းအနီးအနားသို့ ရောက်လာပါသည်။

"ဟုတ်တယ် တုမန္တိုင်း။ နင် . . . ငါတို့ဆီကို ရောက်နေတယ်ဆိုတာ နင်မသိအောင် အန်ကယ့်ကို ငါတို့က ဖုန်းဆက်ပြီး အကြောင်းကြားထားတာ၊ ပြီးတော့ နင် ဒီမှာနေစဉ်တစ်လျှောက်လုံး နင်ဘာလုပ်နေတယ်၊ ဘာကိုင်တယ်ဆိုတယ်ဆိုတာကအစ ငါတို့က အန်ကယ့်ကို ဖုန်းနဲ့သတင်းပို့ပေးတယ်၊ ငါနဲ့ မြသက်မူကို နင်ခွင့်လွှတ်ပါ၊ အန်ကယ်က အမြဲတမ်း နင့်သတင်းတွေ သိချင်တယ်ဆိုလို့ပါ"

"ဒါဆို . . နင်တို့နှစ်ယောက်က ငါ့ကို ပိပိရိရိ လိမ်ထားတာပေါ့"

တုမန္တိုင်းက စိတ်ဆိုးသည့်လေသံဖြင့် သူငယ်ချင်းမနှစ်ဦးကို ပြောရင်းမှ ဒေါသသံပါပါဖြင့် ပြောလိုက်သည်။

"သမီးသူငယ်ချင်းတွေကို စိတ်မဆိုးပါနဲ့၊ သူငယ်ချင်းကောင်းဆိုတာ ဒီလိုပဲ ကူညီစောင့်ရှောက်အသိပေးရမှာပေါ့။ ဒါ့အပြင် သမီးက ကုမ္ပဏီကို အငှားယောကျ်ားခေါ်သွားတာ၊ ကလေးအမေအတုလုပ်တာ ဒယ်ဒီအကုန်သိတာပဲ၊ ဒယ့်ဒီသမီးကတော့ ရန်ကုန်ရောက်မှ အတွေ့အကြုံတွေ ရတော့တာပဲ"

ဦးဘုန်းနိုင်က သူပြောသော စကားကို သူသဘောကျပြီး ပြုံးနေပါသည်။

"ဒယ်ဒီ သမီးမေးရဦးမယ်၊ ဒီက ရဝေနဲ့ကကော ဘယ်လိုပတ်သက်နေတာလဲ"

တုမန္တိုင်းစကားကြောင့် ဦးဘုန်းနိုင်က ရဝေနှင့် တုမန္တိုင်းတို့ကြည့်လိုက်ပြီး . . .

"ဒီက အန်ကယ်က မောင်ရဝေရဲ့အဖေ ဒယ်ဒီရဲ့စီးပွားဖက်မိတ်ဆွေ ဦးဘသော်တဲ့၊ မိတ္ထီလာမှာနေတာ၊ သူကလည်း သမီးလို တစ်ဦးတည်းသောသားပဲ၊ သမီးရဲ့သူငယ်ချင်းတွေ ဖုန်းဆက်တဲ့ထဲမှာ မောင်ရဝေရဲ့နာမည် ပြောသံကြားတော့ ဒီနာမည် ကြားဖူးပါတယ်လို့ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကိုဘသော်ကို ဖုန်းဆက်ကြည့်တော့ သူ့သားဖြစ်နေပြီး သမီးရဲ့ အဆောင်ရှေ့က ယောက်ျားလေးဆောင်မှာ နေတာကော၊ သမီးရဲ့အငှား ယောက်ျားအဖြစ်ပါ သိလိုက်ရတယ်၊ ဒီတော့ ကိုဘသော်နဲ့ ဖုန်းဆက် စီစဉ်စရာရှိတာကို စီစဉ်ဖို့ ရန်ကုန်လိုက်ရတာ . . .”

“ဪ . . . ဒယ်ဒီတို့က မိတ်ဆွေရင်းချာတွေကိုး၊ ဒါနဲ့ စီစဉ် စရာရှိတာ စီစဉ်မယ်ဆိုတာက ဘာလဲ . . . ဒယ်ဒီ”

တုမန္တိုင်းက ဘာမှနားမလည် မရှင်းသလို ဖြစ်သွားသဖြင့် ဦးတုန်း နိုင်အား မေးလိုက်တာကို ရဝေက မသိချင်ယောင်ဆောင်နေပါသည်။

“ဘာရမှာလဲ . . . သမီးအခုလုပ်နေတဲ့ အလုပ်မှာ လုပ်စရာ မလိုဘူး၊ သမီးရဲ့ကုမ္ပဏီပိုင်ရှင် ဝမ်းကြောထပုံမျိုးနဲ့ သမီးဒုက္ခရောက်သွား မယ်၊ ဒယ်ဒီ့သမီးကို ဒယ်ဒီ ဒီလိုလက်လွှတ်စပယ်ထားလို့ မရဘူး၊ ဒီတော့ လူငယ်ချင်းရင်းနှီးနေပြီဖြစ်တဲ့ သမီးနဲ့ မောင်ရဝေနဲ့ကို လက်ထပ်ပေးမယ်၊ သမီးမငြင်းနဲ့ သမီးတို့နှစ်ယောက် တကယ့်လင်မယားလိုတောင် ဟန်ဆောင် ကြသေးတာပဲ၊ လက်ထပ်ပြီးမှ မောင်ရဝေ နိုင်ငံခြားသော်မှာ တာဝန် ထမ်းဆောင်ချင် ထမ်းဆောင်၊ ဒီတစ်ခါတော့ ဒယ်ဒီရဲ့ဆန္ဒကို လိုက်လျော ရမယ်”

တုမန္တိုင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေတုန်းမှာ ရဝေ၏ဖခင် ဦးဘသော်က . . .

“ဟုတ်တယ် သမီး၊ အန်ကယ်က ဒီနေ့ သမီးဒယ်ဒီနဲ့ တိုက်တစ် လုံးဘောက်ထော်ဖက်မှာ ဝယ်ဖို့သွားကြည့်မလို့ သမီးနဲ့သား မင်္ဂလာဆောင် အဖြစ် အန်ကယ်က လက်ဖွဲ့မလို့ သမီးနဲ့သား ကလေးတွေ မြေးတွေရတဲ့ အထိ နေပေတော့”

“အို . . . အန်ကယ်ကလည်း ရဝေနဲ့သမီးနဲ့က မောင်နှမတွေလို နေကြတာ”

“ရှက်မနေပါနဲ့ သမီးရယ်၊ တစ်ယောက်နဲ့တစ်ယောက် နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေးတော့ မေတ္တာသက်ဝင်မှာပါ။ အင်းလျားမှာ နှစ်ယောက်သား ရှမ်းခေါက်ဆွဲတွေဘာတွေ စားကြသေးတယ် မဟုတ်လား"

ဦးဘသော် စကားကြောင့် တုမန္တိုင်းက သူငယ်ချင်းမနှစ်ယောက်ကို စိတ်ဆိုးချင်သလို ဖြစ်သွားပါသည်။ သူတို့နှစ်ယောက်ကို သူမကြုံတွေ့တာတွေ ပြောပြသမျှ တစ်လုံးမကျန် ဖုန်းဆက်ပြီး ပြန်ပြောလို့ပါ။

"သမီးကို ပြောရဦးမယ်၊ သမီးမုန်းနေတဲ့ ဒယ်ဒီမိန်းမ မလေးက မှာလိုက်တယ်၊ မန္တလေးကို သမီးလာပါဦးတဲ့၊ သူက သမီးဘာပြောပြော စွဲမယူပါဘူးတဲ့၊ သမီးနဲ့ မောင်ရဝေ မင်္ဂလာဆောင်လက်ထပ်ပွဲအတွက် လက်ဖွဲ့စိန်တစ်ဆင်စာပေးချင်လို့ သမီးတို့နှစ်ယောက်လာခဲ့ပါဦးတဲ့"

"သမီးမငြင်းနဲ့ လူတစ်ယောက်ရဲ့ စေတနာကို အသိအမှတ်ပြုပေးရမယ်၊ သွားလိုက်နော် သမီး . . . တစ်နေ့ကျရင် အန်ကယ်ပြောတာ သမီးသဘောပေါက်လာမှာပါ"

ရဝေ၏ဖခင် ဦးဘသော်ကပါ တိုက်တွန်းစကားဆိုပါသည်။

သို့သော် တုမန္တိုင်း ဘဝင်မကျတာတစ်ခု ရှိပါသေးသည်။ ယခုအချိန်ထိ ရဝေက ဘာဆိုဘာမှ ဝင်မပြောလို့ပါ။

"နေပါဦး ဒယ်ဒီရဲ့၊ ဒယ်ဒီနဲ့ အန်ကယ်တို့ နှစ်ယောက်ကသာ ဒယ်ဒီတို့ဆန္ဒတွေကို ပြောနေတာ၊ ဟိုတစ်ယောက် ရဝေက ဘာမှမပြောဘဲ နေနေတာ မဟုတ်သေးဘူး၊ သမီးရဲ့ ဆန္ဒအမှန်ကိုကော မမေးတော့ဘူးလား"

"ဘာမေးစရာလိုလဲ သမီးရဲ့ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲတဲ့၊ သမီးကကော ငြင်းရဲလို့လား၊ သမီးမငြင်းချင်လို့ ဟိုတစ်ယောက်ကို အပါခေါ်နေတာ ဟုတ်ဘူးလား"

"အို . . . ဒယ်ဒီကလည်း ဘာမှန်းလည်း မသိဘူး"

"သမီး . . . သမီး . . . ဘာလို့အထဲကို ဝင်ပြေးတာလဲ၊ မောင်ရဝေရေ သမီးကတော့ ရှက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



တုမန္တိုင်းတစ်ယောက် ရှက်လို့ အထဲဝင်ပြေးတာကို ဦးဘုန်းနိုင်က ကြည့်ပြီး ရယ်နေသလို ကျန်သူများကလည်း ရယ်နေကြပါသည်။

သူတို့အားလုံးအတွက် မင်္ဂလာရှိသော နေ့ရက်တွေ ရောက်လာတော့မှာလေ။

❑

"ရဝေ . . . ရှင်း လွှာဘဝကြီးကို ဘယ်လိုမြင်လဲ"

အင်းလျှားကန်ရေပြင်သည် ငြိမ်သက်နေသလို စားသောက်ဆိုင်အတွင်းမှာလည်း လူရှင်းနေသည်။

'ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယားကတော့ လူ့ဘဝကြီးဟာ ဇာတ်ခုံစင်မြင့်ကြီးတစ်ခုတဲ့၊ လူတွေက အမျိုးမျိုး ကပြဖြေဖျော်နေကြတာတဲ့၊ ဘာဖြစ်လို့လဲ တုမန္တိုင်းရဲ့"

ရဝေက မှာထားသဖြင့် လာချပေးသော အအေးခွက်ကိုယူပြီး တုမန္တိုင်းရှေ့သို့ ချပေးလိုက်သည်။

BURMESE CLASSIC

"မဟုတ်ပါဘူး ရဝေနဲ့ ကျွန်မနဲ့ ဆုံတွေ့ဖြစ်တည်ကြတာက ရုပ်ရှင်တွေ ဗွီဒီယိုတွေလိုမျိုး ဖြစ်နေလို့ အံ့ဩလို့ပါ"

"လူ့ဘဝဆိုတာ အံ့ဩဖွယ်တွေနဲ့ ဖြစ်တည်နေတာပဲလေ၊ တုမန္တိုင်းနဲ့ ကျွန်တော်နဲ့ ဒီအင်းလျှားကန်ပေါင်ရိုးကြီးသာ မရှိရင် ဆုံနိုင်ပါ့မလား ကဲ . . . ပြော"

တုမန္တိုင်းဘာမှ ပြန်မပြောဘဲ ရဝေနှင့် စတင်တွေ့ဆုံပုံတွေကိုသာ မျက်စိထဲ ပြန်လည်မြင်ယောင်နေမိပါသည်။

"ကျန်သေးတယ် . . . ဦးဇော်သန်းဦးရဲ့ ကုမ္ပဏီမှာသာ ကျွန်မ မလုပ်ခဲ့ရင်ကော ဒီလိုမျိုး ဖြစ်လာပါ့မလား"

"ကျန်သေးတယ် တုမန္တိုင်းနဲ့ ကျွန်တော်နဲ့ ချစ်သူသမီးရည်းစား



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးဘဲနဲ့ လူကြီးတွေစီမံတာကို လက်ခံခဲ့တာ ကျွန်တော်က အငှား ယောက်ျားမဖြစ်ရင်ကော"

ထို့နောက် နှစ်ယောက်သား ဘာမှမပြောဘဲ အအေးကိုသာ သောက်နေကြပါသည်။ ထိုစဉ် . . .

"နှိုင်း . . အမယ်လေးနှိုင်းရယ်၊ ကုမ္ပဏီအလုပ်မဝင်တာ ဘယ် နှစ်ရက်ရှိပြီလဲ၊ ဘာဖြစ်လို့ အလုပ်ကို မလာတာလဲ၊ တော်ပါသေးရဲ့ အစ်ကိုကြီး နှိုင်းဒီမှာ ရှိလိုရှိငြား စိတ်ကထင်လို့ ဝမ်းသာလိုက်တာ"

တုမန္နိုင်းတော်တော် စိတ်ပျက်သွားပါသည်။ ဦးဇော်သန်းဦးက အားရဝမ်းသာပုံစံမျိုးနှင့် အော်ကြီးဟစ်ကျယ်ပြောရင်းက ဆိုင်ထဲဝင်လာ ပါသည်။

"ကျွန်မ အလုပ်ကိုမလာတာ ဘော့စ်ရဲ့အလုပ်မှာ မလုပ်ချင် တော့လို့၊ အလုပ်ထွက်မယ်လို့ ဆုံးဖြတ်ပြီး မလာတော့တာပါ၊ ကျွန်မရဲ့ အမျိုးသားနဲ့ စီးပွားရေးအတူတူ လုပ်မလို့ပါ"

တုမန္နိုင်းစကားကြောင့် ဦးဇော်သန်းဦးက ထိုင်နေသော ရဝေ့ကို ကြည့်လိုက်ပြီး ရယ်လိုက်ရင်းက . . .

"အစ်ကိုကြီးကို မလိမ်ပါနဲ့၊ သူနဲ့နှိုင်းက လင်မယားမဟုတ်ပါဘူး နှိုင်းနဲ့သူရဲ့ မျက်လုံးတွေ အပြုအမူတွေက လင်မယားပုံစံမပြောက်ဘူး"

"ဟုတ်တယ် . . . အရင်တုန်းက ဟုတ်တယ်၊ အခုတော့ မဟုတ် တော့ဘူး၊ သူနဲ့ကျွန်မကို နှစ်ဖက်မိဘတွေက မကြာခင် လက်ထပ်ပေး တော့မှာ၊ ချစ်သူတွေလည်း မကြာခင် ဖြစ်ကြတော့မှာ"

တုမန္နိုင်းက ပြောရင်းမှ ထိုင်နေရာမှထကာ ရဝေအား မသိ မသာ အချက်ပြလိုက်သည်။

"ပိုက်ဆံလာယူပါ"

ရဝေက အအေးဖိုးကျသင့်ငွေအတွက် ငွေငါးရာတန်တစ်ရွက်ကို စားပွဲခုံပေါ် ချလိုက်ပြီး တုမန္နိုင်းလက်ကို ကိုင်လိုက်ရင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ Thank you ဦးဇော်သန်းဦး၊ အခုမှပဲ တကယ့် ချစ်သူတွေ ဖြစ်ကြပြီး၊ အဲဒါ ဦးဇော်သန်းဦးကြောင့်ပဲ၊ သွားပြီ . . . မင်္ဂလာဆောင်ဖိတ်စာပို့လိုက်မယ်"

ရဝေက တုမနှိုင်းလက်ကိုဆွဲပြီး ဆိုင်ထဲက ပြေးထွက်သွားပါ သည်။ ဦးဇော်သန်းဦးခမျာ နေမထိ ထိုင်မသာဖြစ်ရင်းက . . .

"နှိုင်း . . . သူပြောတာ တကယ်လား . . . တကယ်လား . . .၊ အစ်ကိုကြီးကို ပြောပါဦး"

စားသောက်ဆိုင်ထဲကနေ အော်ပြောနေသော ဦးဇော်သန်းဦးကို ဆိုင်ထဲမှာရှိနေသော လူတချို့က ထူးဆန်းသလိုမျိုး ကြည့်နေကြသည်။

ဦးဇော်သန်းဦးကတော့ ခေါင်းငိုက်စိုက်ချရင်း ဆိုင်ထဲကနေ လေးလံသော ခြေလှမ်းတွေဖြင့် ထွက်လာခဲ့သည်။

ထိုမြင်ကွင်းကို တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး ကွမ်းယာ ဆိုင်ကို အကာအကွယ်ယူပြီး ချောင်းကြည့်နေသော ရဝေနှင့် တုမနှိုင်း တို့နှစ်ဦး တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ပြုံးလိုက်သည်။ အပြုံးက ကမ္ဘာ ပေါ်မှာ အလှဆုံးအပြုံးဟု သူတို့နှစ်ဦးက သတ်မှတ်လိုက်ကြသည်။

တုမနှိုင်းအဖို့ မကြားတော့မည့်အချိန်မှာ ရဝေဆိုသော အငှား ယောက်ျားက တရားဝင်သူမဘဝ၏ ခရီးဖော်ခင်ပွန်းအဖြစ် ဖြစ်လာတော့ မည်ကိုတွေးရင်း ရဝေ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အင်းလျား ကန်ပေါင်ရိုးပေါ်မှာ ရဝေနှင့် နှစ်ဦးသား ပျော်ပျော်ကြီး လျှောက်လှမ်းနေ ပါတော့သည်။

ရဝေ့နှလုံးသားကို တုမနှိုင်းတစ်ယောက် မငှားတော့ဘဲ အပိုင် ဝယ်လိုက်ပြီလေ။

ပန်းမိုးရိုင်း

www.burmeseclassic.com